ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အတိုင်းထက်အလွန်ဝမ်းမြောက်**

ကောင်းမှုပြုသူအား မြင့်မြတ်ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်၏။ ချက်ချင်းလက်ငင်း အကျိုးပေး၍ ပစ္စုပ္ပန်ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစေ၏။ မိမိ၏ပြုသော ကောင်းမှုကံကို သိမြင်ရ၍လည်း အတိုင်းထက် အလွန် ဝမ်းမြောက်ရ၏။

ယမကဝဂ်(ဓမ္မပဒ - ၁၆)

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ 3, Sunday July 2016 (၈၆၁၁)

# ဗိုလ်ချုပ်ပြတိုက်အတွင်း ပြည်သူများ အဆင်ပြေစွာကြည့်ရှုနိုင်ရန် မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်မည်

သတင်း - ခင်ဇာလီ

ဓာတ်ပုံ - စောသိန်းဝင်း

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအတွက် ဆောင်ရွက်နေပြီး ပြတိုက်အတွင်း ပြည်သူများ အဆင်ပြေစွာ ကြည့်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ပြတိုက်ကို ဇူလိုင် ၁၀ ရက်မှ ၁၈ ရက်အထိ ခေတ္တပိတ်ကာ ပြတိုက်မွမ်းမံပြင်ဆင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်(ရန်ကုန်)မှ သိရသည်။

"အာဇာနည်နေ့အတွက် ကျွန်မတို့ ပုံမှန်လုပ်နေကျဖြစ်တဲ့ ပြတိုက်မွမ်းမံပြင်ဆင်တာတွေ၊ ကြွခိုင်ရေးပိုင်းပြုပြင်တာတွေ၊ ပြတိုက်ဝင်းနဲ့ အဝင်လမ်း သန့်ရှင်းရေးလုပ်တာတွေကတော့ အရင်ကလုပ်ဆောင်နေကျအတိုင်း ဆောင်ရွက်နေတယ်။ အရင်နှစ်တွေနဲ့မတူတာက ဗိုလ်ချုပ်အောင်ဆန်း စာအုပ်ဖတ်နေတဲ့ ဆီလီကွန်ပုံတူရုပ်တုကို ပြတိုက်လေသာဆောင်မှာထားမယ်။ ပြီးတော့ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ ကုတ်အရှည်ကို ရုပ်လုံးပေါ်အောင် ပြသထားမယ်။ အရင်လို

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တွေ့ရစဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)သို့ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ တက်ရောက်နိုင်ရေးဆွေးနွေး

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

**ရန်ကုန် ဇူလိုင် ၂**

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K-National Socialist Council of Nagaland )သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)သို့ တက်ရောက်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ၏ ဖိတ်ခေါ်မှုကြောင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) သည် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်ရုံးခွဲတွင် (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီအား လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲအဖွင့်တွင် (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားများ တန်းတူညီမျှရေးနှင့် အားလုံးပါဝင်ရေးမူဝါဒကို လုပ်ငန်းအစည်းအဝေးတွင်ပြောကြားထားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)အား တတ်နိုင်သမျှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**ပင်လယ်ပြင်ခရီးအတွက် မိုးလေဝသခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။



ကြေးမုံ

# လူကုန်ကူးမှုတိုက်ဖျက်ရေး အလေးထားဆောင်ရွက်နေ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူးခံရသူများနှင့် အဓမ္မစေခိုင်းသူများကို ကာကွယ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့် အချိန်အခါမျိုးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ မြန်မာနိုင်ငံအား အဆင့်(၂) စောင့်ကြည့်ရေးစာရင်းမှ အဆင့်(၃)သို့ လျှော့ချခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်မိပါသည်ဟု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ဒီမိုကရေစီအစိုးရသစ်အနေဖြင့် နိုင်ငံ့တာဝန်စတင်ယူသည့် တိုတောင်းသည့်အချိန်ကာလအတွင်းမှာပင် ရွှေ့ပြောင်းလုပ်သားများအရေး၊ လူကုန်ကူးခံရသူများအရေးနှင့် အဓမ္မစေခိုင်းသူများအရေးတို့ကို အလေးထားဆောင်ရွက်ပေးနေသည်။ မကြာသေးမီရက်ပိုင်းအတွင်းကပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံသို့ သွားရောက်ကာ မြန်မာရွှေ့ပြောင်းလုပ်သား များနှင့် ဒုက္ခသည်များအရေးကို ဆောင်ရွက်ပေးခဲ့သေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသည့် ဒုက္ခသည်များ နေရပ်သို့ပြန်လည်ပို့ဆောင်ရေး၊ နေရပ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများ ဖော်ထုတ်ပေးပြီးချိန်တွင်မှ ဒုက္ခသည်များအား ပြန်လည်ပို့ဆောင်ရေး၊ ရွှေ့ပြောင်းမြန်မာလုပ်သားများ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း တန်းတူရည်တူစောင့်ရှောက်မှုရရှိရေး၊ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက်အကျိုးခံစားခွင့်များရရှိရေး စသည့်အခွင့်အရေးများရရှိရေးအတွက် နှစ်နိုင်ငံအစိုးရတို့ အောင်မြင်စွာညှိနှိုင်းဆွေးနွေးပြီး သဘောတူစာချုပ်များပင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ထို့အပြင် ပြည်တွင်း၌လည်း အလုပ်အကိုင် အခွင့်အလမ်းမရှိ၍ ကျေးလက်နှင့် ရပ်ရွာဒေသတို့မှ ပြောင်းရွှေ့ထွက်ခွာသွားသူများ လူကုန်ကူးမခံရရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေးတို့ကို ဖန်တီးဖော်ဆောင်ပေးနေသည်ကိုတွေ့ရပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ အသိပညာပေးရေး၊ မိဘရပ်ထံသို့အရောက် ပြန်လည်ပို့ဆောင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။

ယင်းကဲ့သို့ အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုများစတင်ရရှိနေချိန်တွင် ယခင်နှစ်ကာလများက အခြေအနေပေါ်မူတည်၍ကန့်သတ်ချက်များမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ အနာဂတ်၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရင်းများအနက် လက်ရှိကာလ မြန်မာနိုင်ငံက အလေးထား ဆောင်ရွက်နေသော ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များကိုလည်း မထိခိုက်စေရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိပြီး ကဏ္ဍများစွာ၌ သိသာထင်ရှားသည့် လုပ်ဆောင်ချက်များကိုလည်း မြင်တွေ့နေရပါသည်။ အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် အိုင်အယ်လ်အိုကဲ့သို့ အဖွဲ့အစည်းများနှင့် ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပြီး အဓမ္မစေခိုင်းမှုပြုလုပ်ပါကလည်း ဥပဒေကြောင်းအရ မည်သူ့ကိုမဆို လက်တွေ့တွင် ထိထိရောက်ရောက်အပြစ်ပေးအရေးယူသည်မှာလည်း လက်တွေ့ပင်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာအတွင်း မျောပါခဲ့သော ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံမှ ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ပင်ရင်းနိုင်ငံနှင့် ပူးပေါင်းပြီး ၎င်းတို့၏ ဆန္ဒအတိုင်း ပြန်လည်ပို့ဆောင်ပေးခြင်း၊ လူကုန်ကူးမှုများကို အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းပြီး တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အောင်မြင်မှုများရရှိနေခြင်း စသည်တို့သည် တိုင်းသိပြည်သိအမှန်သိအကြောင်းအချက်များဖြစ်၍ အဆိုပါ အစီရင်ခံစာပါထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး ပြန်လည်ဆန်းစစ်ကြည့်ရန်လိုမည်ဖြစ်သည်။

မည်သို့ပင်ပြောဆိုစေကာမူ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ လူကုန်ကူးမှုအစီရင်ခံစာတွင်ပါရှိသည့် အကြံပြုချက်များကိုလည်း အလေးအနက်ထား စဉ်းစားပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို မိတ်ဖက်နိုင်ငံများနှင့်ဆက်လက်ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်သွားလိမ့်မည်ဟု ယုံကြည်ထားပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(စကားအင်း-တံခွန်တိုင်အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ သန္တိသစ္စာကုမ္ပဏီနှင့် ဆုထူးပန်ကုမ္ပဏီတို့မှ B.O.T စနစ်ဖြင့် အပိုင်းလိုက်ခွဲ၍ မန္တလေး-မတ္တရာ-လက်ပန်လှ-မိုးကုတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် မိုးကုတ်-မိုးမိတ်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မိုးမိတ်မြို့ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်နှင့်တွေ့ဆုံပြီး လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် မိုးမိတ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းနောက် မိုးမိတ်-တွင်းငယ်လမ်းအခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၄/၀ နှင့် ၂၄/၁)ကြား ကင်းချောင်းတံတားကြံ့ခိုင်မှုနှင့် ချောင်းရေတိုက်စားမှုမရှိစေရေးအတွက် ရေလမ်းကြောင်း ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ လက်ပန်လှ-စဉ့်ကူး လမ်းပြုပြင်ထားရှိမှု၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းတို့ကို ဆက်သွယ်ပြီး ဧရာဝတီမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသည့် ဧရာဝတီတံတား(ရတနာသိင်္ခ) ပင်မတံတားကြံ့ခိုင်မှု၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အင်အားပြင်းထန်သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တံတားသံပေါင်များနှင့်အတူ တံတားတိုင်အမှတ် (RP-2) နှင့် (RP-3) ကြံ့ခိုင်မှုတို့အား ကြည့်ရှုစစ်ဆေးပြီး တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားသည်။

ထို့နောက် ရွှေဘို-ကျောက်မြောင်းလမ်းမှတစ်ဆင့် ကျောက်မြောင်း-ရှိန်းမကား-ကောင်းမှုတော် ခရိုင်ချင်းဆက် လမ်းအခြေအနေကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (မန္တလေး-မိတ္ထီလာအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ သော်တာဝင်းကုမ္ပဏီမှ မိတ္ထီလာမြို့ရှောင်လမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြေသြဇာ၊ ပိုးသတ်ဆေးများ အတုအပကင်းစင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းအကောင်အထည်ဖော်ရာတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနဆိုင်ရာလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ပြည့်စုံကောင်းမွန်မှသာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေသြဇာ ပိုးသတ်ဆေးများ အတုအပကင်းစင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေး အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဆွေးနွေးပြောကြားသည်။

အလားတူ ဓာတ်မြေသြဇာ ပိုးသတ်ဆေးဆိုင်ရာ နည်းပညာဗဟုသုတများကို တိုးချဲ့ပညာပေးခြင်းလုပ်ငန်းများနှင့် ဓာတ်မြေသြဇာ၊ ရွက်ဖျန်း မြေသြဇာ၊ ပိုးသတ်ဆေးများအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများကို တင်သွင်း ရောင်းချသူများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြရေးလုပ်ငန်းများကို သက်ဆိုင်သူများ အားလုံးက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး ထွက်ကုန်များအားစားသုံးမှု ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးသည် အဓိကဖြစ်ပြီး ရက်(၁၀၀)စီမံချက်အတွင်း ပညာပေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ တောင်သူများ ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိစေရေး ဦးစားပေးဆောင်ရွက်မှုများ၊ တောင်သူများနှင့် လုပ်ငန်းရှင်များအပိုင်းတွင်လည်း ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ Contract Farming စနစ်ဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက မြေသြဇာပိုးသတ်ဆေးများ အတုအပကင်းစင်ရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲရေးနှင့် မြေသြဇာပိုးသတ်ဆေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ရက်(၁၀၀)စီမံချက်ကာလအတွင်း မြေသြဇာ ပိုးသတ်ဆေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ပြီးစီးမှု၊ ပိုးသတ်ဆေးကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## အမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကမ်းနီကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ၂၀၁၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပုန်းညက်၊ ကံ့ကော်၊ ပိတောက် စသည့် ပျိုးပင် စုစုပေါင်း ၂၇၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်တွင်းရေးရာ

**❋ ပြည်ထောင်စုမှ**

ဆက်လက်၍ နာဂအဖွဲ့ခေါင်းဆောင် ဦးအန်ကန့်က အစိုးရသစ်၏ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုနှင့် (၂၁ ရာစုပင်လုံ) ညီလာခံကိုကြိုဆိုပါကြောင်း၊ NSCN-K သည် ၂၀၁၂ ခုနှစ် ဧပြီလက အစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲထားပြီး မိမိတို့ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို အစိုးရသစ်နှင့် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဘက်မှ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဦးနိုင်ငံလင်း၊ ဦးမိုးဇော်ဦး၊ ဦးခက်ထိန်နန်၊ ဒေါ်ဒွဲဘူနှင့် ဦးလှမောင်ရွှေတို့ တက်ရောက်ခဲ့ကြပြီး NSCN-K မှ ဦးအန်ကန့်(အဖွဲ့ခေါင်းဆောင်)၊ ဦးကျော်ဝမ်းစိန်၊ ဦးစောထင်၊ ဦးလင်မ်ကမ်၊ ဦးလှထွန်း (ငြိမ်းချမ်းရေးအကျိုးဆောင်) တို့ တက်ရောက်ခဲ့ကြသည်။

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-K သည် NCCT-UPWC အစည်းအဝေးများနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိပေ။ NSCN-K သည် ၂၀၁၂ ခုနှစ် ဧပြီ ၉ ရက်တွင် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော်နှင့် ပစ်ခတ်တိုက်ခိုက်မှုများ မရှိတော့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီမှ အတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် NSCN-K မှ အဖွဲ့ခေါင်းဆောင် ဦးအန်ကန့်တို့က သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။



**ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်**

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

**ဦးအန်ကန့်(အဖွဲ့ခေါင်းဆောင် )(နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-K)**

ကျွန်တော်တို့ကို အစိုးရသစ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးချင်တယ်ဆိုလို့ လာရောက်ဆွေးနွေးတာပါ။ အစိုးရသစ်က အခုလို ဆွေးနွေးပေးဖို့ဖိတ်ခေါ်တာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ၂၁ ရာစုပင်လုံညီလာခံမှာလည်း ကျွန်တော်တို့ လေ့လာသူအနေနဲ့ပဲဖြစ်ဖြစ်ပါဝင်ပြီး တက်ရောက်မှာပါ။ နိုင်ငံရေးဆွေးနွေးမှုအပိုင်းမှာတော့ ကျွန်တော်တို့ပါဝင်မှာမဟုတ်ပါဘူး။ ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသအေးချမ်းရေးကို ဆောင်ရွက်သွားမယ်။ ဒေသရဲ့ လိုအပ်ချက်တွေကို အစိုးရသစ်နဲ့ လက်တွဲဆောင်ရွက်သွားပါမယ်။

NCA လက်မှတ်ထိုးမယ်၊ မထိုးဘူးဆိုတာကတော့ ကျွန်တော်တစ်ဦးတစ်ယောက်တည်း ဆုံးဖြတ်လို့မရပါဘူး။ အဖွဲ့ကို ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီက ပြောကြားလာတဲ့ ဆွေးနွေးချက်တွေကို ပြန်တင်ပြရမှာပါ။ အပစ်အခတ်ရပ်စဲရေးလုပ်တယ်ဆိုတာ တစ်ပြည်လုံးငြိမ်းချမ်းဖို့ လုပ်ဆောင်တာဖြစ်တဲ့အတွက် အင်မတန်သင့်မြတ်ပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံအတွင်းမှာ နေတာဆိုတော့ မြန်မာနိုင်ငံအစိုးရနဲ့ ဆွေးနွေးတိုင်ပင်မှသာလျှင် ကျွန်တော်တို့ဒေသက အေးချမ်းမှာဖြစ်တဲ့အတွက် ဆွေးနွေးတိုင်ပင်ပြီး လက်တွဲဖြေရှင်းသွားပါမယ်။

အရင်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကျွန်တော်တို့ပါဝင်ခဲ့ပါတယ်။ အခုတက်လာတဲ့ အစိုးရနဲ့လည်း တိုင်ပင်မယ်။ စာချုပ်ချုပ်တာ၊ လက်မှတ်ထိုးတာကတော့ တစ်ပိုင်းပါ။ ကျွန်တော်တို့ဒေသမှာ အရင်က လမ်း၊ တံတားဆိုတာ ဘာမှမရှိဘူး။ ပညာရေးမရှိဘူး။ ပြီးခဲ့တဲ့ သုံးနှစ်ကာလအတွင်းမှာတော့ ကူးသန်းသွားလာဖို့ လမ်း၊ တံတားတွေ ရှိလာတယ်။ ဒါကြောင့် အစိုးရသစ်နဲ့လည်း လက်တွဲပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ NCA စာချုပ်လက်မှတ်ထိုးခြင်း၊ မထိုးခြင်းကတော့ အဖွဲ့ကိုတင်ပြပြီး အဖွဲ့ကဆုံးဖြတ်ပါလိမ့်မယ်။

**ဦးလှမောင်ရွှေ(အတွင်းရေးမှူး)(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ)**

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-K နဲ့ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပါတယ်။ ကျွန်တော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တက်ရောက်နိုင်ဖို့အတွက် NSCN-K ကို ပြည်တွင်းကို ဖိတ်ခေါ်ပြီးရှင်းပြတာပါ။ တိုင်းရင်းသားတွေဘက်က အရင်အစိုးရလက်ထက်မှာ လက်မှတ်ထိုးထားတာ ၁၅ ဖွဲ့ရှိတယ်။ NSCN-K နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်နိုင်တယ်။ NSCN-K နာဂအဖွဲ့ဟာ သီးခြားရပ်တည်ပြီး ဘယ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့မှလည်း မဟာမိတ်လုပ်ထားတာမရှိဘူး။ တပ်မတော်နဲ့တော့ ယုံကြည်မှု တည်ဆောက်ထားနိုင်တဲ့အတွက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကစပြီး ၁၆ နှစ်အတွင်းမှာ ပဋိပက္ခတစ်ကြိမ်မှ မရှိခဲ့ပါဘူး။

■ ■



နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီတို့ ဆွေးနွေးပွဲပြုလုပ်စဉ်။

# ကရင်ပြည်နယ် လေးကစ်ကော်မြို့သစ်တွင် တန်ဖိုးနည်းအိမ်ရာ ၂၁၃ လုံး တည်ဆောက်ပြီးစီးခဲ့ပြီး နေအိမ် အလုံး ၁၀၀ ထပ်မံတည်ဆောက်လျက်ရှိ


**နေပြည်တော် ဇူလိုင် ၂**

အိမ်ရာများတည်ဆောက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သကဲ့သို့ ဒေသခံပြည်သူများကလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်း၍ စည်ကားသိုက်မြိုက်အောင် နေထိုင်သွားကြရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ သုဓမ္မဝတီမြို့သစ်၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒေသခံပြည်သူများအတွက် တည်ဆောက်ပေးထားသော တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကစ်ကော်မြို့သစ် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများနှင့် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်တို့က မြို့သစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး လေးကစ်ကော်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

လေးကစ်ကော်မြို့သစ်သည် ကရင်ပြည်နယ် မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု ရသေ့ဂူရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ဖလူးဒေသတွင် ယခင်ဖြစ်ပွားခဲ့သောစစ်ပွဲများကြောင့် နေရပ်စွန့်ခွာသွားခဲ့ကြသည့် ဒေသခံတိုင်းရင်းသားများကို ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါမြို့သစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တန်ဖိုးနည်းအိမ်ရာ ၂၁၃ လုံး တည်ဆောက်ပြီးစီးခဲ့ပြီး ကရင်ပြည်နယ်အစိုးရနှင့် နီပွန်ဖောင်ဒေးရှင်းတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် နေအိမ်အလုံး ၁၀၀ တည်ဆောက်ရေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာအသီးသီးအစီအစဉ်ဖြင့် မြဝတီ-မယ်ထော်သလေး-လေးကစ်ကော်-ရသေ့ဂူ ကတ္တရာလမ်းကိုလည်းကောင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၄၅၀၀၀ ဆံ့ ရေလှောင်ကန်ကို လည်းကောင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ 22 KV ဓာတ်အားလိုင်းကို လည်းကောင်း၊ စာသင်ကျောင်းဆောက်လုပ်ရေးလုပ်ငန်းများကို လည်းကောင်း တည်ဆောက်ပြီးစီးခဲ့ပြီး တိုက်နယ်ဆေးရုံရရှိရေးအတွက် လျာထားတင်ပြထားကြောင်းနှင့် အဆိုပါမြို့သစ်တွင် အိမ်ထောင်စု ၄၆၂ စု၊ (လူဦးရေ ၁၇၀၀ ခန့်) အခြေချနေထိုင်လျက်ရှိကြောင်း သိရသည်။



ဆက်လက်၍ ညနေပိုင်းတွင် မြဝတီမြို့နယ်ရှိ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၇)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၃)တွင် တက်ရောက်နေကြသော သင်တန်းသူ ၄၉ ဦး သင်တန်းတက်ရောက်သင်ကြားနေမှုများကို ကြည့်ရှုခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ စားဖိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်တွေ့ဆုံ၍ ကရင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူမှုစီးပွားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘားအံမြို့တွင် ဖွင့်လှစ်ထားသော အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများသို့ သွားရောက်၍ သင်တန်းသားများ သင်ကြားလေ့ကျင့်ပေးနေမှု၊ နေထိုင်စားသောက်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့စားသောက်ဆိုင်တစ်ဆိုင်ကို အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်း



**ဒါကာ ဇူလိုင် ၂**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ စားသောက်ဆိုင်တစ်ဆိုင်တွင် ဓားစာခံများဖမ်းဆီးထားသည့် အကြမ်းဖက်သမား ခြောက်ဦးကို ဘင်္ဂလားဒေ့ရှ်လုံခြုံရေး ရဲအရာရှိများက သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့သည်။

အဆိုပါအကြမ်းဖက်မှုတွင် လူ ၂၀ ခန့်သေဆုံးခဲ့ကြောင်း သတင်းများအရသိရသည်။ ရဲအရာရှိများက နိုင်ငံခြားသား သုံးဦးအပါအဝင် ဓားစာခံ ၁၃ ဦးကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည်။

ဇူလိုင် ၁ ရက်ည ၁၀ နာရီခန့်တွင် လက်နက်ကိုင်ဆောင်ထားသော အကြမ်းဖက်သမားများက စားသောက်ဆိုင်ထဲသို့ ဝင်ရောက်ခဲ့ပြီး ဆိုင်အတွင်းရှိ စားသုံးသူများအား ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။ ရဲအရာရှိများနှင့် အကြမ်းဖက်သမားများအပြန်အလှန်ပစ်ခတ်ရာတွင် ရဲအရာရှိနှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၃၀ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အကြမ်းဖက်သမားတစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ပြန်လည်လွတ်မြောက်လာသော ဓားစာခံ ၁၃ ဦး အနက်တစ်ဦးသည် ဂျပန်လူမျိုးတစ်ဦးဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် မည်သည့်အဖွဲ့အစည်းကဖြစ်သည်ကိုမူ ယခုထိတိုင် စုံစမ်းဆဲဖြစ်သည်။ ယင်းအကြမ်းဖက်သမားများသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ဆက်စပ်မှုရှိကြောင်း အာမက်သတင်းဌာနက ရေးသားထားသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်အာဏာပိုင် များက အကြမ်းဖက်သမားများသည် မည်သည့်အဖွဲ့အစည်းကဖြစ်သည်ကိုမူ အတည်ပြုပြောကြားခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ။**



# ဒမတ်စကတ်မြို့အနီး၌ ဆီးရီးယားစစ်လေယာဉ်တစ်စင်း ပျက်ကျ

**ဒမတ်စကတ် ဇူလိုင် ၂**
ဆီးရီးယားမြို့တော် ဒမတ်စကတ်အနီးတွင် ဇူလိုင် ၁ ရက်က စစ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ယင်းမှာ လေယာဉ်၏ စွမ်းဆောင်နိုင်မှုပျက်ပြားခြင်းကြောင့် ဖြစ်ကြောင်း အစိုးရပိုင် ရုပ်မြင်သံကြား သတင်း၌ ဖော်ပြသည်။

အဆိုပါ စစ်လေယာဉ်သည် ဒမတ်စကတ်မြို့ အရှေ့ဘက်အခြမ်း၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးများ အရေးပေါ် အသက်ကယ်ထိုင်ခုံကို အသုံးပြုကာ လွတ်မြောက်သွားကြောင်းနှင့် လွတ်မြောက်သွားသည့် လေယာဉ်မှူးအား ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒမတ်စကတ်မြို့ အရှေ့ဘက်ခြမ်းဒေသသည် သူပုန်များ၏ ထိန်းချုပ်ထားမှုအောက်တွင် ကြီးမားစွာကျရောက်နေပြီး ဆီးရီးယားအစိုးရ၏ ထုတ်ပြန်ချက်၌ အဆိုပါ လေယာဉ် ပျက်ကျရာနေရာကို တိကျစွာ ဖော်ပြခြင်းမရှိပေ။

ဆီးရီးယားနိုင်ငံတွင် ငါးနှစ်ကြာ ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများအတွင်း ဆီးရီးယား စစ်လေယာဉ်များ ပျက်ကျမှုအချို့ ဖြစ်ပေါ်ခဲ့သည်။

လွန်ခဲ့သည့် လအတွင်းကလည်း ဆီးရီးယား စစ်လေယာဉ်တစ်စင်း နိုင်ငံအလယ်ပိုင်း ဟာမာပြည်နယ်၌ ပျက်ကျခဲ့ရာ ယင်းမှာလည်း လေယာဉ်၏ စွမ်းဆောင်ရည်ပျက်ပြားခြင်းကြောင့်ဖြစ်ကြောင်း တရားဝင်သတင်းများ၌ ဖော်ပြသည်။ **ဆင်ဟွာ။**

# ခရီးသည်တင်ဘတ်စ်ကားများ တိုက်ခိုက်ခံရအပြီး ကင်ညာတွင် လုံခြုံမှုဆိုင်ရာ စစ်ဆင်ရေးပြုလုပ်

**မန်ဒရာ(ကင်ညာ) ဇူလိုင် ၂**
အစ္စလာမ္မစ် အစွန်းရောက်စစ်သွေးကြွများက ဇူလိုင် ၁ ရက်တွင် ကင်ညာနိုင်ငံ မန်ဒရာစီရင်စု၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ပစ်ခတ်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့သည်။ ယင်းစီရင်စုတွင် ကင်ညာအာဏာပိုင်များက ဇူလိုင် ၂ ရက်မှ စတင်ကာ ကြီးမားသော လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးပြုလုပ်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မန်ဒရာသို့ ဦးတည်မောင်းနှင်လာသော ဘတ်စ်ကားနှစ်စီးအား အယ်လ်ဝပ်နှင့် တာဂါဒပ်အကြားတွင် စစ်သွေးကြွများက ပစ်ခတ်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား ငါးဦးတို့ သေဆုံးခဲ့ကြောင်း ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ အုပ်ချုပ်ရေးမှူး မိုဟာမက် ဆာလေက ပြောကြားသည်။

ကင်ညာရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များသည် တည်ငြိမ်မှုကင်းမဲ့နေသည့် အဆိုပါ စီရင်စုအတွင်း မြေပြင်နှင့် ကင်းထောက်လေယာဉ်များကိုပါ အသုံးပြုကာ လုံခြုံရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေကြောင်း ဆာလေက ပြောကြားသည်။

ဘတ်စ်ကားများအား တိုက်ခိုက်ခဲ့သော သေနတ်သမားများသည် ချုံတောများအတွင်း ခိုအောင်းနေနိုင်သည်ဟု ယုံကြည်ရသောကြောင့် ကင်ညာတပ်ဖွဲ့များက ခြေလျင်နှင့် လေကြောင်းကင်းထောက်များကို လုပ်ဆောင်နေကြောင်း ဆာလေက ပြောကြားသည်။

ဘတ်စ်ကားများအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် စစ်သွေးကြွများအား ဖမ်းဆီးရမိရေးအတွက် အယ်လ်ဝပ်ဒေသတွင် လုံခြုံရေးဆိုင်ရာစစ်ဆင်မှုကို လုပ်ဆောင်နေပြီး ဘတ်စ်ကားစီး ခရီးသည်အချို့ကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ၎င်းတို့အထဲမှ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ကုသမှု ခံယူစေခဲ့ကြောင်း ရဲချုပ် ဂျိုးဆက်ဘွန်နက်က ပြောကြားသည်။

**ဆင်ဟွာ။**

# အမေရိကန် ဒရုန်းလေယာဉ်များကြောင့် ခုနစ်နှစ်တာကာလအတွင်း သေဆုံးသူအရေအတွက် ၁၁၆ ဦးရှိ

**ဝါရှင်တန် ဇူလိုင် ၂**
ပါကစ္စတန်၊ ယီမင်နှင့် အခြားသောဒေသများ၌ စစ်သွေးကြွများအား သုတ်သင်ချေမှုန်းရာတွင် အမေရိကန် ဒရုန်းလေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၁၆ ဦးခန့် သေဆုံးခဲ့သည်ဟု အမေရိကန်အစိုးရကဆိုသည်။

နိုင်ငံတကာဝေဖန်ပြစ်တင်မှုများကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အမေရိကန် ဒရုန်းလေယာဉ်များကြောင့် သေဆုံးသွားသော ပြည်သူများ၏ အရေအတွက်ကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အမျိုးသား စုံစမ်းစစ်ဆေးရေး ဒါရိုက်တာ ဂျိမ်းစ်ကလပ်ပါ၏ အစီရင်ခံစာတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန် ကာကွယ်ရေးတပ်ဖွဲ့က မောင်းသူမဲ့ဒရုန်းလေယာဉ်များအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုစစ်ဆင်ရေး အကြိမ်ပေါင်း ၄၇၃ ကြိမ်ဆင်နွှဲခဲ့ကြောင်း ပါရှိသည်။

အမေရိကန်ကာကွယ်ရေးဌာနနှင့် စီအိုင်အေအဖွဲ့တို့သည် လစ်ဗျား၊ ဆိုမာလီယာ၊ ယီမင်နှင့် ပါကစ္စတန်နိုင်ငံများတွင် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းမှုများတွင် ပါဝင်ဆင်နွှဲခဲ့သည်။ ယင်းအစီရင်ခံစာတွင် အာဖဂန်နစ္စတန်၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံများတွင်ဆင်နွှဲခဲ့သော စစ်ဆင်ရေးများ၏ အရေအတွက်ပါဝင်မှု မရှိသေးပေ။

အဆိုပါ ခုနစ်နှစ်တာကာလအတွင်း အကြမ်းဖက်တိုက်ခိုက်ရေးတွင် စစ်သွေးကြွ ၂၅၈၁ ဦးခန့်သေဆုံးခဲ့ကြောင်း အစီရင်ခံစာအရသိရသည်။ ယင်းအရေအတွက်အနက် ၆၄ ဦးမှ ၁၁၆ ဦးသည် စစ်သွေးကြွမဟုတ်သည့် သာမန်အရပ်သားများဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံတစ်နိုင်ငံတည်းမှာပင် မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၄၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**




# ဩစတြေးလျနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြီးနောက် ဆန္ဒမဲများရေတွက်



**ကင်ဘာရာ ဇူလိုင် ၂**
ဩစတြေးလျနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ဆန္ဒမဲများ စတင်ရေတွက်လျက်ရှိကြောင်း သတင်းများအရသိရသည်။

အစိုးရအာဏာရ ညီညွတ်မျှတ၊ အမျိုးသားပါတီနှင့် အတိုက်အခံ အလုပ်သမားပါတီတို့၏ မဲရလဒ်များကို ရုပ်သံလိုင်းများက ခန့်မှန်းတွက်ချက်လျက်ရှိကြသည်။

လက်ရှိပါလီမန်၏ အာဏာသက်တမ်းသည် မေလတွင် ကုန်ဆုံးမည်ဖြစ်ပြီး မဲရလဒ်အနိုင်ရရှိသည့် ပါတီက ပါလီမန်ကို ဦးဆောင်မည်ဖြစ်သည်။ အထက်လွှတ်တော်တွင် လွှတ်တော်အမတ် ၇၆ နေရာနှင့် အောက်လွှတ်တော်တွင် လွှတ်တော်အမတ် ၁၅၀ နေရာတို့အတွက် ပါတီနှစ်ရပ်မှ လွှတ်တော်အမတ်များ အားပြိုင်နေကြသည်။

အာဏာရပါတီဘက်မှ မဲဆွယ်စည်းရုံးစဉ်က နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် အခွန်နှုန်းထားများလျှော့ချခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာရေးအတွက် လုပ်ဆောင်မည်ဟု ကတိပြုခဲ့သည်။

အလုပ်သမားပါတီက လူမှုလုံခြုံရေးစနစ်များ ကောင်းမွန်လာစေရေးနှင့် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု မဲဆွယ်စဉ်က ကတိပြုခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၌ လေ့လာကြည့်ရှုနိုင်မည်

ရန်ကုန် ဇူလိုင် ၂

**လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူဆီလီကွန်ရုပ်တုကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့) မှစတင်ကာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း အမှတ်(၂၅) ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၌ ပြသထားရှိသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။**



"ဗိုလ်ချုပ်နေအိမ်မှာ အမြဲတမ်းထားဖို့ပါ။ အရင်က ဗိုလ်ချုပ်အပန်းဖြေရင်ထိုင်တဲ့ ကုလားထိုင်မှာပဲ ဗိုလ်ချုပ်နဲ့ ပုံစံတူ ရုပ်တုလေးထားရင် ပိုပြီးပြည့်စုံမယ်၊ ပိုပြီးစိတ်ဝင်စားမယ်ဆိုပြီး လူကြီးတွေရဲ့ လမ်းညွှန်ချက်နဲ့ ထုလုပ်တာပါ။ အများပြည်သူလေ့လာနိုင်အောင် အာဇာနည်နေ့က စပြီးပြသထားမှာပါ"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးကပြောသည်။

ပက်လက်ကုလားထိုင်ပေါ်တွင် စာဖတ်နေသည့် လူသားစစ်စစ်အသွင် တည်ကြည်ခန့်ညားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ ဆီလီကွန်ရုပ်တုကို ထုလုပ်နိုင်ရန် အချိန်တစ်လနီးပါးကြာမြင့်ခဲ့ပြီး ဇူလိုင် ၂ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံခဲ့ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကျောင်းဆင်းတစ်ဦး ဆီလီကွန်ပန်းပုပညာရှင် ကိုအောင်ကျော်ထွန်းထံမှ သိရသည်။

"ဗိုလ်ချုပ်နေခဲ့တဲ့ နတ်မောက်နဲ့ ရန်ကုန်နေအိမ်နှစ်လုံးစလုံးမှာ ပက်လက်ကုလားထိုင်လေးတွေရှိပါတယ်။ ဗိုလ်ချုပ်က အနားယူတဲ့အချိန်တွေမှာ စာဖတ်တဲ့ အလေ့အထရှိတဲ့အတွက် အခုရုပ်တုမှာ တစ်မူထူးခြားစွာ ဝတ်ဆင်နေကျ ဝတ်စုံမျိုးမဟုတ်ဘဲ အိမ်နေရင်းစွပ်ကျယ်လေးနဲ့ စာဖတ်နေတဲ့ ပုံစံမျိုးကို ထုထားတာပါ။ ဗိုလ်ချုပ် သူ့အိမ်သူပြန်ပြီး အပန်းဖြေရင်း စာအုပ်ဖတ်နေတယ် ဆိုတဲ့ရသလေးကို ဖော်ပြနိုင်မယ်လို့ထင်ပါတယ်။ ဗိုလ်ချုပ်အိမ်မှာ ဗိုလ်ချုပ် ပြန်ရောက်လာတဲ့အတွက် အလွန်တင့်တယ်ပါတယ်။ ပိုပြီးတော့လည်း ပြည်သူတွေလာကြည့်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဆီလီကွန်ပန်းပု ပညာရှင် ကိုအောင်ကျော်ထွန်း ကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ငွေကျပ် (၁၅)သိန်းအကုန်အကျခံ ထုလုပ်ခဲ့ပြီး ဆီလီကွန်ပန်းပုပညာရှင် ကိုအောင်ကျော်ထွန်းက လက်ခမယူဘဲ စေတနာဖြင့် ထုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်ပြီးခဲ့သည့်နှစ်က ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် မကွေးခရိုင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ထုလုပ်ထားရှိခဲ့ကြောင်း ဆီလီကွန် ပန်းပုပညာရှင် ကိုအောင်ကျော်ထွန်း ထံမှသိရသည်။

"ရွှေတိဂုံဘုရားဖူးရင်း၊ကန်တော်ကြီးဘက်လည်ရင်း၊ တိရစ္ဆာန်ရုံဘက်သွားရင်း ဗိုလ်ချုပ်နေအိမ်မှာ ဗိုလ်ချုပ်ကိုသွားကြည့်မယ်ဆိုတဲ့စိတ်နဲ့ သွားကြည့်ကြမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တု ထုလုပ်ရကျိုးနပ်ပါတယ်"ဟု ကိုအောင်ကျော်ထွန်းက ပြောသည်။

အမှတ် ၂၅၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ယခုနှစ် ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ ဆီလီကွန်ရုပ်တုအပြင် တစ်မူထူးခြားစွာဖြင့် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံများကို အိမ်အဝင်လမ်းတစ်လျှောက် ပုံညွှန်းစာများဖြင့် ပြသထားရန်နှင့် ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် ကုတ်အင်္ကျီကိုလည်း ပြသထားရန် စီစဉ်နေကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်း- သီသီမင်း၊ ဓာတ်ပုံ- အောင်ကျော်ထွန်း**

# စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မော်လမြိုင်မြို့ ဈေးကြိုရပ် ကုန်စည်ဒိုင်ခန်းမ၌ ဇွန် ၂၈ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက စားသုံးသူရေးရာဦးစီးဌာနအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်၊ အသုံးပြုရန် မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များစာရင်း(၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၆ ခုနှစ်ဧပြီလအထိ) စာအုပ် ၁၀၀၀ ကို မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လှူဒါန်းခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ဒုကြီးကြပ်ရေးမှူး ဒေါ်ဖြူဖြူလွင်က အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနှင့် လက်ရှိစားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးနှင့် ထိန်းညှိကွပ်ကဲရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့ပြင် စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ယူရိုငွေ ၃၈၅ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲရောင်းချ



**နေပြည်တော် ဇူလိုင် ၂**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့(ယနေ့)အထိ ယူရိုငွေ ၃၈၅ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲအပေါင်း ၁၀၀၀ ကို ဆက်လက်ရောင်းချရာ ယူရိုငွေ ၅၈ ဒသမ ၆၄ သန်းတန်ဖိုးရှိ ကျောက်စိမ်း အတွဲ ၆၈၀ ကို ရောင်းချပေးခဲ့သည်။

ပြပွဲဒသမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ကျိုက်စကောရဲဘက်စခန်းအား ကြည့်ရှုစစ်ဆေး

**ဒိုက်ဦး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁ ရက် နံနက်က ဒိုက်ဦးမြို့နယ် ကျိုက်စကော ရဲဘက်စခန်းအား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျိုက်စကော ရဲဘက်စခန်း တာဝန်ခံအရာရှိရုံးခန်း၌ စခန်းတာဝန်ခံ ဦးစီးအရာရှိဦးစိုးမြင့်က ပြစ်ဒဏ်ကျခံနေရသူများ၏အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် ပြစ်ဒဏ်ကျခံနေသူများ၏ အဆောင်များနှင့် စားဖိုဆောင်တို့အား လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး ခံစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**



# ရှုပ်ထွေးများပြားနေသော လျှပ်စစ်ဆားဗစ်ကြိုးများ လုံလှုံတပ်ဆင်

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက် သီတာလမ်းတစ်လျှောက်နှင့် ကျောက်ရေတွင်းလမ်းဆုံတို့တွင် လျှပ်စစ်ဓာတ်မီးတိုင်များ၌ နေအိမ်တိုက်ခန်းများမှ သွယ်တန်းချိတ်ဆက်ထားသည့် ရှုပ်ထွေးဆားဗစ်ကြိုးများကို 4 PVC Cabel များဖြင့် အစားထိုးလဲလှယ် တပ်ဆင်ပေးလျက်ရှိကြောင်း ဇူလိုင် ၂ ရက် နံနက်က တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းနှင့် လက်ထောက်မန်နေဂျာ အင်ဂျင်နီယာဦးစိုးမိုး တို့ထံမှသိရသည်။

"သီတာလမ်းတစ်လျှောက်မှာရှိတဲ့ လျှပ်စစ်ဓာတ်မီးတိုင်တွေကနေပြီး ဆားဗစ်ကြိုးသွယ်တန်းထားတဲ့ တိုက်ခန်းတွေကို စံပြအနေနဲ့လူအင်အားနဲ့ နည်းပညာတွေပံ့ပိုးကူညီပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေဖို့ အဓိကရည်ရွယ်တာပါ တိုက်ခန်းတစ်ခန်းစီကို ကြိုးမသွယ်တန်းတော့ဘဲ ကေဘယ်လ်ကြိုးတစ်ချောင်းထဲသွယ်ပြီး တိုက်ခန်းရောက်တော့မှ မာတီဆားဗစ်ဘောက်ထဲကနေပြီး ထုတ်ယူသုံးစွဲစေတဲ့စနစ်ဖြစ်ပါတယ်။ ကုန်ကျစရိတ်ကတော့ ကေဘယ်လ်ကြိုး အတိုအရှည် အလိုက်နဲ့ အခြားဆက်စပ်ပစ္စည်းများဖြစ်တဲ့ မာတီဆားဗစ်ဘောက်၊ ကြွေသီး၊ ဝန်ထမ်းကြိုး စတဲ့ပစ္စည်းတွေနဲ့လိုအပ်တာတွေကို မိဘပြည်သူတွေက အကုန်အကျခံပေးရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာအဖွဲ့ဝင်(၁)ဦးထွန်းထွန်းဆွေက ရှင်းပြသည်။

အဆိုပါလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် ဒါရိုက်တာအဖွဲ့ဝင်(၁)ဦးထွန်းထွန်းဆွေ၊ အရှေ့ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဦးသန်းထွန်းအေးတို့က လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ကူညီပံ့ပိုးပေးခဲ့ကြသည်။

**၁၉၃**



# ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်) ကွပ်ကဲမှုအောက်ရှိ အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပျဉ်းမနား)တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းသူ ဇွန် ၂၇ ရက်က ဘောဂသီရိကားဝင်း မ. ထ. သ(အဝေးပြေး)ရုံးခန်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောရာ ယာဉ်မောင်း ၂၂ ဦး ယာဉ်နောက်လိုက် ၁၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာအမျိုးသမီးများနေ့

**မောင်ခိုင်မာ (အထက်မင်းလှ)**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၅၁ ဒသမ ၄၉သန်း ရှိသည်။ ၎င်းအနက် အမျိုးသားဦးရေမှာ ၂၄ ဒသမ ၈၂သန်းရှိပြီး အမျိုးသမီး ဦးရေမှာ ၂၆ ဒသမ ၆၆သန်း ရှိကြောင်း၊ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃သန်း ပိုများပြီး အမျိုးသမီးဦးရေသည် စုစုပေါင်း လူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကျား၊မ အချိုးမှာ ၉၃ ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အမျိုးသမီးဦးရေ ၁၀၀တွင် အမျိုးသားဦးရေ ၉၃ ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော မြန်မာအမျိုးသမီးအရေအတွက်ကို အရည်အချင်းသို့ ပြောင်းလဲနိုင်သည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည်ဖြစ်သည်။

**သမိုင်းအစဉ်အလာ**

မြန်မာအမျိုးသမီးတို့၏ သမိုင်းကြောင်းကိုလေ့လာကြည့်လျှင် မြန်မာအမျိုးသမီးတို့သည် ကောင်းခြင်းငါးဖြာဖြင့် ယဉ်ကျေးသိမ်မွေ့လှပကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်ကြသည်။ တိုင်းပြည်အတွက်ဆိုလျှင် မောင်တစ်ထမ်း မယ်တစ်ရွက် အပြုံးမပျက်ထမ်းဆောင်နိုင်ကြသည်။ ဘာသာ သာသနာလောက၊ နိုင်ငံရေးလောက၊ ပညာရေးလောက၊ စာပေလောက၊ အနုပညာလောက၊ စီးပွားရေးလောက စသည့် နယ်ပယ်အသီးသီးတွင် ထင်ရှားကျော်ကြားသော မြန်မာအမျိုးသမီးများ ဒုနဲ့ဒေးရှိကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းဦးအစမှာပင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံရေးအစဉ်အလာ နိဒါန်းဖွင့်နိုင်ခဲ့ကြသည်။ ယင်းကာလကပင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံ၏ အထွတ်အထိပ် ဘုရင်မများအဖြစ် လည်းကောင်း၊ ဘုရင်တစ်ပါးကို နန်းတင်ပေးနိုင်သော ရာဇပလ္လင်နောက်ကွယ်မှ ဘုရင်မများအဖြစ်လည်းကောင်း၊ နိုင်ငံအုပ်ချုပ်ရေး၌ ဝင်ရောက်စွက်ဖက်စီမံခန့်ခွဲပိုင်ခွင့်ရှိသော မိဖုရားများအဖြစ်လည်းကောင်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ဥပမာ-တကောင်းတွင် ဘတ္တာနုဝတီ၊ ဒလတွင် သုဝဏ္ဏဒေဝီ၊ တောင်ငူတွင် စောစလာ၊ သရေခေတ္တရာတွင် မာလာစန္ဒီ၊ ဗိဿနိုးတွင် ပန်ထွာမင်းသမီး၊ ဟံသာဝတီတွင် ရှင်စောပုတို့သည် ဘုရင်မများဖြစ်ကြသည်။

ထွန်ချစ်မင်း၏ မိဖုရားသည် ပုပ္ပါးစောရဟန်းမင်းကိုလည်းကောင်း၊ မိဖုရားစောသည် ဒလစားကျော်စွာကိုလည်းကောင်း၊ ဆင်ဖြူမရှင်သည် သီပေါမင်းကိုလည်းကောင်း မျုးကြီးမတ်ရာတို့နှင့်တိုင်ပင်ကာ နန်းတင်ပေးခဲ့ကြသူများဖြစ်သည်။ မိဖုရားအရာအဖြစ် တင်မြှောက်ခံကြရသော အမျိုးသမီးများသည် တိုင်းပြည်၏ အရေးအရာကို တိုင်ပင်ရာတွင် ပါဝင်ခွင့်ရကြသူများဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက် တရားစီရင်ခွင့်ရှိသူ ခုနစ်ဦး (ကလန်၊ သံပျင်၊ တရားသူကြီး၊ အမတ်ကြီး၊ မင်းညီမင်းသား၊ မိဖုရားခေါင်ကြီးနှင့် မင်းဧကရာဇ်)တွင် မိဖုရားခေါင်ကြီး အပြင် ကလန်နှင့် သံပျင်အရာထမ်းဆောင်သော အမျိုးသမီးများပါ တရားစီရင်ခွင့်ရှိကြောင်း မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း ဒုတိယပိုင်း၌ ဖော်ပြထားသည်။

ထိုကဲ့သို့ ကိုယ့်ထီး၊ ကိုယ့်နန်းနှင့်နေခဲ့ကြရစဉ်က အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးတို့သည် ကျူးကျော်သူနယ်ချဲ့ဗြိတိသျှတို့ကို ကိုယ်တိုင်လက်နက်စွဲကိုင်၍ ခုခံတိုက်ခိုက်ခြင်း၊ ခုခံရေးတိုက်ပွဲဝင် မြန်မာမျိုးချစ်များအား အဘက်ဘက်မှ အကူအညီပေးခြင်းဖြင့် ဇာတိသွေး၊ ဇာတိမာန်ကိုပြခဲ့ကြသည်။ ဥပမာ-၁၈၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက် ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းအမျိုးသမီးသုံးဦး ဦးစီးသောမြန်မာစစ်တပ်က နယ်ချဲ့အင်္ဂလိပ်တို့အား ရဲဝံ့စွာ တိုက်ခိုက်ခဲ့ကြောင်းကို "မေဂျာစနော့ဂရပ်" (Major Snodgrass) က မှတ်တမ်းတင်ခဲ့သည်။ ၁၉၂၀ ကျောင်းသားသပိတ်တွင် စိန်မေရီကျောင်းသူများဖြစ်ကြသည့် မစီ၊ မနှင်းမယ်၊ မနုနု၊ မစောချစ်တင်၊ မကြည် စသော ကျောင်းသူငါးဦးသည်လည်းကောင်း၊ ကြည့်မြင်တိုင် ABM ကျောင်းသူများဖြစ်ကြသည့် မလှရွှေ (အမျိုးသားပညာဝန် ဦးဘိုးလတ်၏ ဇနီး)၊ မခင်လေး၊ မအုန်း စသည့် ကျောင်းသူတို့သည်လည်းကောင်း ရဲဝံ့တက်ကြွစွာ ရှေ့တန်းမှပါဝင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။ ၁၉၂၃ ခုနှစ်တွင် သုံးဆယ်မြို့မှ သာယာဝတီသတင်းစာတည်ထောင်သူ ဒေါ်ဖွားရှင်နှင့် အင်ဒီပင်းဒင့်သတင်းစာ အယ်ဒီတာ ဒေါ်စန်းတို့ကလည်း နယ်ချဲ့ကိုကလောင်ဖြင့် တော်လှန်ခဲ့ကြကြောင်း၊ ဒေါ်စန်းသည် သတင်းစာခေါင်းကြီးပိုင်းမှ "မရွှေကျေးဒိုင်ယာရီ"၊ "ဦးကွာစိ အမေးအဖြေအခန်း"၊ "စာတိုက်ခန်း"၊"မာတလိနှင့်ဝိသကြုံ နိုင်ငံရေးဆွေးနွေးခန်း" စသည်တို့ဖြင့် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့နိုင်ငံရေးလောကနှင့် ပတ်သက်၍လည်းကောင်း ပြင်းထန်စွာဝေဖန်ရေးသားခဲ့ကြောင်း လေ့လာသိရှိရသည်။

သုံးဆယ်မြို့ ငဖြူကလေးရွာမှ ဒေါ်စိန်ပွင့်၊ ဒေါ်စော၊ ဒေါ်ငွေခင်၊ ဒေါ်အေးညွန့်တို့ခေါင်းဆောင်သော ကုမ္မာရီအသင်းသူများနှင့် ဝံသာနုအမျိုးသားတို့သည် ကညင်တပင်ကျေးရွာသို့ တရားဟောအသွား၊ လမ်းတွင် အခွန်ကောက်ရန်လာသော မြို့ပိုင်အဖွဲ့နှင့်ဆုံမိသောအခါ ပန်ချာပီစစ်ပုလိပ်များက လှောင်ပြောင်သဖြင့် မြင်းပေါ်မှ စစ်ပုလိပ်အား မိမိစီးထားသည့်ဖိနပ်ဖြင့် ပါးရိုက်လိုက်သည့် ဒေါ်စိန်ပွင့်အပါအဝင် ဒေါ်နော်ဒိုးဒိုးတို့သည် တောင်သူလယ်သမားအရေးတော်ပုံ အမာခံများဖြစ်ကြောင်း၊ သာယာဝတီ ပျဉ်းကတိုးရွာမှ ဒေါ်ဖွားလှသည် အခွန်ကောက်ရန်လာသော ပုလိပ်များက အမျိုးသမီးများအား လှောင်ပြောင်သည်ကို မခံရပ်နိုင်၍ ရာဇဝတ်ဝန်ထောက်၏မြင်းဇက်ကြိုးအားဖမ်းကိုင်ကာ တအားခုန်၍ ဝန်ထောက်၏ပါးကိုရိုက်ခဲ့သည်အထိ သတ္တိပြောင်ကြောင်း၊ ပထမအကြိမ် ဘီလပ်မျက်နှာစုံညီအစည်းအဝေးတက်ခွင့်ရသူ MA ဒေါ်မြစိန်က "အမျိုးသမီးများကို အမျိုးသားများနည်းတူ တန်းတူအဆင့်အတန်းမခွဲခြားရေးအဆို"ကို ၁၉၃၂ ခုနှစ် ဂျီနီဗာကွန်ဖရင့်တွင် အဆိုတင်သွင်းခဲ့ကြောင်း (ထိုကာလကပင် မြန်မာအမျိုးသမီးများ၏ နိုင်ငံရေးအတွေးအခေါ် အယူအဆ အဆင့်မြင့်မားနေကြောင်း တွေ့ရသည်။) သိရသည်။

၉၁ ဌာနအုပ်ချုပ်ရေးခေတ် အမျိုးသမီးအမတ် ဒေါ်မမခင်၊ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ချောက်မြို့ မျက်နှာဖြူအရေးပိုင်အား ပါးရိုက်သူ သခင်မ-မအေး၊ သပိတ်တား အမျိုးသမီးခေါင်းဆောင် သခင်မ ဒေါ်ဆယ်၊ နယ်ချဲ့ကိုဆန့်ကျင် နိုင်ငံရေးလုပ်၍ ပထမဆုံးအကြိမ် ထောင်ကျခံရသော ပြည်မြို့ သစ္စာဝါဒီကုမ္မာရီအသင်း အတွင်းရေးမှူး ဒေါ်သိန်းတင်တို့၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့မှာ လေးစားချီးကျူးဖွယ်ဖြစ်သည်။ သပိတ်တား အမျိုးသမီးများကို ထောင်ချသောအခါ "သခင်မတွေရဲ့ သွေးပြောင်၊ မကွေးထောင်တော့ အပျော့အပျော့"ဟူသည့်ကြွေးကြော်သံများဖြင့် နယ်ချဲ့ကို ဘာမထီဆန့်ကျင်ခဲ့ကြသည်က ကြက်သီးထဖွယ်ဖြစ်သည်။ နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြသော မြန်မာအမျိုးသမီးတို့သည် အရင်းရှင်စနစ်၏ အမြင့်ဆုံးလက္ခဏာဆောင်သော ဖက်ဆစ်စနစ်နှင့် ရင်ဆိုင်ကြရသောအခါ ဖက်ဆစ်တို့၏မျက်မှောက်ဓားအောက်မှာပင် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို မကြောက်မရွံ့ နောက်မတွန့်ဘဲ သက်စွန့်ဆံဖျား ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာအမျိုးသမီးတို့အပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိသောကာလတွင်လည်း တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့များအနေဖြင့်သော်လည်းကောင်း တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်။ ယနေ့ခေတ်အခါတွင် လွှတ်တော်အဆင့်ဆင့် ကိုယ်စားလှယ်များ၊ တပ်မတော်စစ်မှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုအသင်းအဖွဲ့ခေါင်းဆောင်များ၊ နာမည်ကျော် အနုပညာရှင်များ၊ စာရေးဆရာများ၊ အဆိုကျော်များ၊ လှယဉ်ကျေးမယ်များ၊ နိုင်ငံတကာအဆင့် အလှမယ်များအဖြစ် ပေါ်ထွန်းနေပြီဖြစ်သည်။

လူမှုရေးစွမ်းဆောင်မှုနှင့် ပတ်သက်၍ အတုယူဖွယ်ရာ မြန်မာအမျိုးသမီး များစွာရှိသည်။ ၎င်းတို့အထဲမှ တစ်ဦးကို ဂုဏ်ယူတင်ပြလိုသည်။ ၎င်းမှာ မြန်မာ့ဘိုးဘွားရိပ်သာများ၏မိခင် ဒေါ်ဦးဇွန်း ဖြစ်ပါသည်။ ဒေါ်ဦးဇွန်းသည် ၁၉၁၆ ခုနှစ်တွင် မင်းကွန်းခေါင်းလောင်းကြီး၏ အနီးတွင် ပထမဆုံးလူအိုရုံကို တည်ထောင်ခဲ့ပြီး အဘိုးအဘွားများကို ကိုယ်ပိုင်ငွေဖြင့် ကျွေးမွေးပြုစုခဲ့သည်။ (ဒေါ်ဦးဇွန်းသည် ၁၈၆၈ ခုနှစ်တွင် ဖွားမြင်သည်ဖြစ်၍ လူအိုရုံ တည်ထောင်ချိန်တွင် အသက် ၄၀ကျော်သာရှိသည်။) ၁၉၁၈ ခုနှစ်တွင် မင်းကွန်း လူအိုရုံအသင်းဖွဲ့စည်းပြီး ကိုယ်ပိုင်ငွေနှင့် လှူဒါန်းရရှိငွေများစုပေါင်းကာ ဘိုးဘွား ၂၅၀ အထိလက်ခံဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ သထုံမြို့ မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ပေါင်းတည်၌လည်းကောင်း၊ ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကိုလည်းကောင်း၊ ပခုက္ကူ၌လည်းကောင်း လူအိုရုံ (ဘိုးဘွားရိပ်သာများ)ကို တည်ထောင်ခဲ့သည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင် တစ်ဦးဖြစ်သည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့**

အမျိုးသမီးများ၏ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သည့် အင်အားစုတစ်ရပ်ဖွဲ့စည်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းထားကြောင်း၊ မူလက မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee on Women's Affairs- MNCWA) အဖြစ် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဖွဲ့အနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂသဘောတူစာချုပ် -စီဒေါ(Convention on Elimination of all forms of Discrimination Against Women-CEDAW) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee of Women -ACW) အဖွဲ့ဝင်လည်းဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ဦးရေ ၅ ဒသမ ၆သန်းကျော်ရှိကြောင်း၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်တာလုပ်ရှားဆောင်ရွက်ခဲ့မှုများကို နှစ်ပတ်လည်အစည်းအဝေးများကျင်းပကာ ပြန်လည်သုံးသပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပန်းတိုင်နှင့် စိန်ခေါ်မှုများ**

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ စတင်အသက်ဝင်သည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင် (၁၇)ရပ်အနက် ပန်းတိုင် (၅)တွင် "ကျား၊မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး" (Goal 5-Achieve gender equality and empower all women and girls.) ဟူ၍ ချမှတ်ထားရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ၂၀၁၅ ခုနှစ်အတွင်း ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ကာ သင်တန်းသူ ၂၈၇၁၁၈၈ ဦးကို သင်ကြားမှုဝေနိုင်ခဲ့ပြီး အသိပညာပေးဟောပြောပွဲပေါင်း ၈၃၅၇၆ ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ စေတနာညကျောင်းနှင့် စာဖတ်ဝိုင်းများ၊ သက်ကြီးစာသင်စာဖတ်ဝိုင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေထုတ်ချေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း သက်ငယ်အမွေပြုကျင့်မှု ၄၀ရာခိုင်နှုန်း ဖြစ်ပွားသည့်အတွက် ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးခံရမှုမှ ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်းတို့ကို သိရသည်။ သို့သော် ကျား၊မ တန်းတူရေး၊ အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ နိုင်ငံရေး အခင်းအကျင်းများတွင် ပိုမိုပါဝင်ရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေး စသည့် စိန်ခေါ်မှုများနှင့် အခက်အခဲအချို့ကိုလည်း ရင်ဆိုင်ကျော်လွှားရဦးမည် ဖြစ်သည်။

**မြန်မာ့လူ့ဘောင်ရေရှည်တည်တံ့ဖွံ့ဖြိုးရေး**

ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့သည် အမျိုးသားရေး လှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း ဇွဲစိတ်သန်သန် အနစ်နာခံကာ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှု၊ နိုင်ငံတည်ဆောက်မှုများတွင် အကယ်၍ မြန်မာအမျိုးသားတို့သည် အုတ်တစ်ချပ် ဖြစ်သည်ဆိုလျှင် မြန်မာတိုင်းရင်းသား အမျိုးသမီးတို့သည် သဲတစ်ပွင့်သာတည်း။

သို့ဖြစ်၍လည်း မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ဖြစ်သော ယနေ့ခေတ် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ထွန်းပြောင်ခဲ့သည့် အစဉ်အလာကို ဂုဏ်ယူဝင့်ကြွားလက်ဆင့်ကမ်းလျက် မြန်မာ့လူ့ဘောင်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ စုပေါင်းညီညာပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့တွင် ဂုဏ်ပြုတိုက်တွန်းအပ်ပါသည်။ ။

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သာစည် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက သာစည်မြို့ အမှတ် (၁) ရပ်ကွက် လေဘာတီဂေါက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာစည်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပိတောက်၊ တမာ၊ မဲဇလီ၊ စိန်ပန်း၊ ကုက္ကိုနှင့် အော်ရေးရှား စသည့်အပင်ပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အားဒေ့နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# “ဆု” ဆိုသည်မှာ . . .

**ပုညခင်**

ယခုရက်ပိုင်းအတွင်း၌ “ဆု”များအကြောင်းကို ကျွန်မစဉ်းစားနေမိသည်။ ကျွန်မတို့ ငယ်စဉ်ကလေးဘဝက ဆုများကို ခုံမင်တပ်မက်ခဲ့ဖူးကြပါသည်။ “ဆု” ဟူသောမက်လုံးက လူတို့ကို motivation (စေ့ဆော်မှု) တစ်ခုဖြစ်စေသည်။ ကြိုးစားအားထုတ်ချင်စိတ်ဖြစ်ပေါ်လာအောင် စေ့ဆော်ပေးနိုင်သည်။ လူတော်တော်များများ၏ အတွင်းအဇ္ဈတ္တတွင် လက်ခုပ်သံများကို သာယာတပ်မက်သောစိတ်သည် ပုန်းအောင်း၍နေတတ်မြဲ။ ကိုယ့်ကြိုးစားမှုနှင့် ထိုက်သင့်သောချီးမြှောက်မှုကိုတော့ မည်သူမဆို မျှော်လင့်တတ်ကြစမြဲဖြစ်လေသည်။ ထို့ကြောင့်ပင် သူ့အရွယ်နှင့် သူ့အဆင့်အတန်းနှင့်သူ သင့်နိုးရာရာပြိုင်ပွဲလေးများလည်း ပေါ်ပေါက်လာရလေသည်။

ကျွန်မတို့ ငယ်စဉ်ကလေးဘဝ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲလေးများကို ဆင်နွှဲကောင်း ဆင်နွှဲဖူးခဲ့ကြမည်။ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲလေးတွေလည်း နွှဲဖူးကြမည်။ စာပေဝါသနာပါသူများကလည်း နံရံကပ်စာစောင်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲစသည်ဖြင့် ဆင်နွှဲခဲ့ဖူးကြပေမည်။ ကိုယ့်အသက်အရွယ်ကြီးပြင်းလာသည်နှင့်အမျှ ကိုယ့်ဉာဏ်ပညာကြီးမားလာသည်နှင့်အမျှ ကိုယ်ပြိုင်ရသော ပြိုင်ပွဲများ၏ အဆင့်အတန်းများသည်လည်း မြင့်မားလာမည်ဖြစ်သည်။ ထို့ထက်ပို၍ မြင့်မားသည်ကတော့ ဆုရကောင်းစေဟု မမျှော်ကိုးဘဲ ကိုယ်လုပ်လိုက်သော အလုပ်တစ်ခုအတွက် ဂုဏ်ပြုချီးမြှင့်ခံရခြင်းပင်ဖြစ်သည်။ ထိုဆုရပုဂ္ဂိုလ်များသည် ပြိုင်ပွဲဝင်သူများ မဟုတ်ကြချေ။

မကြာသေးခင်က ကျွန်မရေးသားသော “မင်္ဂလာပါဆရာမ”ဟူသော လုံးချင်းဝတ္ထုလေးကို ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစာအုပ်မှာ ကျွန်မငယ်စဉ် တောကျောင်းဆရာမလေးဘဝက စာပေဆုပြိုင်ပွဲအတွက် ရေးခဲ့သောဝတ္ထုလေးဖြစ်ပါသည်။ ထိုဝတ္ထုသည် ဆုမရခဲ့ပါ။ ဆုမရခဲ့သဖြင့်လည်း ကျွန်မစိတ်ဓာတ်မကျခဲ့ဖူးပါ။ ဆုရလျှင်လိုချင်ခဲ့ရိုးအမှန်ပင်ဖြစ်သော်လည်း စာပေ၏တန်ဖိုးသည် ဆုတစ်ခုတည်းတွင် မမှီခိုအပ်ကြောင်းကိုလည်း ကျွန်မနားလည်သဘောပေါက်ခဲ့ပါသည်။ စာပေအနုပညာသာမက အခြားသောပညာရပ်၊ လုပ်ငန်းရပ်များစွာတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ ဆုဟူသည် ဆုရွေးချယ်ရေးအဖွဲ့တစ်ခု၏ အကြိုက်ဖြစ်သလို ထိုဆုအတွက်ချမှတ်ထားသော မူဘောင်၊ စည်းမျဉ်း၊ စံနှုန်း သတ်မှတ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ရမည်ဆိုသောအချက်လည်း ပါဝင်နေခဲ့သည်။ ထိုအချက်များနှင့် အံဝင်ခွင်ကျမဖြစ်တိုင်းလည်း ကိုယ့်တွင်အရည်အချင်းမရှိ၊ ကိုယ့်ဖန်တီးမှုသည် ညံ့ဖျင်းနေသည်ဟု သိမ်ငယ်စရာမလိုပေ။ ဆုမရသဖြင့်သာ စိတ်ဓာတ်ကျခဲ့ပါလျှင် စာရေးဆရာမပုညခင်ဆိုတာလည်း ပေါ်ပေါက်လာနိုင်စရာ အကြောင်းမရှိချေ။

ထိုဆုမရသောစာမူကို ပြန်လည်ထုတ်ဝေသောအခါ ပရိသတ်များ၏ နှစ်ခြိုက်အားပေးမှုကို ကျွန်မရရှိခဲ့ပါသည်။ ထိုအားပေးမှုသည် ကျွန်မအတွက်တော့ ဆုထက်ပို၍တန်ဖိုးကြီးလေသည်။ ယခုအခါမှာတော့ ကျွန်မသည် ဆုရရကောင်းစေဟူသော ရည်ရွယ်ချက်နှင့် စာရေးသူမဟုတ်တော့ချေ။ ကျွန်မသမိုင်းကြောင်းကောင်းဖို့ ကျွန်မစာရေးသည်။ စာဖတ်ပရိသတ်များမှာ အကျိုးတစ်စုံတစ်ရာရဖို့ စာရေးသည်။ ကျွန်မ ရေးချင်လို့ကို စာရေးသည်။ ကျွန်မပရိသတ်၏ အားပေးမှုများစွာနှင့်ပင် လုံလောက်ခဲ့သည်။ သို့သော် ကိုယ့်ကြိုးစားမှုကို အသိအမှတ်ပြုပြီး ထိုက်တန်စွာချီးမြှောက်ခံရလျှင်လည်း ကျေနပ်မိမည် ဖြစ်ပါသည်။

ကျွန်မတို့နိုင်ငံတွင် ရုပ်ရှင်လောက၌ နှစ်စဉ်ချီးမြှင့်လေ့ရှိသော အကယ်ဒမီပွဲရှိသလို စာပေလောက၌လည်း နှစ်စဉ်ချီးမြှင့်လေ့ရှိသော အမျိုးသားစာပေဆု ရှိပါသည်။ ထိုဆုများမှာ နိုင်ငံတော်အဆင့်ချီးမြှင့်ကြသော ဆုများဖြစ်ကြသည်။ တစ်နှစ်အတွင်း ရုံတင်ရုပ်ရှင်ကားများတွင် ကျွန်မ၏ဝတ္ထုများကို ပြန်လည်ရိုက်ကူးသော ရုပ်ရှင်ကားများပါဝင်လေ့ရှိရာ နှစ်စဉ်လိုပင် အကယ်ဒမီပွဲအတွက် ဖိတ်ကြားခြင်းခံရမြဲဖြစ်ပါသည်။ သို့သော် အမျိုးသားစာပေဆုချီးမြှင့်ပွဲကိုတော့ ဖိတ်ကြားခြင်းမခံခဲ့ရဖူးချေ။ မဖိတ်ခံရတော့ ဘာဖြစ်သနည်း။ ဘာမှမဖြစ်ပါ။ သို့သော် စာပေလောကနှင့်ပတ်သက်သော အချို့သောကိစ္စရပ်များသည် စာပေကိုတကယ်ချစ်မြတ်နိုးပြီး စာပေကို တစိုက်မတ်မတ်ရေးသားနေသူများ၏ လက်ထဲတွင်ရှိသလော။ အခြားမည်သူမည်ဝါများ၏ လက်ထဲတွင်ရှိသလောဟု အတွေးနက်စရာ ဖြစ်ခဲ့ရလေသည်။

ကျွန်မတို့နိုင်ငံ၏ အထင်ကရအမျိုးသားစာပေဆုသည် တစ်နှစ်အတွင်း ထွက်ရှိသမျှစာအုပ်များထဲမှ ရွေးချယ်ဆုပေးရသော စာပေဆုဖြစ်ပါသည်။ ရှေးယခင်က ထွက်သမျှစာအုပ်ကို စာပေစိစစ်ရေးသို့ တင်ရလေ့ရှိရာ စာပေဆုရွေးချယ်ရေးအတွက် စာအုပ်ကို စာပေစိစစ်ရေးမှတစ်ဆင့် ရရှိသည်ဟုဆိုပါသည်။ ယခုတော့ အမျိုးသားစာပေဆုအတွက် ရွေးချယ်ခံလိုသော စာအုပ်များကို စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ထုတ်ဝေသူကဖြစ်စေ တင်ပြရမည်ဖြစ်လေသည်။ အဘယ်မျှနာမည်ကြီးသော စာရေးဆရာပင်ဖြစ်စေ၊ အဘယ်မျှရောင်းကောင်းသော စာအုပ်ဖြစ်စေ၊ အဘယ်မျှထူးခြားအကျိုးပြုသော စာအုပ်ဖြစ်စေ၊ အဘယ်မျှပရိသတ်က အုတ်အော်သောင်းတင်းအားပေး၍ မြန်မာတစ်ပြည်လုံး လျှမ်းလျှမ်းတောက်ကျော်ကြားသည့် စာအုပ်ဖြစ်စေ သတ်မှတ်ထားသော အချိန်အတောအတွင်း မတင်ပြနိုင်ပါက ဆုအတွက် ထည့်သွင်းစဉ်းစားခံရမည် မဟုတ်ချေ။

သို့ဆိုလျှင် ဆုရွေးချယ်ရေးအဖွဲ့၏ မျက်စိများ၊ နားများသည် ကိုယ့်ရှေ့မှောက်သို့ တရားဝင်တင်ပြလာသော စာအုပ်များမှတစ်ပါး မမြင်ရ၊ မကြားရပြီလောဟု စဉ်းစားစရာဖြစ်ရလေသည်။

စာအုပ်တစ်အုပ် ထင်ရှားကျော်ကြားပြီဆိုလျှင် အလွန်ပင် သိသာပါသည်။ စာအုပ်ဆိုင်များ၏အသံ၊ ပရိသတ်များ၏အသံကို အလွယ်လေးကြားနိုင်ပါသည်။ ကျွန်မသည် စာအုပ်ကြိုက်သူဖြစ်ရာ ဘယ်စာအုပ်ထွက်သလဲဆိုတာကို အမြဲနားစွင့် လေ့လာလေ့ရှိသလို ထွက်သည့်စာအုပ်များထဲကမှ ထူးခြားသော၊ ပရိသတ်ကြိုက်သော၊ ကောင်းသည်ဟုနာမည်ထွက်လာသော စာအုပ်များကို ရှာဖွေဝယ်ယူဖတ်ရှုလေ့ရှိပါသည်။ ဆုရွေးချယ်ရေးအဖွဲ့သည်လည်း စာအုပ်ကောင်းသည်ဟု နာမည်ထွက်ပါက စာအုပ်များကိုဝယ်ယူရန် ရန်ပုံငွေမရှိခဲ့လျှင်တောင် စာအုပ်လက်ဆောင်တောင်းယူ၍ဖြစ်စေ ဖတ်ရှုနိုင်သည်ဟု ကျွန်မထင်မိပါသည်။

လွန်ခဲ့သောရက်က သတင်းတစ်ခု ကျွန်မကြားခဲ့ရသည်။ အမျိုးသားစာပေဆုရမည်ဟု တစ်ပြေးနေသော အရောင်းရဆုံးစာအုပ်အဖြစ် စာအုပ်ဆိုင်များတွင် ကာလအတော်ကြာရှိနေခဲ့သော ဘာသာပြန်စာအုပ်တစ်အုပ်သည် ဆုရွေးချယ်ရေးအဖွဲ့သို့ တင်ပြရမည့်ရက်ကို အနည်းငယ်ကျော်လွန်ပြီးမှ တင်ပြမိသဖြင့် ဆုအတွက်ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု ပယ်ချခံလိုက်ရသည်ဟုဆိုသည်။ ထိုစာရေးဆရာကြီးမှာ နှစ်ပေါင်းများစွာ စာပေနယ်တွင် ဂုဏ်သိက္ခာဖြင့် ရပ်တည်လာခဲ့သောစာရေးဆရာဖြစ်သည်။ သူ့ဘာသာပြန်လက်ရာမှာလည်း အလွန်ပင်ကောင်းမွန်သဖြင့် ကျွန်မအပါအဝင် စာပေသမားများ စိတ်မကောင်းဖြစ်ခဲ့ကြပါသည်။ စာရေးဆရာဟူသည် ဆုရရကောင်းစေဟု မျှော်ကိုးရေးသားခြင်းမဟုတ်သည့်တိုင် ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရလျှင်တော့ ကျေနပ်ကြမည်ဖြစ်ပါသည်။ ထိုသတင်းကြောင့် ကျွန်မစိတ်မကောင်းသဖြင့်စုံစမ်းကြည့်ရာ ထိုသို့စာအုပ်လက်ခံခြင်းကိစ္စများကို ဆုရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ခြင်းမဟုတ်ဟု သိရပေသည်။ သို့ဆိုလျှင် မည်သူမည်ဝါများက ဆုံးဖြတ်သတ်မှတ်လေသနည်းဟု အတွေးနက်ရပြန်လေသည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်အဆင့်ဆုများ၏ တန်ဖိုးကြီးမှု၊ မကြီးမှုသည် ထိုဆုနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်ရှိသူများ၏ ဉာဏ်ပညာနှင့်ဆင်ခြင်တုံတရားပေါ်တွင် မူတည်လျက်ရှိပါသည်။ ဆုံးဖြတ်ခွင့်ရှိသူများ၏ ဆင်ခြင်ဉာဏ်ကြီးမားလေ ဆု၏တန်ဖိုးနှင့်ဂုဏ်သိက္ခာလည်း ကြီးမားလေဖြစ်ပေသည်။

အလျဉ်းသင့်၍ပြောလိုသည်မှာ ယနေ့ခေတ်စာပေလောကအကြောင်းပင်ဖြစ်ပါသည်။ စာပေလောကကြီး အရင်လို သာယာစည်ပင်ဖွံ့ဖြိုးလာရန်အတွက် လက်ရှိအခြေအနေကို အမှန်အတိုင်း သိမြင်လက်ခံဖို့၊ သူများကို ထိုးနေသည့်လက်ညှိုးများကို သိမ်းဆည်းကာ ကိုယ့်ကိုယ်ကိုယ် ပြန်ထိုးအဖြေရှာဖို့ လိုအပ်ပါသည်။ စာပေလောကဖွံ့ဖြိုးရန်အတွက် အဓိကတာဝန်အရှိဆုံးသူများမှာ စာပေသမားများကိုယ်တိုင်ပင်ဖြစ်ပါသည်။ ပထမဦးစွာ စာရေးဆရာများသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ စာပေလောကနှင့် သက်ဆိုင်သော အသင်းအဖွဲ့များကလည်း တကယ်ပဲ စာပေလောကကြီး တိုးတက်စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းလား၊ ကိုယ့်အတ္တကိုယ်စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းလား၊ ကိုယ့်အသင်းဝင် အစုအဖွဲ့ လက်တစ်ဆုပ်စာလေး နေရာရဖို့လုပ်နေတာလားဆိုတာကို ပြန်လည်သုံးသပ်ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါလိမ့်မည်။

နိုင်ငံတစ်နိုင်ငံ၏ စာပေလောကကြီး ဖွံ့ဖြိုးနိုင်ဖို့ ဂုဏ်သိက္ခာနှင့် အစဉ်အလာကြီးမားသော စာပေဆုများလည်း လိုအပ်ပါသည်။ စာပေအမျိုးအစားအဖုံဖုံကို ဖန်တီးမည့် စာရေးဆရာများလည်း လိုအပ်ပါသည်။ စာပေလောကသားများကို အမှန်တကယ်အကျိုးပြုမည့် ဂုဏ်သိက္ခာရှိ အသင်းအဖွဲ့များလည်း လိုအပ်ပါသည်။ စာအုပ်ဆိုင်များနှင့် စာကြည့်တိုက်များလည်း လိုအပ်ပါသည်။ နိုင်ငံတော်၏ အားပေးကူညီမှုလည်း လိုအပ်ပါသည်။ စာပေကိုတန်ဖိုးထားဖတ်ရှုရကောင်းမှန်း သိနားလည်သည့် လူများစွာလည်း လိုအပ်လေသည်။

ထိုလိုအပ်ချက်များကို တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်နိုင်ငံချင်း ဖြည့်ဆည်းဆောင်ရွက်ရင်း စာပေဖွံ့ဖြိုးသည့် လူ့ဘောင်လောကကို တည်ဆောက်နိုင်ပါက ထိုလူ့ဘောင်လောကသည်လည်း စာပေဖွံ့ဖြိုးခြင်းနှင့်အတူ အစစအရာရာ ဖွံ့ဖြိုးလာနိုင်ပါလိမ့်မည်။ ။

**အဘယ်မျှနာမည်ကြီးသော စာရေးဆရာပင်ဖြစ်စေ၊ အဘယ်မျှရောင်းကောင်းသော စာအုပ်ဖြစ်စေ၊ အဘယ်မျှထူးခြားအကျိုးပြုသော စာအုပ်ဖြစ်စေ၊ အဘယ်မျှပရိသတ်က အုတ်အော်သောင်းတင်းအားပေး၍ မြန်မာတစ်ပြည်လုံး လျှမ်းလျှမ်းတောက်ကျော်ကြားသည့် စာအုပ်ဖြစ်စေ သတ်မှတ်ထားသော အချိန်အတောအတွင်း မတင်ပြနိုင်ပါက ဆုအတွက် ထည့်သွင်းစဉ်းစားခံရမည် မဟုတ်ချေ။**

**သို့ဆိုလျှင် ဆုရွေးချယ်ရေးအဖွဲ့၏ မျက်စိများ၊ နား များသည် ကိုယ့်ရှေ့မှောက်သို့ တရားဝင်တင်ပြလာသော စာအုပ်များမှတစ်ပါး မမြင်ရ၊ မကြားရပြီလောဟု စဉ်းစားစရာဖြစ်ရလေသည်။**



✱ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကားကို အပြင်မှာမပြသတော့ဘဲ မှန်အိမ်ထဲမှာထည့်ပြီး ကားဂိုဒေါင်လုပ်ပြီး ပြသသွားမယ်။

အသစ်တည်ဆောက်ရေးပိုင်းကတော့ မနှစ်ကဆို အာဇာနည်နေ့မှာ ပြတိုက်ကိုလာတဲ့ ပရိသတ်တွေသောင်းကျော်တယ်။ ဒီတော့ လာကြည့်တဲ့ အများပြည်သူ ကျန်းမာရေးအတွက် ခြောက်ခန်းတွဲအိမ်သာကို တည်ဆောက်နေတဲ့အပြင် ဗိုလ်ချုပ်ပြတိုက်ရေရှည်တည်တံ့စေရေးအတွက် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာလည်း တည်ဆောက်နေပါတယ်။ ပြီးတော့ အာဇာနည်နေ့အတွက် ဗိုလ်ချုပ်ရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲပြသနိုင်ဖို့ သမိုင်းဝင်ရှားပါးဓာတ်ပုံတွေကိုလည်း ဖိတ်ခေါ်ထားပါတယ်"ဟု ဒေါ်နန်းလောင်ဝ်င်း ညွှန်ကြားရေးမှူး အမျိုးသားပြတိုက် (ရန်ကုန်)က ပြတိုက်ပြင်ဆင်ထားမှု အခြေအနေများကို ရှင်းပြသည်။

ထို့ကြောင့် ပြင်ဆင်မှုများ ပြုလုပ်ရန် ဗိုလ်ချုပ်ပြတိုက်ကို ဇူလိုင် ၁၀ ရက်မှ ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပြီးအာဇာနည်နေ့တွင် နံနက် ၈ နာရီမှညနေ ၄ နာရီခွဲအထိ အများပြည်သူများအား အခမဲ့ပြသသွားမည်ဟု သိရသည်။ ၁၉၂၁ ခုနှစ်မှစ၍ တည်ဆောက်ခဲ့ပြီး အနောက်တိုင်းဗိသုကာဟန် ရောနှောတည်ဆောက်ထားသော ၂၀ ရာစု ဥရောပပုံစံရှိသည့် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်သည် ယခုအချိန်တွင် နှစ်ပေါင်း ၉၀ ကျော်ကြာ တည်ရှိခဲ့ပြီဖြစ်သည်။

၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လအထိ ယင်းအိမ်တွင် ဗိုလ်ချုပ်ငှားရမ်းနေထိုင်ခဲ့ပြီး မြန်မာအစိုးရက ၁၉၄၈ ခုနှစ်တွင် မူလပိုင်ရှင်ထံမှ သုံးသောင်းကျပ်ဖြင့် ဝယ်ယူခဲ့သည်။ ပြတိုက်ဖွင့်ရန် ပြင်ဆင်ခဲ့ကာ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်ပြသခဲ့သည်။ ယင်းနောက် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြတိုက်အဆောက်အအုံနှင့် နေအိမ်တစ်ခုလုံးကို ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ၁၉၆၂ ခုနှစ် (၂၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်။

၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် ပြတိုက်ကြံ့ခိုင်ရေးအတွက် အကြီးစားပြုပြင်မွမ်းမံမှုများ ထပ်မံပြုလုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်မှ ယနေ့ထက်တိုင် ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်သည်။ ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျာဝါဟာလာနေရူးပေးခဲ့သည့် ကုတ်အင်္ကျီနှင့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် အနက်ရောင် ဝူစလေကားတို့ကို ပြသထားသည်။ ဗိုလ်ချုပ်မိသားစု ဓာတ်ပုံများ၊ ပန်းချီကားများကို ပြသထားသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များကိုလည်း ခင်းကျင်းပြသထားသည်။

ယင်းပြင် ဗိုလ်ချုပ်၏ မိန့်ခွန်း၊ ဇနီးဒေါ်ခင်ကြည်ထံ ပေးပို့ခဲ့သည့် စာတိုလေးများကို ဖတ်ရှုလေ့လာနိုင်ပြီး ဗိုလ်ချုပ် တိုင်းပြည်ပေါ်ထားရှိသည့် ပြင်းပြသည့် စိတ်ဓာတ်၊ ခြိုးခြံချွေတာစွာ နေတတ်သည့် စရိုက်၊ ရိုးရှင်းစွာနေတတ်သည့် ဘဝပုံစံတို့ကို မြင်တွေ့ခံစားရမည်ဖြစ်သည်။

# (၅၇)ကြိမ်မြောက် IMO ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများကို သင်ကြားလေ့ကျင့်ပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

(၅၇)ကြိမ်မြောက် (International Mathematical Olympia) IMO တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများကို သင်ကြားလေ့ကျင့်ပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်အဝေးသင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးနှင့် အစားအသောက်များကို ဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိကိုယ်ကိုယုံကြည်မှုအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ အဖွဲ့ခေါင်းဆောင်များ၏ မှာကြားချက်များအတိုင်း လိုက်နာကြရန် လိုအပ်ပါကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ခြင်း၊ သင်ကြားလေ့ကျင့်ပေးခြင်း၊ ပြိုင်ပွဲမှရရှိလာသည့် အတွေ့အကြုံနှင့် ရလဒ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများကို ဆက်လက်လေ့ကျင့်သွားရမည်ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ပေးသော အလှူရှင်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သင်္ချာအသင်းအလှူရှင်များ ပူးပေါင်းပြီး ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ပညာရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဇူလိုင်လတွင် Hong Kong ၌ ကျင်းပမည့် (၅၇)ကြိမ်မြောက် IMO ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ပေးသော အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။



ထို့နောက် မြန်မာနိုင်ငံသင်္ချာအသင်းဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် Hong Kong ၌ ကျင်းပမည့် (၅၇)ကြိမ်မြောက် IMO ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများကို သင်ကြားလေ့ကျင့်ပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့ ကမ်းနားလမ်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရုံးချုပ်ရှိ အသက်မွေးမှုအတတ်ပညာကျောင်း (CVT)သို့ ရောက်ရှိရာ အသက်မွေးမှု အတတ်ပညာကျောင်းမှ တာဝန်ခံ ဒေါ်ခင်မြတ်စန္ဒာကသင်တန်းကျောင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး စာသင်ခန်းများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မင်္ဂလာဒုံမြို့နယ်ရှိ တောတိုက်ဓမ္မရိပ်သာဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အင်းစိန်မြို့နယ်ရှိ သာသနဟိတကာရီဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ သွားရောက်ကာ သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပညာရေး)**

# ဝေနုမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျ၊ ကျေးရွာနေအိမ်သုံးလုံး အချိန်မီရွှေ့ပြောင်းနိုင်ခဲ့

**ငါးသိုင်းချောင်း ဇူလိုင် ၂**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေနုမြစ်ရေသည် ဇူလိုင် ၂ ရက်တွင် စိုးရိမ်ရေမှတ်အောက် သုံးပေခန့် ရောက်ရှိနေပြီး မြစ်ရေတိုက်စားမှုကြောင့် သရက်ချောင်းကျေးရွာအုပ်စု သရက်ချောင်းအလယ်စုကျေးရွာရှိ မြစ်ကမ်းပါးမှာ အလျားပေ ၁၀၀ ခန့် ပြိုကျခဲ့ရာ အဆိုပါမြစ်ကမ်းပါးအနီးရှိ လတ်တလော ကမ်းပြိုအန္တရာယ်ရှိသော နေအိမ်သုံးလုံးကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက အချိန်မီဝိုင်းဝန်းရွှေ့ပြောင်းပေးနိုင်ခဲ့သည်။



ဆက်လက်၍ အဆိုပါကျေးရွာသို့ ရေကြည်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်၊ ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရွှေ့ပြောင်းနေအိမ် သုံးလုံးမှ မိသားစုဝင် ကျား၊ မ စုစုပေါင်း ၁၆ ဦး၏ ယာယီရွှေ့ပြောင်းနေထိုင်ရေး၊ ကမ်းပြိုအန္တရာယ်ကို သတိပြုကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဒေသခံကျေးရွာနေပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြစ်ကမ်းပါးအနီးနေထိုင်သော ကျေးရွာအိမ်ခြေများအနေဖြင့်လည်း ကမ်းပြိုအန္တရာယ်ကို အစဉ်သတိပြုနေထိုင်ကြပြီး ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြင့်လည်း ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြရန် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂**

၂၀၁၆ ခုနှစ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍဆွေးနွေးပွဲ (Alternative Education Forum)ကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဇူလိုင် ၆ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများနှင့် မြို့ကြီးများနှင့်နယ်စပ်ဒေသများရှိ ရွှေ့ပြောင်းမိသားစုများ၏ကလေးများ ပညာရေးအခြေအနေ၊ မြန်မာနိုင်ငံရှိ ဆောင်ရွက်လျက်ရှိသော အထူးပညာရေးကျောင်းများနှင့် အရေးပေါ်ပညာရေး ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် တစ်သက်တာပညာရေးဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထုပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ လျာထားခြင်းတို့ကို ညှိနှိုင်းကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများ ပါဝင်တက်ရောက်နိုင်ကြောင်းနှင့် မိမိတို့အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ဓာတ်ပုံ၊ ဗီနိုင်းများဖြင့် ပြသလိုပါက ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ထွေး ဖုန်း-၀၆၇-၄၃၀၁၆၂ ထံသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**(ပညာရေး)**

# ဇေယျာသီရိမြို့နယ်အတွင်း ကျေးရွာများအရောက် မှုခင်းကျဆင်းရေး ဟောပြော

**နေပြည်တော် ဇူလိုင် ၂**

ရာဇဝတ်မှုကြီးများနှင့် ယာဉ်တိုက်မှုအပါအဝင် မှုခင်းကျဆင်းရေးအတွက် ကျေးလက်နေပြည်သူများသို့ အသိပညာပေးဟောပြောပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ စိုက်ပျိုးရေး အသိပညာပေးစင်တာခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ခေတ်အေးအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော တဲကုန်း၊ ရင်ကွဲပင်၊ အင်းသာ၊ စက်ကုန်း၊ ချောင်းဖျား၊ မရင်းကြီး၊ ဝင်ပြန်၊ အင်ပင်ကုန်း ကျေးရွာများမှ ရွာသူ ရွာသားများတက်ရောက်ကြပြီး ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ဒုတိယရဲမှူးတင်ထွေးက မှုခင်းကျဆင်းရေးနှင့် ကြိုတင်အစီအမံများအကြောင်းကို ဟောပြောခဲ့သည်။

**(နေသန်)**

■



## ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့တပ်မတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ တပ်မတော်ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်၍ တပ်မတော်အချင်းချင်းဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုကောင်းမွန်စေရေး တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအငယ်တန်းအမျိုးသားတံခွန်စိုက်ဘော်လီဘောပြိုင်ပွဲဖွင့်

**နေပြည်တော် ဇူလိုင် ၂**

အရှေ့တောင်အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 19th South East Asian Junior Men's Volleyball Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ခ)၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားကော်မတီအတွင်းရေးမှူး ဒေါက်တာအောင်ခင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်း နေရာယူပြီးနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှဘော်လီဘောအဖွဲ့ချုပ်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လာရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အသင်းများအား နွေးထွေးစွာကြိုဆိုပါကြောင်း၊ ပြိုင်ပွဲကို လက်ခံကျင်းပရခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဘော်လီဘောအားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေပြီး လာရောက်ယှဉ်ပြိုင်သောနိုင်ငံများနှင့် မိမိတို့နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်မှုပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံအတွင်းရှိလူငယ်များအနေဖြင့် အားကစားလှုပ်ရှားမှုများကို ပိုမိုစိတ်ဝင်စားလာစေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲကို ပထမဆုံးလက်ခံကျင်းပခြင်းမဟုတ်ဘဲ ၂၀၁၂ ခုနှစ် ရန်ကုန်မြို့၌ (၁၇)ကြိမ်မြောက် လူငယ်ပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် နေပြည်တော်၌ (၁၈)ကြိမ်မြောက် လူငယ်ပြိုင်ပွဲများကို အောင်မြင်စွာ လက်ခံကျင်းပပေးခဲ့ဖူးပါကြောင်း၊ ယနေ့ (၁၉)ကြိမ်မြောက်ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲများ လက်ခံကျင်းပခြင်းဖြင့် မြန်မာဘော်လီဘောအားကစားသမားများ အတွေ့အကြုံကောင်းများရရှိပြီး လက်ရည်တိုးတက်လာမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် မြန်မာလူငယ်(ခ)အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဖိတ်ခေါ်နိုင်ငံအဖြစ် မော်လ်ဒိုက်နှင့် နယူးဇီလန်နိုင်ငံတို့မှ လူငယ်ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ အငယ်တန်းအမျိုးသားတံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်ဇယား

**နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (ခ)**

**၂၀၁၆ ခုနှစ် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ**

**အုပ်စု (က)**
(၁) မြန်မာ (ခ)
(၂) ထိုင်း
(၃) နယူးဇီလန်
(၄) စင်ကာပူ

**အုပ်စု (ခ)**
(၁) မြန်မာ (က)
(၂) အင်ဒိုနီးရှား
(၃) MDV (မော်လ်ဒိုက်)

| နေ့ရက် | အချိန် | ပွဲစဉ်နံပါတ် | အုပ်စု | အမျိုးအစား | အသင်းများ |
|---|---|---|---|---|---|
| ဇူလိုင် ၂ | ၁၂း၃၀ | ၁ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ(ခ) နှင့်စင်ကာပူ |
| | ၁၄း၃၀ | ၂ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | ထိုင်းနှင့် နယူးဇီလန် |
| | ၁၆း၃၀ | ၃ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | အင်ဒိုနီးရှားနှင့် မော်လ်ဒိုက် |
| ဇူလိုင် ၃ | ၁၂း၃၀ | ၄ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ(ခ)နှင့် နယူးဇီလန် |
| | ၁၄း၃၀ | ၅ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | စင်ကာပူနှင့် ထိုင်း |
| | ၁၆း၃၀ | ၆ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | မြန်မာ(က) နှင့် မော်လ်ဒိုက် |
| ဇူလိုင် ၄ | ၁၂း၃၀ | ၇ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | မြန်မာ(ခ)နှင့် ထိုင်း |
| | ၁၄း၃၀ | ၈ | အုပ်စု (က) | အုပ်စုပတ်လည်ပွဲ | နယူးဇီလန်နှင့် စင်ကာပူ |
| | ၁၆း၃၀ | ၉ | အုပ်စု (ခ) | အုပ်စုပတ်လည်ပွဲ | မြန်မာ(က)နှင့် အင်ဒိုနီးရှား |
| ဇူလိုင် ၅ | ၁၂း၀၀ | ၁၀ | အဆင့်(၅)နှင့်(၆) နေရာလုပွဲများ | | အုပ်စု(က)တတိယနှင့် အုပ်စု(ခ)တတိယ |
| | ၁၄း၀၀ | ၁၁ | ပထမအကြိုဗိုလ်လုပွဲ | | အုပ်စု(က)ပထမနှင့် အုပ်စု(ခ) ဒုတိယ |
| | ၁၆း၀၀ | ၁၂ | ဒုတိယအကြိုဗိုလ်လုပွဲ | | အုပ်စု(ခ)ပထမနှင့် အုပ်စု(က)ဒုတိယ |
| ဇူလိုင် ၆ | ၁၂း၀၀ | ၁၃ | တတိယနေရာလုပွဲ | | ပွဲစဉ်နံပါတ်(၁၀)ရှုံးနိမ့်သူနှင့် ပွဲစဉ်နံပါတ် (၁၁) ရှုံးနိမ့်သူ |
| | ၁၄း၀၀ | ၁၄ | ဗိုလ်လုပွဲကြီး | ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနား | ပွဲစဉ်နံပါတ် (၁၀) အနိုင်ရသူနှင့် ပွဲစဉ် နံပါတ်(၁၁) အနိုင်ရသူ |

# ရှမ်းယူနိုက်တက်နှင့် ဧရာဝတီ သရေကျပြီး ရန်ကုန်နှင့် ဇွဲကပင်နိုင်ပွဲရယူ

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ပွဲစဉ်များကို ယနေ့ကျင်းပသည်။

**(တောင်ကြီးကွင်း)**

ရှမ်းယူနိုက်တက် - ဂိုးမရှိ
ဧရာဝတီ - ဂိုးမရှိ

ဒုတိယအကျော့တွင် နိုင်ပွဲမရသေးသည့် ဧရာဝတီအသင်းသည် အဝေးကွင်း၌ သရေတစ်မှတ်ရယူနိုင်ခဲ့သော်လည်း ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ဒုတိယအကျော့အစတွင် သုံးပွဲဆက်အနိုင်ရရှိခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့ရပြီး ယခုပွဲတွင်လည်း အဆုံးသတ်အားနည်းမှုကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်း အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး လက်ရွေးစင်ဟောင်းများဖြစ်သည့် စိုးမင်းဦးနှင့် နေလင်းထွန်းတို့ကို ပွဲစကတည်းက အသုံးပြုခဲ့ပြီး ဧရာဝတီအသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ရှင်ရှမ်းယူနိုက်တက်အသင်းမှာ ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ တိုက်စစ်မှူး ဂူစတာဗို အပိုင်ခေါင်းတိုက်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်ပိုမြှင့်လာသလို ဧရာဝတီအသင်းကလည်း အခွင့်အရေးပြန်လည်ဖန်တီးနိုင်ခဲ့သည်။ သို့သော် နှစ်သင်းစလုံးအခွင့်အရေးများ အသုံးမချနိုင်၍ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ဇွဲကပင်အသင်း အနိုင်ရခဲ့သောကြောင့် ဧရာဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ အဆင့်တစ်ဆင့်စီ ကျဆင်းခဲ့ရသည်။

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက ဇေယျာရွှေမြေအသင်းကို အောင်မိုး၊ စောစီးအိုင်တို့ သွင်းယူသည့် ဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် ရန်ကုန်အသင်းမှာ ချင်းယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ကျော်ကိုကိုက ရန်ကုန်အတွက် ဟက်ထရစ်သွင်းယူခဲ့ပြီး ချင်းအတွက် ချေပဂိုးကို ဆောင်လမန်ကသွင်းယူခဲ့သည်။

**ယနေ့ပွဲ**

(သုဝဏ္ဏကွင်း) Horizon - ဟံသာဝတီ
(အောင်ဆန်းကွင်း) မကွေး - ရခိုင်
(ဗထူးကွင်း) ရတနာပုံ - Southern

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

# တရုတ်နိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန် အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂**

ONE Championship အဖွဲ့အစည်းက ကျင်းပသည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ Hefei မြို့၌ကျင်းပရာ ကချင်တိုင်းရင်းသား MMA ကစားသမား အောင်လအန်ဆန် ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ပွဲရရှိခဲ့သည်။

အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဘူတိုရင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ၅၇ စက္ကန့်တွင် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် အမေရိကန်နိုင်ငံတွင်နေထိုင်ကာ MMA အားကစားနည်းဖြင့် နာမည်ကျော်လာသူဖြစ်ပြီး ယခုနှစ်မတ်လက မိခင်မြန်မာနိုင်ငံ၌ ပထမဆုံးထိုးသတ်သည့်ပွဲတွင် အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို အနိုင်ရရှိခဲ့သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံဖြစ်ရန် ရည်မှန်းချက်ထားကာ ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ယနေ့ကျင်းပသည့်ပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း ၁၀ ပွဲကျင်းပခဲ့သည်။

**(ဖိုးသော်ဇင်)**



# အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ရန်ကုန်အရှေ့ပိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား/အမျိုးသမီး(အလွတ်တန်း)ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းမိုးလုံလေလုံအားကစားရုံ၌ စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသား(အလွတ်တန်း)မှ အုပ်စုလေးအုပ်စုနှင့် အမျိုးသမီး(အလွတ်တန်း)မှ အုပ်စု နှစ်အုပ်စု ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ဆုများကို ဇူလိုင် ၈ ရက် ညနေ ဗိုလ်လုပွဲစဉ်အပြီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ရက်(၁၀၀)စီမံချက်အတွင်း အမြန်လမ်းအရေးပေါ်လူနာတင်ယာဉ်စနစ်လုပ်ငန်းကို Center နှစ်ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးသွားမည်

**မိတ္ထီလာ ဇူလိုင် ၂**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသည် ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးဖြစ်သည်နှင့်အညီ ဝန်ထမ်းအင်အားကန့်သတ်ချက်နှင့်အတူ ဆေးရုံတက်လူနာများအား အဆင်ပြေချောမွေ့စေရန်နှင့် အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ်တွင် Center နှစ်ခုဖြင့် ရက်(၁၀၀)စီမံချက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထွေထွေရောဂါကုဆေးရုံကြီးမှ ဝန်ထမ်းများက တက်ရောက်လာသောလူနာများနှင့် လူနာစောင့်များအား ဆေးရုံသို့ရောက်ရှိစဉ် အဆင်ပြေလိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် ဆေးရုံတည်နေရာပြမြေပုံများ၊ လမ်းညွှန်များစိုက်ထူထားခြင်း၊ Reception Service အနေဖြင့် လူမှုဆက်ဆံရေးမှူးများဦးဆောင်ကာ ကူညီဖေးမခြင်း၊ ဆေးရုံသို့တက်ရောက်စဉ် ဆရာဝန်များ၊ ဆရာများက သက်ဆိုင်ရာလူနာအလိုက် ရောဂါများကာကွယ်ခြင်းများကို ရှင်းလင်းပြောကြားခြင်း၊ လူနာများ၏ ကျန်းမာရေးလုံခြုံမှုကို အပြည့်အဝပေးခြင်း၊ လက်ဆေးခြင်းအလေ့အထကို သင်ကြားပေးခြင်း၊ လူနာစောင့်များ နားနေနိုင်ရန်အတွက် လူနာစောင့်နားနေဆောင်များ ဆောက်လုပ်ပေးထားခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် လူနာများနှင့် လူနာစောင့်များစိတ်လက်ပေါ့ပါးစေရန်အတွက် ပန်းခြံများ စီမံဆောင်ရွက်ထားခြင်း၊ လူနာများ ကျန်းမာရေးအသုံးစရိတ်လျော့နည်းစေရန် ရရှိထားသောဆေးဝါးများကို အခမဲ့ပေးခြင်း၊ မီးဖွားပေးခြင်း၊ အရေးပေါ်ခွဲစိတ်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများ၊ ကလေးသူငယ်များအား အခမဲ့ဆေးကုသပေးခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေရန် အခမဲ့ရရှိနိုင်သော ဆေးဝါးများကို လူနာများမြင်သာအောင် ချိတ်ဆွဲထားခြင်း၊ လူနာများအားရှေးရှု၍ လူနာစောင့်များ ဧည့်ဝင်ချိန်သတ်မှတ်ခြင်းတို့အပြင် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်အောင် ဆောင်ရွက်ထားလျက်ရှိသည်။

ထို့အပြင် အမြန်လမ်းမပေါ်၌ အရေးပေါ်လူနာတင်ယာဉ်စနစ်တွင် မိတ္ထီလာမြို့နှင့် အလည်ရွာတိုက်နယ်ဆေးရုံတို့တွင် Center နှစ်ခုဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး Center တစ်ခုတွင် ဆရာဝန်သုံးဦး၊ ယာဉ်မောင်းသုံးဦးနှင့် ယာဉ်နောက်လိုက်ခြောက်ဦး စုစုပေါင်း ၁၂ ဦးရှိပြီး Center နှစ်ခုအတွက် ဝန်ထမ်း ၂၄ ဦးအား ရွေးချယ်၍ ဆရာဝန်များကို သင်တန်းများပို့ချပေးလျက်ရှိသည်။

၎င်းအပြင် ယဉ်မောင်းများကိုလည်း ယာဉ်အသုံးပြုပုံ၊ ဆက်သွယ်ရေးစက်အသုံးပြုပုံ၊ ယာဉ်ပေါ်ပါ ကိရိယာများ အသုံးပြုပုံများနှင့် အသက်ကယ်နည်းများကို နေပြည်တော်ပင်စင်စားနှင့် နိုင်ငံ့ဝန်ထမ်းဆေးရုံကြီးတွင် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်းနှင့် Centerတစ်ခုတွင် Ambulance တစ်စီးစီဖြင့် ရက်(၁၀၀)စီမံချက်အတွင်း အမြန်လမ်းအရေးပေါ်လူနာတင်ယာဉ်စနစ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်က ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူစီးယာဉ်အုပ်စုများနှင့် လူနှင့်ကုန်ပစ္စည်း နှစ်မျိုးတင်နိုင်သည့် ယာဉ်များမှအပ ကျန်လုပ်ငန်းသုံး ယာဉ်ယန္တရားများကို ဇွန် ၂၃ ရက်မှစတင်ကာ တင်သွင်းခွင့်ပြုခဲ့

**နေပြည်တော် ဇူလိုင် ၂**

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းရန်ကျန်ရှိသည့် ယာဉ်ယန္တရားများကို ပြီးခဲ့သည့် ဇွန် ၁ ရက်မှစတင်ကာ သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ကန်ပိုက်တီးကနေ ယာဉ်ယန္တရားတင်သွင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး နယ်စပ်ဒေသတွေကနေ ယာဉ်ယန္တရားတင်သွင်းတာကို ခွင့်မပြုတော့ဘူးလို့ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၂၁ ရက်မှာ တားမြစ်ခဲ့ပါတယ်။ ဒီအချိန်မှာ တင်သွင်းခွင့်လိုင်စင်ရပြီးတော့ ကျန်နေတဲ့သူတွေက အစိုးရသစ်တက်ပြီး ပြည်သူနဲ့ ထိတွေ့တဲ့အခါ ပြန်ပြီးတင်သွင်းခွင့်ပြုဖို့ စာနဲ့ရော၊ လူနဲ့ရော တင်ပြကြတာရှိပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ မေ ၁ ရက်စပြီး ပြန်လည်တင်သွင်းခွင့်ပြုပါတယ်"ဟု တင်သွင်းခွင့်ပြုသည့်အပေါ် အဆိုပါ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ၎င်းတို့ဝန်ကြီးဌာနတွင် ယနေ့ကျင်းပသည့် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုသို့ ဝန်ကြီးဌာနမှ ခွင့်ပြုခဲ့သည့် ဇွန် ၁ ရက်မှစတင်ကာ ဇူလိုင် ၂၃ ရက်အထိ သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကာ တင်သွင်းခဲ့သည့် ယာဉ်ယန္တရား ၅၇၆၃ စီးရှိကြောင်း သိရသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လူစီးယာဉ်အုပ်စုများနှင့် လူနှင့်ကုန်ပစ္စည်း နှစ်မျိုးတင်နိုင်သည့် ယာဉ်များမှအပ ကျန်လုပ်ငန်းသုံး ယာဉ်ယန္တရားများကို ပြီးခဲ့သည့် ဇွန် ၂၃ ရက်ကစတင်ကာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြည်ပမှ တင်သွင်းခွင့်ပြုထားသည့် လုပ်ငန်းသုံး ယာဉ်ယန္တရားများကို တင်သွင်းသည့် ကုမ္ပဏီများကို တစ်နှစ်လျှင် ၁၀ စီးသာ တင်သွင်းခွင့်ပြုပေးခြင်းကို ယခု ဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မှုအနေဖြင့် လိုင်စင်တစ်စောင်လျှင် လုပ်ငန်းသုံး ယာဉ်ယန္တရား ၁၀ စီးနှုန်းဖြင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ပြင်ဆင်ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး သတင်းစာဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ် လမ်းထောင့်ရှိ ကျောက်ဆည်မဏ္ဍာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)(ခေတ်/မိုး) က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ရဲချုပ်စိုးဝင်း(ငြိမ်း)က မီဒီယာအခန်းကဏ္ဍ အရေးပါပုံကို ပြောကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်က မှဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်က တိုင်းသတင်းစာဆရာအသင်း ဖွဲ့စည်းခဲ့ရပုံအကြောင်းကိုပြောကြားပြီး တိုင်းသတင်းစာဆရာအသင်းအတွင်းရေးမှူး ဒေါ်ဂျူလိုင်မိုးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ဥက္ကဋ္ဌ ဦးယဉ်ကျော်က မဲခေါင်စာပေဆုရရှိသော ဦးတင်အောင်ရွှေအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် တိုင်းသတင်းစာဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးကို အောင်မြင်အောင် အဘက်ဘက်မှ ဆောင်ရွက်ပေးသောဗဟန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိုးသန်းထွန်းအား သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြောင်း သိရသည်။

**(ဌေးကြိုင်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန် ဇူလိုင် ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံပညာကျောင်းများနှင့် ရတနာစောင့်ရှောက်ရေးဂေဟာတို့မှ ကျောင်းသား ကျောင်းသူများနှင့် စက်ရုံအလုပ်သမားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို အထက(၁) မင်္ဂလာဒုံ မြရောခန်းမ၌ ဇူလိုင် ၁ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ မြန်မာအင်နီ အထည်ချုပ်စက်ရုံ အစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် စက်ရုံအလုပ်သမားများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝင်းမင်း)**

# စာတွေကပြောသော ဆုံးမစကားများ

ခင်မောင်အေး(မန္တလေး)




ကျွန်တော့်စာအုပ်စင်ကို ဖုန်သုတ်သည့်အလုပ်ကို မကြာခဏ ကျွန်တော်ပြုလုပ်ပါသည်။ ဘာကြောင့်ဆို စာအုပ်ကိုမြတ်နိုးလို့ပင်ဖြစ်သည်။ စာရေးသူမို့ စာပေချစ်မြတ်နိုးတာမဟုတ်ပါ။ ငယ်စဉ်အခါ စာဖတ်တတ်သောအရွယ်မှစတင်လျက် စာဖတ်သောအလေ့အကျင့်ရရှိခဲ့ခြင်းကြောင့်ဖြစ်၏။ နှစ်သက်သော စာတွေကလည်း ကြီးကျယ်လိုက်တာဟုပြောလျှင်လည်းခံရပါမည်။ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးသုခ စသော ဆရာကြီးများ ရေးသားသည့်စာအုပ်များပင်ဖြစ်သည်။

သည့်အပြင် ဆရာကြီး ပီမိုးနင်း၊ ဆရာကြီးဒဂုန်တာရာနှင့် ဆရာကြီးမဟာဆွေတို့လည်း အနှစ်သက်ဆုံးဖြစ်သည်။ မုဆိုးစာရေးဆရာ လုပ်မည့်သူမို့ ဖြစ်ပါလိမ့်မည်။ ဆရာကြီးဒဂုန်ရွှေမျှား၏ ဝတ္ထုများကိုအကြိုက်ဆုံးဟု ဆိုရပါလိမ့်မည်။ ဆရာကြီးဒဂုန်ရွှေမျှား၏ "ပန်းမြတ်မာလာ"ကို ဘယ်နှကြိမ်ဖတ်ပြီးပြီလဲပင် မပြောနိုင်တော့သည်အထိပါ။ လူဖြူမုဆိုးကြီး အလန်ကွာတာမိန်းက ပွန်ဂိုပြည်နယ်သို့သွားရောက်လျက် သစ်ကပ်ပန်းရှာဖွေသည့် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို အစဉ်သတိရနေမိသည်က အမှန်ပင်။

သည့်နောက်မှ ဆရာကြီး၏ဝတ္ထုတိုပေါင်းချုပ်စာအုပ်တစ်အုပ်ဖြစ်သည့် "လူသစ်ပင်" စာအုပ်မှ ကျားသစ်မေတ္တာဟူသော ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုခဲ့မိပြန်သည်။ ဇာတ်လမ်းအကျဉ်းကား အာရတ်နိုင်ငံ မက်ဆိုပိုတေးမီးယား စစ်မြေပြင်တွင် ပထမကမ္ဘာစစ်အတွင်း အင်္ဂလိပ်စစ်တပ်တွင် ဆူဗေဒါရာထူးဖြင့် အမှုထမ်းခဲ့ဖူးသည့် စစ်ပြန်ကြီးတစ်ဦး၏ ဇာတ်လမ်းဖြစ်ပါသည်။ တပ်စိတ်တစ်စိတ်နှင့် ကင်းလှည့်နေစဉ် ရန်သူတို့ ဖမ်းဆီးခြင်းခံခဲ့ရ၏။ ရန်သူ့လက်မှ စွန့်စွန့်စားစားထွက်ပြေးလွတ်မြောက်လာခဲ့ပြီးနောက် သဲကန္တာရတစ်နေရာတွင် တိတ်တဆိတ်ပုန်းအောင်းနေစဉ်အခိုက် ကျားသစ်မတစ်ကောင်နှင့် မျက်နှာချင်းဆိုင်တိုးမိကာ သံယောဇဉ်ဖြစ်ခဲ့ရလေသည်။

အရိုင်းသက်သက် တိရစ္ဆာန်တစ်ကောင်နှင့် လူသားတို့အကြား မေတ္တာပွားမိကြပြီး တစ်ဦးနှင့်တစ်ဦး အထင်လွဲကာ စစ်ပြန်ကြီးက ကျားသစ်မအား သတ်ဖြတ်မိပြီး တစ်သက်လုံးမမေ့နိုင်အောင် သတိတရ တမ်းတမဆုံးဖြစ်ခဲ့ရပုံ ဖြစ်ရပ်စုံကို ရေးသားထားသည်။ ဆရာကြီး၏ ဝတ္ထုများသည် ဖတ်မိလျှင် လက်မှမချနိုင်အောင် ဆွဲဆောင်မှုရှိလှ၏။ ဘာသာပြန်ပင်ဖြစ်လင့်ကစား ပြန်ဆိုမှုကောင်းမွန်ဆီလျော်ပြီး နှစ်ခြိုက်ဖွယ်ရာ ဆွဲဆောင်နိုင်ပေသည်။ ဆရာကြီး၏

> **ဘာသာပြန်ပင်ဖြစ်လင့်ကစား ပြန်ဆိုမှုကောင်းမွန်ဆီလျော်ပြီး နှစ်ခြိုက်ဖွယ်ရာ ဆွဲဆောင်နိုင်ပေသည်။ ဆရာကြီး၏စာအုပ်များကို ဖတ်ရှုရပြီး စွဲလမ်းလွန်းသောကြောင့် ….။**

စာအုပ်များကို ဖတ်ရှုရပြီး စွဲလမ်းလွန်းသောကြောင့် စာရေးဆရာဖြစ်အောင် ကြိုးစားခဲ့ခြင်းလည်းဖြစ်သည်။

ဆရာကြီး ဒဂုန်ရွှေမျှားကို ပြည်မြို့တွင် ကုန်သည်ဦးချစ်ထွန်းနှင့် ဒေါ်စောတို့မှ ဖွားမြင်သည်။ တစ်ဦးတည်းသော သားဖြစ်၏။ ဖခင်ဘက်မှ သားတစ်ယောက်၊ မိခင်ဘက်မှ သမီးတစ်ယောက်ပါရှိသည်။ ဖခင်ကြီးက ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်များကို လှေဖြင့်တင်ကာ အညာသို့သွားရောက်ရောင်းချသည်။ အညာမှအပြန် ထန်းလျက်၊ မန်ကျည်း၊ ကြက်သွန်၊ ငရုတ်၊ ပဲ၊ နှမ်း စသည့် ကုန်များကို တစ်ဖန်ပြန်လည်သယ်ဆောင်ရောင်းချသည်။ မိခင်က ရက်ကန်းစင်ထောင်ကာ ချည်ထည်၊ ပိုးထည်များကို ရက်လုပ်ပြီး ရွှေတောင်မြို့တွင် ပြန်လည်ရောင်းချသည်။ ငယ်စဉ်က မိဘများက မျက်စိအောက်မှ အပျောက်မခံနိုင်သဖြင့် အိမ်တွင်ပင် မျက်မမြင်ဆရာကြီး ဦးမဲ့ဆိုသူ မြန်မာပညာရှိတစ်ဦးထံတွင် စာပေသင်ကြားစေ၏။

ထို့နောက် အိမ်ထောင်ကျပြီးနောက် ကုန်သည်အဖြစ်လည်းကောင်း၊ သတင်းစာကိုယ်စားလှယ်၊ သတင်းထောက်၊ ရှေ့နေစာမေးပွဲအောင်သဖြင့် ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ရောက်ရှိခဲ့ပြီး သူရိယသတင်းစာတိုက်တွင် လက်ထောက်အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် စာပေဗိမာန်တွင် စာပြုတာဝန်ထမ်းဆောင်သည်။ ထို့နောက် ရုံးပြင်လုပ်ငန်းအရာရှိအဖြစ် ဆောင်ရွက်သည်။ ဆရာကြီးသည် ကွယ်လွန်ချိန်အထိ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန်စသည်ဖြင့် အမြောက်အမြားရေးသားခဲ့သည်။ ဆရာကြီး၏ ဘဝနှင့်အတွေ့အကြုံမှတ်တမ်းစာအုပ်ကြီးကို ပြန်လည်ဖတ်ရှုမိသည့်အချိန်မှာ ဆရာကြီးရေးသားခဲ့သည့် စာတစ်ပိုဒ်ကို မှတ်သားမိပါသည်။ ကျွန်တော်တို့၏ အနှစ်ပြွပြွအကာမဲ့သော ဘဝတွေကို မီးမောင်းထိုးလျက် ပြသနေဘိသည့်အလား။

"The World is Full of Misery"ဆိုသည့် စကားအတိုင်း ကမ္ဘာကြီးတစ်ခုလုံးကား စိတ်မချမ်းမြေ့ဖွယ်ရာ အနိဋ္ဌာရုံတို့ဖြင့် ပြွမ်းလျက်ရှိတော့၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့သည်သာ ကျွနုပ်တို့ အားထားမှီခိုရာဖြစ်တော့၏။

ကျွနုပ်တို့သည် မစင်ပုပ်ကို နှစ်သက်တပ်မက်သည့် ပိုးလောက်ပမာ လောကစည်းစိမ်ကိုခင်တွယ်လျက် ပေါ့ပေါ့တန်တန်နေ၍မဖြစ်။ နောင်တမလွန်ဘဝအတွက် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကုသိုလ်တရားများကို ယခုထက်ပို၍ဆတက်ထမ်းပိုး ကြိုးစားအားထုတ်ရပေဦးမည်။ အချိန်ရှိခိုက် လုံ့လစိုက်ရပေဦးမည်။ သမထနှင့် ဝိပဿနာဘာဝနာတရားများကို တတ်နိုင်သမျှကြိုးစား၍ ကျင့်သုံးဆောက်တည်ပွားများကြရပေဦးမည်။ အချိန်သည် လျင်မြန်စွာ ပြေးနေသည်နှင့်အမျှ ကျွနုပ်တို့သည် ကုသိုလ်တရားများကို ပွားများအားထုတ်ရန် ပက်ကျိ၏ ခြေလှမ်းမျိုးဖြင့် နှေးကွေးစွာ သွားနေ၍မဖြစ်။ ဒိုးပျံကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် အားထုတ်နိုင်မှသာ အချိန်ကိုဖြုန်းတီးရာမရောက်ဘဲ တရားရကာ နောင်တမလွန်အတွက် မှီခိုအားထားရာ ရရှိပေတော့မည်။ ထိုသို့လျှင် ကျွနုပ်သည် နေ့စဉ်နှင့်အမျှ တရားသံဝေဂရမိတော့၏။

# ညောင်ရွှေမြို့ရှိ ဟော်နန်းအား ပြန်လည်ပြုပြင်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ပညာရှင်များလာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂**

ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ညောင်ရွှေနှင့် အင်းလေးဒေသများကို ခရီးစဉ်ဒေသများအဖြစ် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ရာ ယနေ့ကမ္ဘာတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ပုဂံရှိ ဘုရားပုထိုးစေတီများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ စိတ်အဝင်စားဆုံးဖြစ်လာကြပြီး ယခုနောက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေ၊ အင်းလေးဒေသများသို့လည်း ကမ္ဘာလှည့်ခရီးသည်များ မသွားမဖြစ်သွားရောက်လေ့လာလည်ပတ်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဟော်နန်းအား အနုပညာဦးစီးဌာနမှ ဗုဒ္ဓပြတိုက်အဖြစ် ဖွင့်လှစ်ထားလျက်ရှိရာ အဆိုပါဟော်နန်းအား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက် လေ့လာနိုင်ရန်နှင့် ပျက်စီးယိုယွင်းနေသောအပိုင်းများ စနစ်တကျရှေးမူမပျက် ပြန်လည်ပြုပြင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူကာ ပြင်သစ်နိုင်ငံသားပညာရှင် မစ္စတာ ခရစ်စတိုဖာဂရင်း(Mr. Christoper Green) နှင့်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ကနဦး လာရောက်ကြည့်ရှုမှတ်တမ်းတင်လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့အား ရှမ်းပြည်နယ် အင်းသားတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုပြီး ဟော်နန်းနှင့်ပတ်သက်သော အချက်အလက်များကို ရှေးဟောင်းသုတေသနဦးစီးဌာန တာဝန်ခံက ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းအဖွဲ့သည် ညနေပိုင်းတွင် ညောင်ရွှေမြို့ရှိ စော်ဘွားကြီးများ၏ အုတ်ဂူသင်္ချိုင်းအား ကြည့်ရှု၍ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(ကြေးမုံ)**



# မီးဖိုချောင်ထွက် အမှိုက်အိတ်များ ညနေ ၆နာရီခွဲမှ ၇နာရီခွဲအတွင်း မိမိတို့တိုက်များရှေ့တွင် ချထားပေးပါရန် အသိပေးစာများဖြန့်ဝေ

**ရန်ကုန် ဇူလိုင် ၂**

လမ်းမတော်မြို့နယ်အတွင်း ပြည်သူများ အမှိုက်စွန့်ပစ်မှု လွယ်ကူစေရန် မြို့နယ်သန့်ရှင်းရေးတာဝန်ခံရုံးမှ ကြိုးစားဆောင်ရွက်နေသည့် အနေဖြင့် စမ်းသပ်လုပ်ဆောင်ချက်အတွက် အသိပေးစာတစ်စောင်ကို လမ်းမတော်မြို့နယ် (၃)ရပ်ကွက် ကိုင်းတန်းလမ်းအတွင်းနေ ပြည်သူများအား ဇူလိုင် ၁ရက်တွင် ပေးဝေမှုရှိသည်ဟု ယင်းလမ်းအတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

မြို့နယ်အတွင်း ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် ယာဉ်ကြောကျပ်တည်းခြင်း၊ အချိန်မလုံလောက်ခြင်း၊ ခေါင်းလောင်းတီး လှည်း၊ ယာဉ် မမီလိုက်သဖြင့် အချို့ပြည်သူများ အခက်အခဲများ ကြုံတွေ့နေရသဖြင့် ကမ်းနားလမ်းနှင့် အနော်ရထာလမ်းကြား ကိုင်းတန်းလမ်းရှိ ပြည်သူများက မီးဖိုချောင်ထွက် အမှိုက်ထုပ်များအား အိတ်ဖြင့် လုံခြုံစွာ စည်းနှောင်ပြီး နေ့စဉ် ညနေ ၆ နာရီခွဲမှ ၇နာရီခွဲအတွင်း တိုက်များရှေ့တွင် ချထားပေးပါရန်၊ ယင်းအမှိုက် ထုပ်များအား နေ့စဉ်သန့်ရှင်းရေး ဝန်ထမ်းက လှည်း၊ ယာဉ်ဖြင့် ၇နာရီခွဲ၊ ၈နာရီခွဲအတွင်း အပြီးသိမ်းပေးပါမည်။

သတ်မှတ်ချိန် မစွန့်ပစ်လိုက်ရသော ပြည်သူများအနေဖြင့် လမ်းထိပ်ရှိ ပုံးများတွင် စွန့်ပစ်ပေးရန်ဟု အဆိုပါ အသိပေးစာတွင် ပါရှိသည်။

သန့်ရှင်းရေးမြို့နယ်တာဝန်ခံ၏ ဖုန်းနံပါတ်များပါ ပူးတွဲဖော်ပြထားသည့် ယင်းသို့ စမ်းသပ်လုပ်ဆောင်မှုကို ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ်ပြောဆိုမှုများရှိနေသည်။အမှိုက်လှည်း ယာဉ်၊ အမှိုက်ပုံးများသို့ တိုက်ရိုက်စွန့်ပစ်လေ့ရှိရာမှ ညနေပိုင်း တိုက်များရှေ့တွင် အမှိုက်ထုပ်များချထား၊ ပုံထားခြင်းများသည်မြင်ကွင်းအားဖြင့် အကျည်းတန်ပြီး လမ်းသွားလမ်းလာများအတွက် အဆင်မပြေဖြစ်စေနိုင်သည်။ လမ်းသွယ်အများစုတွင် ခွေးလေခွေးလွင့် များပြားနေဆဲဖြစ်ရာ ယင်းတိုက်ရှေ့ရှိ အမှိုက်ထုပ်များ ပြန့်ကျဲမှုများရှိလာနိုင်သည်။ မီးဖိုချောင်ထွက်ပစ္စည်းဖြစ်၍ ခွေးစာ၊ ကြောင်စာများပါရှိနိုင်ရာ အဆိုပါအချိန်ပိုင်းအတွင်း စောင့်ကြည့်ထိန်းသိမ်းနိုင်မှုမရှိနိုင်ပါ။

လမ်းသွယ်တိုင်းရှိ လမ်းထိပ်များတွင် အဖုံးပါရွှေ့လျားဘီးတပ်အမှိုက်ပုံးကြီးများ ချထားသည်။ စားသောက်ဆိုင်များရှိတတ်သော နေရာများတွင် ပုံးကြီးသုံးပုံးဝန်းကျင်ထိ ရှိသည်။ မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များသာ ထည့်ရန်ဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများမှထွက်ရှိသော အမှိုက်များ (အထူးသဖြင့် ဝန်ပွများ)ပါ လွယ်လင့်တကူ စွန့်ပစ်နေ၍ ကားလမ်းမတန်းရှိ ပုံးကြီးများမှာ တစ်ရက်လျှင် နှစ်ကြိမ် သိမ်းဆည်းသော်လည်း ပြည့်နေရုံသာမက အပြင်သို့ပါ လျှံထွက်နေသည်ကို မြင်ရသည်ဟု (၄)ရပ်ကွက်နေ ကိုသန့်စင်က ဆိုသည်။

စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသော အမှိုက်များကို မိမိအစီအစဉ်ဖြင့် မြို့နယ်အမှိုက်သိမ်းယာဉ် စုရပ်များရှိ အမှိုက်ကန်များသို့ စွန့်ပစ်ရန်ရှိသော်လည်း လွယ်လင့်တကူ လမ်းထိပ်များရှိ အများပြည်သူသုံးအမှိုက်ပုံးများနှင့် အမှိုက်လှည်းများတွင် စွန့်ပစ်နေသည်ဟု သန့်ရှင်းရေးလုပ်ငန်းများ ကြီးကြပ်လုပ်ဆောင်နေသူ ကိုဝင်းက ဆိုသည်။

သို့ဖြစ်ရာ ယခုစမ်းသပ်ဆောင်ရွက်မည်ဆိုသော ညနေပိုင်းမိမိတိုက်ရှေ့ အမှိုက်ထုပ်ချထားရန် ဆိုသည်မှာ လုပ်ဆောင်ရန် မသင့်ပါ။ စွန့်ပစ်ချိန် တစ်နာရီ၊ လာရောက်သိမ်းဆည်းသည့် ယာဉ်ကတစ်နာရီ၊ စုစုပေါင်း အမှိုက်ထုပ်များ တိုက်ရှေ့တွင်ရှိမည့်အချိန်မှာ တစ်နာရီဝန်းကျင်ရှိနိုင်သည်။ အမှိုက်လှည်း၊ ယာဉ်များအနေဖြင့် လမ်းအတွင်း ဝင်ရောက်လာချိန် မတိုင်မီ ခေါင်းလောင်းတီး အချက်ပေးမည့် ဝန်ထမ်းသည် ၁၅ မိနစ်ဝန်းကျင် ကြိုအချက်ပေးလျှင် အဆင်ပြေနိုင်သည်ဟု (၅)ရပ်ကွက် (၁၂)လမ်းနေ ကိုပုက အကြံပြုပြောဆိုသည်။

လမ်းများပေါ်တွင် လွယ်လင့်တကူ အမှိုက်ထုပ်များချထားသည့် ဖြစ်စဉ်များ စောင့်ကြည့်ကင်မရာတပ်ထားသော လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသွယ်အချို့၏ ကင်မရာမှတ်တမ်းများတွင် မျက်မြင်သက်သေအဖြစ် မြင်တွေ့ရသည်။ သို့သော် တစ်ပြေးညီ အရေးယူမှုအားနည်း၍ မြင်တွေ့နေရဆဲဖြစ်သည်။ လမ်းသွယ်များတွင် အမှိုက်ထုပ်များ၊ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုများ ရှိနေဆဲမြင်တွေ့ရသည်။

ဇွန်လအတွင်း နံနက် ၅ နာရီဝန်းကျင် အမှိုက်ပုံးများမှ အမှိုက်များကို အလိုအလျောက်အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းရာတွင် (၁၁)လမ်းထိပ်နှင့် ဘုန်းကြီးလမ်းထိပ်ရှိ အမှိုက်ပုံးများ စနစ်တကျ မထားရှိခြင်း၊ ယင်းအနီးဝန်းကျင်တွင် အမှိုက်များ ပြန့်ကျဲလျက်ရှိနေသော်လည်း သိမ်းဆည်းမှုမရှိဘဲ မြင်တွေ့ရသည်ဟု မဟာဗန္ဓုလလမ်းနေ ကိုထွဋ်ကဆိုသည်။

**မောင်စေအောင်**






# စွန့်လွှတ်မြေများအား တောင်သူများသို့ပြန်လည်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ (နေပြည်တော်) သတင်းစာတိုက်နှင့် ပုံနှိပ်တိုက်တို့မှ ပြန်လည်စွန့်လွှတ်မြေများအား တောင်သူများ လက်ဝယ်သို့ ပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် က စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ခြင်းကို ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်နွယ်က လုပ်ငန်းဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြကာ နေပြည်တော်ကော်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြန်လည်စွန့်လွှတ်မြေ ၂၁၁ ဒသမ ၄၆ ဧကအား တောင်သူ ၅၄ ဦး လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၃)များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ဟောလိဝုဒ်ဇာတ်ကား Ready Player One တွင် ပါဝင်သရုပ်ဆောင်မည့် မြန်မာပြည်နွယ်ဖွား ဂျပန်သရုပ်ဆောင် ဝင်းမိုရီဆာကီ

မြန်မာပြည်နွယ်ဖွား ဂျပန်တေးသံရှင်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်သည့် ဝင်းမိုရီဆာကီသည် ဝါရင့်ဟောလိဝုဒ်ဒါရိုက်တာ စတီဗင်စပီးလ်ဘတ် ပုံဖော်ရိုက်ကူးမည့် Ready Player One ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် မိုရီအနေဖြင့် ဆယ်ကျော်သက်လူငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ၎င်းနှင့်အတူ အမေရိကန်သရုပ်ဆောင်များစွာလည်း ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

Ready Player One ဇာတ်ကား၏ ရိုက်ကူးရေးလုပ်ငန်းများကို ဇွန်လကုန်ပိုင်းတွင် စတင်နိုင်ရန် စီစဉ်ထားကြောင်းနှင့် စတီဗင်စပီးလ်ဘတ်အနေဖြင့် အဆိုပါဇာတ်ကား၏ ဒါရိုက်တာတစ်ဖြစ်လဲ ထုတ်လုပ်သူအဖြစ်ပါ ပါဝင်သွားမည်ဖြစ်ကြောင်းသိရသည်။

ဝင်းမိုရီဆာကီသည် ၂၀၀၈ ခုနှစ်ကထွက်ရှိခဲ့သည့် ဂျပန်ရုပ်သံဇာတ်လမ်းတွဲ Gakko Ja Oshierarenai!၊ ၂၀၀၉ ခုနှစ်က Gokusen: The Movie ဇာတ်ကားနှင့် Sherry ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဂျပန်အမျိုးသားပေါ့ပ်ဂီတအဖွဲ့ PrizmaX တွင်လည်း အဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် ဂီတလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။

Ready Player One ဇာတ်ကားသည် ၂၀၁၁ ခုနှစ်က အမေရိကန်စာရေးဆရာ Ernest Cline ၏ စာအုပ်ကို ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ခြင်းဖြစ်ပြီး ယင်းစာအုပ်သည် ၂၀၁၂ ခုနှစ်က Alex Award ဆုနှင့် Prometheus Award ဆုတို့ကို ရရှိဆွတ်ခူးခဲ့သည့် စာအုပ်တစ်အုပ်လည်းဖြစ်သည်။

## စွန့်စားခန်းများပါဝင်သည့် The Legend of Tarzan အက်ရှင်ဇာတ်ကားသစ် စတင်ပြသ

စွန့်စားခန်းများပါဝင်သည့် အက်ရှင်ဇာတ်ကား ကြိုက်နှစ်သက်ကြသည့် ပရိသတ်ကြီးအတွက် The Legend of Tarzan အက်ရှင်ဇာတ်ကားသစ်ကို ဇွန် ၂၇ ရက်က လော့စ်အိန်ဂျလိစ်မြို့ရှိ Dolby ပြဇာတ်ရုံတွင် စတင်မိတ်ဆက်ပေးခဲ့ပြီး ဇူလိုင် ၁ ရက်က အမေရိကန်နိုင်ငံရှိ တူးဒီ၊ သရီးဒီ၊ IMAX နှင့် IMAX 3D ရုပ်ရှင်ရုံများတွင် စတင်ပြသခဲ့ကြောင်း သိရသည်။

ယင်းအက်ရှင်ဇာတ်ကားသစ်တွင် အမေရိကန် ဝါရင့်မင်းသားနှင့် ဒါရိုက်တာတစ်ဦးဖြစ်သူ Alexander Skarsgard နှင့် မင်းသမီး Margot Robbie တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး ယင်းဇာတ်ကားကို အမေရိကန်နိုင်ငံတွင် The BFG၊ The Purge: Election Year ဇာတ်ကားများနှင့်အပြိုင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဇာတ်ကားကို မြောက်အမေရိက အပါအဝင် ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင်လည်း မကြာခင် ရုံတင်ပြသသွားမည်ဖြစ်သည်။

## GOT7 ၏ FLY IN USA ဂီတဖျော်ဖြေပွဲ အမေရိကန်နိုင်ငံတွင် စတင်

အမေရိကန်နိုင်ငံတွင်ကျင်းပမည့် အမျိုးသားကေပေါ့ပ်အဖွဲ့ GOT7 ၏ FLY IN USA အမည်ရှိ ဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁ ရက်က တက္ကဆက်ပြည်နယ် Dallas မြို့တွင် စတင်ကျင်းပခဲ့သည်။

FLY IN USA ဂီတဖျော်ဖြေပွဲသည် GOT7၏ အမေရိကန်နိုင်ငံတွင်ကျင်းပသည့် ပထမဆုံးဂီတဖျော်ဖြေပွဲဖြစ်ပြီး ချီကာဂို၊ နယူးယောက်နှင့် လော့စ်အိန်ဂျလိစ်မြို့တို့တွင် ဖျော်ဖြေပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်ကေပေါ့ပ်တေးသံရှင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည့် GOT7၏ FLY IN USA ဖျော်ဖြေပွဲ၏ ပွဲစဉ်အချို့အတွက် ဖျော်ဖြေပွဲလက်မှတ်များမှာ ရောင်းကုန်ပြီဖြစ်ပြီး ပရိသတ်များအနေဖြင့် ဖျော်ဖြေပွဲကျင်းပမည့်ရက်၊ နေရာ၊ အချိန်နှင့် အသေးစိတ်အချက်အလက်များကို 2016 GOT7 1ST CONCERT TOUR "FLY IN USA" တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။



## ဇာတ်လမ်းတွဲသစ်ဖန်တီး၍ ပရဟိတလုပ်ငန်းများ ဆောင်ရွက်သွားမည့် ဟယ်ရီပေါ်တာစာရေးဆရာမ

ကမ္ဘာကျော် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများ၏ မူရင်းဝတ္ထုကို ပုံဖော်ရေးသားခဲ့သူ ဗြိတိန်စာရေးဆရာမ ဂျေကေရိုးလင်းက ၂၀၀၁ ခုနှစ်က ထွက်ရှိခဲ့သည့် ၎င်း၏ Fantastic Beasts and Where to Find Them အမည်ရှိ စာအုပ်ကို ဇာတ်ကားအဖြစ်ပုံဖော်ပြီး ယင်းမှရရှိသည့်အမြတ်ငွေများကို ကလေးငယ်များပြုစုစောင့်ရှောက်နေသည့် ပရဟိတလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ David Yates က ပုံဖော်ရိုက်ကူးမည်ဖြစ်ပြီး ပါဝင်မည့်သရုပ်ဆောင်များကို မကြာမီတွင် ပရိသတ်နှင့်မိတ်ဆက်ပေးသွားမည်ဖြစ်ကာ နိုဝင်ဘာလလယ်တွင် စတင်ပြသသွားမည်ဖြစ်ပြီး ဇာတ်ညွှန်းပိုင်းဆိုင်ရာများကိုလည်း စာရေးဆရာမ ဂျေကေရိုးလင်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

ယင်းရုပ်ရှင်ကို နိုဝင်ဘာ ၁၈ ရက်တွင် အမေရိကန်နိုင်ငံရှိ သရီးဒီနှင့် အိုင်မက်စ်ရုပ်ရှင်ရုံများ၌ 4K Laser format ဖြင့် ရုံတင်ပြသသွားမည်ဖြစ်ရာ ကြည့်ရှုလိုသူများအနေဖြင့် ကြိုတင်လက်မှတ်များကို Carnegie Hall ၌ စတင်ဝယ်ယူနိုင်ကြောင်း သိရသည်။ အဆိုပါရုပ်ရှင်မှရရှိသည့်အမြတ်ငွေများကို အမေရိကန်နိုင်ငံရှိ Lumous ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ပြီး ယင်းဖောင်ဒေးရှင်းသည် ကမ္ဘာတစ်ဝန်းရှိ မိဘမဲ့ဂေဟာများမှ ကလေးငယ်များကို ကူညီစောင့်ရှောက်မှုပေးနေသည့် အဖွဲ့အစည်း တစ်ခုလည်းဖြစ်သည်။

မျိုး စ န္ဒာ မောင် - ၈ စည်း ရေး သား သည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃- ၇ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း

၆း၀၀ - အဖွင့်
- မိုးလေဝသအစီအစဉ်
- ကာတွန်းအစီအစဉ် “Inside Out” (အပိုင်း-၂)

၆း၅၀ - နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ

၇း၁၀ - မြန်မာဗီဒီယိုဇာတ်လမ်း “လိပ်ပြာခဲ့တဲ့ည”

၈း၃၀ MRTV Entertainment Music

၈း၅၀ အဆိုတော် ဒေါ်မာမာအေး (အပိုင်း-၂)

၉း၃၀ တေးဂီတအစီအစဉ်

၉း၅၀ အိုးပုတ်ပွဲတော်

၁၀း၁၀ မြန်မာရုပ်ရှင် “နှင်းဆီရဲ့ဆူး”

၁၂း၀၀ -အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလ သုတ်

၅း၄၀ “သစ္စာဆိုက်တဲ့ အသိ” တရားတော်(ဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ(မြောက်ဦးဆရာတော်)

၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၁၁၀)

၇း၃၀ MRTV-4 သတင်း

၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Noble Collegeတွင် ကျင်းပပြုလုပ်သည့် Open Dayအခမ်းအနား)

၈း၅၅ Weekly Sports Diary

၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၃၇)

၁၀း၁၅ ခေတ်သစ်ပျိုမေ

၁၁း၀၅ Starတို့ရဲ့လက်ရာ

၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၁၀၇+၁၀၈)

၃း၅၀ Healthy life (Shwe Moe Pwint Aye)

၄း၁၀ “သက်တံရောင်အားမာန်သစ်” အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုဇာတ်လမ်း)(အပိုင်း-၂)

၅း၃၅ Food&Decor

၆း၀၀ MRTV-4 သတင်း

၆း၁၀ Health Fix

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၁၁၁)

၇း၁၅ Fashion Week

၇း၄၀ Myanmar's Got Talent

၈း၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၃၈)

၉း၄၀ Music Live Tonight

၁၀း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၁၀၉+၁၁၀)

၁၁း၄၅ MRTV-4 Stage

၀၀း၁၅ World of Knowledge (Gorilla Murder)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်

၇း၁၅ မေတ္တာပို့

၇း၂၅ ဓမ္မပူဇာတေး

၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား

၈း၀၅ အမျိုးသားရေးတေးကဗျာ

၈း၁၅ စိုက်ပျိုးသုတ

၈း၂၅ DVD Hits

၈း၃၅ ပျော်ရွှင်လေ့လာနွေရာသီမှာ

၉း၁၀ World Wide Web

၉း၂၅ စာပေအလင်းစာပေသတင်း

၉း၄၅ အမှတ်တရနေ့ရက်လေးများ

၁၀း၀၀ သာယာသီကြွေးခေတ်ဆန်းတေး

၁၀း၂၀ Guide For You

၁၀း၃၀ Cooking Art

၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်

၁၁း၀၀ English For Myanmar

၁၁း၁၅ Lucky Door

၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လိုချင်သောဆု

၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မေတ္တာအသချေ်” အပိုင်း(၇၅)

၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး

၄း၂၅ သာယာသီကြွေးခေတ်ဆန်းတေး

၄း၃၅ ပျိုပျိုမေ

၄း၅၀ Run & Cook

၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖေဖေကြီးကိုချစ်တယ် အပိုင်း(၃၅)

၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း

၆း၁၀ ဘဝကြေးမုံ

၆း၃၅ လူစွန့်စားခရီးသွားနေသည်

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြစ်တစ်စင်းရဲ့အလင်္ကာ” အပိုင်း(၂၄)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-“အနားမညီတြိဂံ”အပိုင်း(၁၂)

### MITV

| | |
|---|---|
| 07:03 | News |
| 07:26 | Geographic Center of Myanmar |
| 07:45 | Kay Tu Mar Lar "The Family" |
| 07:54 | A Photographer's Life at Shwedagon Pagoda |
| 08:03 | News |
| 08:26 | Coconut Shell Artist |
| 08:50 | Myanmar Noble Flowers |
| 09:03 | News |
| 09:26 | Bagan: The Land of Pagoda |
| 09:51 | Yoghurt Vendor |
| 10:03 | News |
| 10:26 | Impressionist Myanmar Master Artist - U Lun Kywe |
| 10:42 | Paper Flower |
| 10:47 | Ywar Thit's Monhinkhar |
| 07:03 | News |
| 07:25 | MOYINGYI WILDLIFE SANCTUARY |
| 07:43 | Black Gold (Part- II) |
| 07:49 | Today Myanmar: First Hundred Days of the New Government |
| 08:03 | News |
| 08:26 | The Writer: Chit Oo Nyo (Part II) |
| 08:57 | Myanmar Masterclass: Portraiture |

# ဝေလအသင်း ဆီမီးဖိုင်နယ်တွင် ပေါ်တူဂီအသင်းနှင့် ထိပ်တိုက်တွေ့မည်



ဝေလအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဝေလအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းသည် ပွဲစပြီး ၁၃ မိနစ်မှာပင် နိုင်ဂိုလန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ဝေလအသင်းသည် ဝီလီယံ၊ ကာနူးနှင့် ဗိုကတ်စ်တို့၏ သွင်းဂိုးသုံးဂိုး ရရှိခဲ့ခြင်းကြောင့် ဝေလအသင်းက ဘယ်လ်ဂျီယံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝေလအသင်းသည် ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘရာဇီးအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် အဓိကပြိုင်ပွဲများတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုတစ်ကြိမ်သည် ၁၉၅၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဝေလအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် ၁၉၉၂ ခုနှစ်နောက်ပိုင်း ယူရိုပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ်အဖြစ် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဝေလအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းပြီးပါက ယူရိုပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ဗြိတိန်အခြေစိုက်အသင်းတစ်သင်းလည်းဖြစ်လာခဲ့သည်။

ဝေလအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဦးဆောင်လာမည့် ပေါ်တူဂီအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သောကြောင့် ကမ္ဘာ့အဆင့်ရှိ ကစားသမားနှစ်ဦးဖြစ်သည့် ဂါရတ်ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့လည်း ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်သည် ရီးယဲလ်မက်ဒရစ်၏ အားထားရသည့် တိုက်စစ်အတွဲဖြစ်သည့် ဂါရတ်ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့၏ တစ်ဦးချင်းတိုက်စစ်စွမ်းရည်ကို တွေ့မြင်ရမည့် ပွဲစဉ်ဖြစ်သည်။

ယင်းပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်တွင် အဝါကတ်ပြသခံထားရသည့် ကွင်းလယ်ကစားသမား ရမ်ဆေးနှင့် နောက်ခံလူ ဒေးဗီးတို့ လွဲချော်လိမ့်မည်ဖြစ်သည်။ **(ငွေကြယ်)**

# အီဘရာဟီမိုဗစ်ချ် မန်ယူရောက်ပြီ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၁၆ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းအား ပြင်သစ်ပထမတန်းချန်ပီယံဖြစ်လာရေးစွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦး ဖြစ်သည်။

မန်ယူအသင်းသည် ဗီလာရီးယဲလ်နောက်တန်းကစားသမား အဲရစ်ဘေလ်လီအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူထားပြီးဖြစ်သောကြောင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် မန်ယူအသင်း၏ ယခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူခဲ့သည့် ဒုတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ကစားသမားဘဝကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ပြီး ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့တွင်လည်း ပါဝင်ကစားပေးခဲ့သည်။ ထို့ကြောင့် တိုက်စစ်မှူးအီဘရာဟီမိုဗစ်ချ်သည် ကစားသမားဘဝတစ်လျှောက် ပွဲပေါင်း ၆၇၇ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၃၉၂ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့်အပြင် လိဂ်ဖလား ၁၃ ကြိမ်အထိ ဆွတ်ခူးပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲပေါင်း ၅၁ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၀ အထိသွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် လိဂ်သွင်းဂိုး ၃၈ ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ကလပ်အသင်းအတွက် စံချိန်တင်ဂိုးသွင်းရှင်လည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းတွင် လေးနှစ်ကြာဖြတ်သန်းခဲ့ရာတွင် ဆုဖလားစုစုပေါင်း ၁၂ ကြိမ်အထိ ဆွတ်ခူးပေးနိုင်ခဲ့သည့်ကစားသမားလည်းဖြစ်သည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အပြင် ယူရိုပြိုင်ပွဲတွင် ဆွီဒင်အသင်း အုပ်စုအဆင့်မှာပင် ထွက်ခဲ့ရခြင်းကြောင့် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှလည်း အနားယူသွားခဲ့ပြီဖြစ်သည်။ **(အလင်းသစ်)**




# အင်္ဂလန်အသင်းအတွက် ရွန်းနီလိုအပ်နေဆဲဟု လမ်းပတ်ဆို

အင်္ဂလန်အသင်း၏ အနာဂတ်အတွက် တိုက်စစ်မှူး ရွန်းနီလိုအပ်နေဆဲဖြစ်ကြောင်း အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ လမ်းပတ်က ဖွင့်ဟပြောကြားလိုက်သည်။

အင်္ဂလန်အသင်းသည် ပြင်သစ်နိုင်ငံတွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်၌ အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အသင်းဖြစ်သည်။

တိုက်စစ်မှူး ရွန်းနီသည် တိုက်စစ်ပိုင်းထက် ကွင်းလယ်ပိုင်းတွင် ပိုမိုကျွမ်းကျင်စွာကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၁၁၅ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၅၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

မန်ယူအသင်း၏ အဓိကအားထားရသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ရွန်းနီသည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လာခဲ့ပြီး ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ အကောင်းဆုံးခြေစွမ်းပြကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

ဗန်ဟားလ်လက်ထက်တွင် ကွင်းလယ်ဦးစားပေးအဖြစ် ပါဝင်ကစားခဲ့ရသော်လည်း မော်ရင်ဟိုလက်ထက်တွင် တိုက်စစ်မှူး ရွန်းနီအတွက် အပြောင်းအလဲတစ်ခုဖြစ်လာလိမ့်မည်ဟုလည်း သတင်းများထွက်နေသည်။**(ငွေကြယ်)**

ဇူလိုင် ၃ ရက်ညကစားမည့် ယူရို ၂၀၁၆ ကွာတားဖိုင်နယ်

# ဆီမီးဖိုင်နယ်ကိုတက်မယ့် အိမ်ရှင်ပြင်သစ်

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ကွာတားဖိုင်နယ်အဆင့်ဖြစ်တဲ့ အိမ်ရှင်ပြင်သစ်နဲ့ အိုက်စလန်တို့ဆုံတွေ့နေတဲ့ပွဲကိုတော့ လာမယ့် ဇူလိုင်လ ၄ ရက်နေ့မှာ Stade de France ကွင်းအတွင်းမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အိုက်စလန်ဟာ ၁၆ သင်းအဆင့်ရှုံးထွက်ပွဲစဉ်မှာ အင်္ဂလန်ကို အနိုင်ယူနိုင်ခဲ့သလို ဒီပွဲစဉ်မှာလည်း အိမ်ရှင်ပြင်သစ်ကို ထပ်မံအနိုင်ရယူနိုင်မလားဆိုတာကို စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။**

**ပြင်သစ် - အိုက်စလန်**

**၄-၇-၁၆နံနက် ၁း၃၀**

အိုက်စလန်ဟာ ဥရောပဘောလုံး လောကအတွင်းမှာ အသင်းငယ်တစ်သင်းသာဖြစ်သလို ယူရိုပြိုင်ပွဲကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလာတာဖြစ်ပေမယ့်လည်း ဒီပြိုင်ပွဲမှာမထင်မှတ်တဲ့ခြေစွမ်းတွေနဲ့ ဒီအဆင့်ကိုတက်ရောက်လာနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အိုက်စလန်အနေနဲ့ လက်ရှိယှဉ်ပြိုင်ကစားနေတဲ့ နောက်ဆုံးအဆင့်ပွဲစဉ်တွေမှာလည်း ခြေစွမ်းပြသနိုင်ခဲ့သလို အုပ်စုတွင်းမှာ ပေါ်တူဂီနဲ့ ဟန်ဂေရီတို့ကို သရေကစားနိုင်ကာ ဩစတြီးယားကို အနိုင်ရယူပြီး ရှုံးထွက်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ရှုံးထွက်အဆင့်မှာလည်း အသင်းကြီးတစ်သင်းဖြစ်တဲ့ နာမည်ကြီးအင်္ဂလန်ကိုတောင် အနိုင်ကစားပြကာ ကွာတားဖိုင်နယ်အထိ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

အိုက်စလန်မှာ နာမည်ကြီးကစားသမားပါဝင်မှု နည်းပါးပေမယ့်လည်း အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို အသင်းရဲ့အဓိက ကစားသမားတွေဖြစ်တဲ့ ဆီဂတ်ဆန်၊ ဂန်းနားဆန်၊ ဘိုဗာဆန်၊ ဆစ်ပေါ်ဆန်တို့ဟာ ခြေစွမ်းပိုင်းကောင်းမွန်သူတွေဖြစ်ကြကာ မာကျောမှုရှိကြတဲ့အပြင် လျင်မြန်မှုလည်းရှိကြတာကြောင့် အိုက်စလန်ကို အသင်းတိုင်း ခက်ခက်ခဲခဲကစားခဲ့ကြရတာဖြစ်ပါတယ်။

အထူးသဖြင့် အိုက်စလန်ဟာ တန်ပြန်တိုက်စစ်ကစားပုံကောင်းမွန်မှုရှိကာ အခွင့်အရေးတွေကိုလည်း အသုံးချနိုင်စွမ်းရှိပါတယ်။ ဒါကြောင့်လည်း အိုက်စလန်ဟာ ကစားခဲ့ပြီးတဲ့ လေးပွဲမှာ ဂိုးမသွင်းနိုင်တဲ့ပွဲမရှိခဲ့ဘဲ အင်္ဂလန်၊ ပေါ်တူဂီတို့လို အသင်းကြီးတွေကိုတောင် ဂိုးပြန်လည်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အိုက်စလန်ရဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုအချို့ရှိနေတယ်လို့ဆိုနိုင်ပါတယ်။ အိုက်စလန်ဟာ ပေါ်တူဂီ၊ အင်္ဂလန်တို့လို အသင်းကြီးတွေကိုတောင် တစ်ဂိုးစီသာပေးခဲ့ရတယ်ဆိုပေမယ့် အဆိုပါအသင်းကြီးတွေဟာ ဒီပြိုင်ပွဲအတွင်းမှာ ဂိုးသွင်းခြေမငြိမ်တဲ့အသင်းတွေဖြစ်သလို အိုက်စလန်ခံစစ်ဟာ ကစာခဲ့ပြီးတဲ့ လေးပွဲစလုံးမှာလည်း ဂိုးမပေးရတဲ့ပွဲ လုံးဝမရှိခဲ့တာကိုကြည့်ရင် အိုက်စလန်ခံစစ်ရဲ့စွမ်းဆောင်ရည်ဟာ သာမန်ထက်မပိုတာ ထင်ရှားနေပါတယ်။

ဒါကြောင့်လည်း အိုက်စလန်အနေနဲ့ ထိုးဖောက်ကစားပုံကောင်းတဲ့ အိမ်ရှင်ပြင်သစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ပြင်သစ်ဟာ ဒီပြိုင်ပွဲအတွင်းမှာ အဆုံးသတ်ပိုင်းသာမန်သာရှိသလို အသင်းလိုက် ခြေစွမ်းပိုင်းလည်း သာမန်ထက်မပိုဘူးဆိုပေမယ့်လည်း အားစိုက်ကစားမှုက ကောင်းမွန်မှုရှိသလို တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ကစားအားကောင်းမွန်မှုရှိပါတယ်။

ပြင်သစ်ဟာ အုပ်စုတွင်းပွဲတွေမှာ ရိုမေးနီးယား၊ အယ်ဘေးနီးယားတို့ကိုတောင် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရကာ နောက်ကျသွင်းဂိုးတွေကြောင့်သာ အနိုင်ရရှိခဲ့တာဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲစဉ်မှာလည်း ဆွစ်ဇာလန်ကိုတောင် အနိုင်မရခဲ့ပါဘူး။ ဒါ့အပြင် ပြင်သစ်ဟာ ၁၆ သင်းအဆင့်ပွဲစဉ်မှာတုန်းကလည်း အိုင်ယာလန်ကို နောက်ကလိုက်ကစားခဲ့ရပြီးမှ ခက်ခက်ခဲခဲအနိုင်ယူခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်အထိ ပြင်သစ်ရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမရောက်သေးဘူးဆိုတာ ထင်ရှားနေပါတယ်။

ဒါပေမယ့်လည်း ပြင်သစ်ဟာ ဒီပြိုင်ပွဲရဲ့အိမ်ရှင်ဖြစ်နေတာကြောင့် အောင်မြင်မှုရယူနိုင်ဖို့အတွက် ပွဲတိုင်းကိုအားစိုက်ကစားနေသလို အဆိုပါအားစိုက်ကစားမှုကြောင့်ပဲ ပြင်သစ်ဟာ အခက်အခဲတွေကြားကနေ နိုင်ပွဲတွေရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်ဟာ ကစားသမားအင်အားပိုင်း တောင့်တင်းမှုရှိပြီး ပေါ့ဂ်ဘာ၊ ဂျရူးစ်၊ ပါယက်၊ ကန်တီ၊ ဂရစ်ဇ်မန်း၊ ကိုးလ်မန်း၊ မာရှယ်တို့လို တစ်ဦးချင်းခြေစွမ်းပိုင်းကောင်းမွန်သူတွေ အများအပြားရှိနေပါတယ်။ ဒါကြောင့်လည်း ပြင်သစ်ဟာ အသင်းလိုက်စုဖွဲ့ကစားမှုမှာ သာမန်ထက်မပိုပေမယ့် အဆိုပါကစားသမားတွေရဲ့ ခြေစွမ်း၊ နိုင်လိုစိတ်တို့ကြောင့် နောက်ဆုံးမိနစ်တွေအထိ ဂိုးတွေသွင်းယူနိုင်ခဲ့ကာ နိုင်ပွဲတွေလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်လည်း အိုက်စလန်ဟာ ပြင်သစ်နဲ့ဆုံတွေ့တိုင်းမှာ ရလဒ်ကောင်းဖို့ရုန်းကန်ရလေ့ရှိတဲ့အပြင် ပြင်သစ်မြေပေါ်မှာကစားခဲ့တဲ့ပွဲတွေမှာ ရလဒ်ပိုင်းပိုမိုဆိုးရွားတတ်တာ ထင်ရှားနေပါတယ်။ ဒါကြောင့်လည်း အိုက်စလန်အနေနဲ့ဒီပြိုင်ပွဲမှာ မထင်မှတ်တဲ့ခြေစွမ်းတွေပြသလာနိုင်တာမှန်ပေမယ့် ပြင်သစ်ကို ထပ်မံကျော်ဖြတ်နိုင်ဖို့တော့ ခက်ခဲလွန်းနေပါတယ်။

ပြင်သစ်တို့ အိမ်ရှင်ဖြစ်နေတာကြောင့်လည်း အောင်မြင်မှုရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်သလို အိုက်စလန်ရဲ့ ပြင်သစ်မြေပေါ်မှာ ရလဒ်ကောင်းဖို့ပိုမိုရုန်းကန်ရတတ်တဲ့ အစဉ်အလာကြောင့် ဒီပွဲမှာတော့ အိမ်ရှင်ပြင်သစ်ကပဲ နိုင်ပွဲနဲ့အတူ ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ဖို့ရှိနေပါတယ်။

**ရှိုင်းမင်းမင်း**

# အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ချေးငွေအကူအညီဖြင့် မီးကြိုးလိုင်းများ ထရန်စဖော်မာများ အောင်လံတွင် တိုးချဲ့တပ်ဆင်



**အောင်လံ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုလျော့နည်းရေးတို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ချေးငွေအကူအညီဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် အကျိုးဆောင်ကုမ္ပဏီများ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် မီးကြိုးလိုင်းများနှင့် ထရန်စဖော်မာများအား တိုးချဲ့ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းအား ဇွန် ၂၉ ရက် မွန်းလွဲ ၃ နာရီက ရွာထောင်(အေးချမ်းဖြိုး)ရပ်ကွက်တွင် စတင်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ယင်းနေ့ ထရန်စဖော်မာတပ်ဆင်နေမှုအား မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးမောင်ညိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်မင်းထွန်းတို့က လိုက်လံစစ်ဆေး ကြပ်မတ်လျက်ရှိသည်။

ယင်းတပ်ဆင်မှုကြောင့် ယခင်က အောင်လံမြို့နယ်ဓာတ်အားခွဲရုံသို့ အဝင် (၆၆၀၀၀ ဗို့/ ၆၆၀၀ ဗို့) နှင့် အထွက် (၆၆၀၀ ဗို့/၄၀၀ ဗို့) အထွက်လိုင်းအစား လျှပ်စစ်မီးအားပိုမိုပြည့်ဝကောင်းမွန်စေသည့် အဝင် (၆၆၀၀၀ ဗို့/ ၁၁၀၀၀ ဗို့) နှင့် အထွက် (၁၁၀၀၀ ဗို့/၄၀၀ ဗို့)အထွက် မီးကြိုးလိုင်းများနှင့် ထရန်စဖော်မာများအား ပြောင်းလဲတပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အောင်လံမြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံ အကျုံးဝင်နယ်မြေတွင် လက်ရှိထရမ်စဖော်မာ ၂၃ လုံးဖြင့်သာ အသုံးပြုလျက်ရှိရာမှ အဝင်မီးလိုင်းနှင့်ကိုက်ညီသည့် (200KVA) ၇၇ လုံးအား တပ်ဆင်ဆောင်ရွက်ပေးမည်ဖြစ်သည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် (၄၄၀ ဗို့)လိုင်း ACSR ဒန်ကြိုးများနှင့် ဆိုဒ်သေးကြေးကြိုးများအစား ABC ကာဗာပါသောကြိုးများဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝဘေးကင်းစွာဖြင့် သုံးစွဲနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး အောင်ချမ်းသာကျေးရွာအနီး S.M.C တူးမြောင်းပေါ်ရှိ တံတားကျိုးကျသဖြင့် သွားလာရခက်ခဲနေ



**ခင်ဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလဲကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအနီး S.M.C တူးမြောင်းပေါ်ရှိတံတားမှာ ဇွန် ၂၈ ရက် ညနေ ၅ နာရီက ကျွဲအုပ်များ လယ်တောမှအပြန် ဖြတ်ကူးနေစဉ် တံတားအရှေ့ထိပ်နှစ်ခန်းမှာ ပြိုကျပျက်စီးသွားခဲ့သည်။

အဆိုပါတံတားမှာ အင်္ဂလိပ်လက်ထက်က တည်ဆောက်ထားသော သစ်သားတံတားဖြစ်ပြီး ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံ၍ မူးအရှေ့ဘက်တွင် ယင်းတံတားကိုဖြတ်၍ လယ်ဧက ၂၀၀ ကျော်သွားရောက်လုပ်ကိုင်နေရပြီး ကျေးရွာချင်းဆက်လမ်းအဖြစ်အသုံးပြုနေကြောင်း သိရသည်။

ယခုအချိန်မှာ ပဲကောက်၊ နှမ်းရိတ်နှင့် ၂၀၁၆ မိုးစပါးအတွက် ထွန်ရေးပြင်ဆင်နေကြပြီး မိုးရာသီနှင့် လယ်ရိတ်သိမ်းချွေလှေ့ချိန်တွင် ဖြတ်သန်းသွားလာရန် ခက်ခဲနေကြောင်း၊ ၎င်းတံတားအစား ၂၀၁၁ ခုနှစ်က ဆည်/မြောင်းဦးစီးဌာနက တံတားအသစ်ဆောက်လုပ်ရန် ကွန်ကရစ်တိုင်များ ဆောက်လုပ်ထားပြီး ဆက်လက် ဆောက်လုပ်ခြင်းမရှိသည့်အတွက် တံတားအဟောင်းကိုသာ အသုံးပြုခဲ့ရကြောင်း ယခုအချိန်၌ တံတားဟောင်းမှာ ပျက်စီးသွား၍ ဒေသခံတောင်သူများအတွက် ကုန်ထုတ်ရာတွင် သွားလာရေး အခက်အခဲဖြစ်နေကြောင်း ပေါင်းလဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။

**ခင်ဦးစိုးဝေ**

# လယ်မြေ၊ ယာမြေ၊ သီးနှံ၊အဆောက်အအုံများအတွက် ကာလပေါက်ဈေးဖြင့် လျော်ကြေးငွေများပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

သာဝတ္တိ-ပျဉ်းမနား-ဘောဂဝတီ မြို့ရှောင်လမ်းရှိ (ပျဉ်းမနားပိုင်း) လမ်းဖောက်လုပ်ရာတွင် လမ်းနယ်နိမိတ် ၂၃၀ ပေ တွင်ပါဝင်သော လယ်မြေ၊ ယာမြေ၊ သီးနှံ၊ အဆောက်အအုံများအတွက် သက်ဆိုင်ရာတောင်သူများအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လျော်ကြေးငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လျော်ကြေးငွေလက်ခံမည့် တောင်သူများတက်ရောက်ခဲ့ကြသည်။

အဆိုပါလမ်းဖောက်လုပ်ရာတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ သစ်လေးလုံးကျေးရွာအုပ်စု၊ ကျီးအင်းကျေးရွာအုပ်စု၊ နတ်သူရဲကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စုနှင့် ကင်းပွန်တန်းကျေးရွာအုပ်စုမှ တောင်သူ ၂၈၀ ပိုင်ဆိုင်သော လယ် ၁၃၇ ဒသမ ၄၈ ဧက၊ ယာ ၃၄ ဒသမ ၄၉ ဧက၊ မတ်ပဲ ၁၂၃ ဧက၊ ကြံ ၃၁ ဒသမ ၅ ဧက၊ ဟင်းသီးဟင်းရွက်စိုက်ခင်း ၁၆ ဒသမ ၅၇ ဧကနှင့် သရက်ပင် ၁၁၀ ပင်တို့ပါဝင်ခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လယ်မြေတစ်ဧကကျပ် ၁၅ သိန်း၊ ယာမြေတစ်ဧက ကျပ်ငါးသိန်း၊ မတ်ပဲတစ်ဧက ကျပ်ငါးသိန်း၊ ကြံ တစ်ဧက ကျပ် ၁၂ သိန်း၊ ဟင်းသီးဟင်းရွက်တစ်ဧက ကျပ်လေးသိန်း အုတ်တံတိုင်း ၁၀ ပေကို ကျပ် ၁၃၀၀၀၀ နှင့် သရက်တစ်ပင်လျှင် ကျပ်သုံးသောင်းဖြင့် စုစုပေါင်းကျပ် ၃၅၂ ဒသမ ၅၈၃ သန်းတို့ကို ဒက္ခိဏခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် ပျဉ်းမနားမြို့နယ် ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မာလာဝင်းက တောင်သူများအား ပေးအပ်ခဲ့သည်။

"မြို့ရှောင်လမ်းမဖောက်လုပ်ခင်က လယ်တစ်ဧကကို ကျပ်သုံးသိန်းလောက်ပဲ ဈေးရှိပါတယ်။ ခုအခါ လယ်တစ်ဧကကို ၁၅ သိန်း၊ မတ်ပဲတစ်ဧကကိုငါးသိန်းနှုန်းနဲ့ ကာလပေါက်ဈေးအတိုင်းပေးလျော်တဲ့အတွက် ကျေနပ်ပါတယ်။ အခုလာထုတ်တာက အမေ့အမည်နဲ့ပါ " ဟု တောင်သူတစ်ဦးက ပြောသည်။

လမ်းဖောက်လုပ်ရာတွင်ပါဝင်သော လယ်မြေ၊ ယာမြေ၊ သီးနှံ၊ အဆောက်အအုံများအတွက် သက်ဆိုင်ရာတောင်သူများအား လျော်ကြေးငွေများ ပေးအပ်ရာ ဇွန် ၂၈ ရက်က တောင်သူ ၁၁၇ ဦး ပေးအပ်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် ကျန်ရှိသောတောင်သူ ၁၆၃ ဦးတို့အား လျော်ကြေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကျား/မတန်းတူ အခွင့်အရေးဆိုင်ရာ အသိပညာမျှဝေခြင်းဆွေးနွေး

**မကွေး ဇူလိုင် ၂**

ကျား/မတန်းတူ အခွင့်အရေး လေးစားတန်ဖိုးထားခြင်းဆိုင်ရာ အသိပညာမျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်ကွန်ရက်မှ ဒေါ်ခိုင်ဇင်သွယ်က ကျား-မဖြစ်ခြင်းအပေါ် ဘယ်သူတွေက ခွဲခြားဆက်ဆံနေကြသလဲ၊ မိမိပတ်ဝန်းကျင်တွင် 'ကျား၊ မ' ဖြစ်ခြင်းအပေါ် ခွဲခြားဆက်ဆံခံနေရမှုများ၊ အမျိုးသမီးရပိုင်ခွင့်အခွင့်အရေးများ၊ မိမိပတ်ဝန်းကျင်တွင် 'ကျား၊ မ' အခြေပြု အကြမ်းဖက်ခံနေရမှုများအပေါ် ကူညီရာတွင် သိသင့်သိထိုက် လိုက်နာရမည့်အချက်များကို ဆွေးနွေးခဲ့သည်။

မကွေးတိုင်းလူငယ်ကွန်ရက်မှ ဦးသင့်ထက်ဝေက အမျိုးသမီးများနှင့် ဥပဒေရေးရာအခန်းကဏ္ဍကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် မကွေး၊ မြို့သစ်၊ ရေနံချောင်း၊ နတ်မောက်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ အောင်လံတို့မှ လူငယ်များက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

'ကျား/မ' တန်းတူ အခွင့်အရေး လေးစားတန်ဖိုးထားခြင်းဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို လူငယ်များအချင်းချင်း ကျား၊ မတန်းတူ အခွင့်အရေးများရရှိစေရန်နှင့် လူငယ်များ၏လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်များကို ပိုမိုအားကောင်းလာစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လာစေရန်နှင့် လူငယ်များစွမ်းဆောင်ရည်မြင့်မားလာစေပြီး လူငယ်မူဝါဒများပေါ်ပေါက်လာစေရန်နှင့် လိုက်နာဆောင်ရွက်စေရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဦးဆောင်ပြုလုပ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ဆည်မြောင်းလုပ်ငန်းများအားကြည့်ရှုစစ်ဆေး

**ရွှေဘို ဇူလိုင် ၂**

ရွှေဘိုခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးက တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် သနပ်ကန်ရေထိန်းဆည် ပြန်လည်ပြုပြင်တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဇွန် ၂၈ နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာ ရွှေဘိုခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်းစီမံချက်အနေဖြင့် ခွင့်ပြုရန်ပုံငွေအရ ပြည်ထောင်စုရန်ပုံငွေမှ လုပ်ငန်း ၁၅ ခုနှင့် တိုင်းဒေသကြီးရန်ပုံငွေမှ လုပ်ငန်း ၁၉ ခု စုစုပေါင်းလုပ်ငန်း ၃၄ ခု ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းလုပ်ငန်းများထဲမှ ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့်လုပ်ငန်း ၁၄ ခု၊ ၅၀ ရာခိုင်နှုန်း ပြီးစီးသည့်လုပ်ငန်းငါးခု၊ ၅၀ ရာခိုင်နှုန်းအောက် လုပ်ငန်းလေးခုနှင့် စတင်ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်း ၁၁ ခုရှိကြောင်းတင်ပြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ဆဲလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးမှာကြားခဲ့သည်။

အဆိုပါ သနပ်ကန်ရေထိန်းဆည်သည် အလျား ၁၇၀၀ ပေ၊ အမြင့် ၁၂ ပေရှိပြီး ရေလှောင်ပမာဏအနေဖြင့် ဧကပေ ၂၀၀ ခန့် သိုလှောင်နိုင်ပြီးအကျယ် ၂၅ ပေရှိ ရေပိုလွှဲတစ်ခုနှင့် အချင်းတစ်ပေရှိ ရေထုတ်ပေါက်နှစ်ပေါက်ကိုပါ တစ်ပါတည်းထည့်သွင်း၍ တိုင်းဒေသကြီးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် တည်ဆောက်လျက်ရှိသည်။ အကျိုးပြုအနေဖြင့် လယ်ယာမြေဧက ၃၈၈ ဧကခန့်ကို ဖြည့်စွက်ရေအဖြစ်ပေးဝေနိုင်မည့်အပြင် မိုးများသည့်အချိန်ကာလများတွင် လယ်ယာမြေများရေလွှမ်းမိုးခြင်းနှင့် နည်းပညာကောလိပ်(ရွှေဘို) အဝင်လမ်း ရေလွှမ်းမိုးကျိုးပေါက်ပျက်စီးခြင်းမှလည်း ကာကွယ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(ပြန်/ဆက်)**

## မြေအောက်ရေတွင်းတူးဖော် ရေချိုများရရှိ၍ပြည်သူများဝမ်းသာ

**မြိုင် ဇူလိုင် ၂**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ကံကြီးတော(အနောက်)ကျေးရွာ၌မေ ၂၀ ရက်မှစတင်၍ မြေအောက်ရေတွင်းတူးဖော်ခဲ့ရာ ဇွန် ၂၇ ရက်တွင် ရေချိုများ အောင်မြင်စွာ တူးဖော်ရရှိသဖြင့် ကျေးလက်နေ ပြည်သူများ ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

အဆိုပါ ရေတွင်းကို ရန်ကုန်ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများက အကုန်အကျခံ လှူဒါန်းခဲ့ကြရာ စက်ရေတွင်း တူးဖော်ခြင်း၊ ရေတင်ပန့်နှင့်ရေလှောင်ကန်တစ်ကန်တို့ကိုလည်း လှူဒါန်းသဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈ သိန်း ကုန်ကျမည်ဖြစ်ကြောင်းနှင့် ယင်းစက်ရေတွင်းကို ဆည်မြောင်းရေအသုံးချ စီမံခန့်ခွဲရေး (ရေအရင်းအမြစ်) (အဖွဲ့ RC 008)စက်နှင့် ဦးစီးမှူးတာဝန်ခံ ဦးမျိုးမြင့်အေးနှင့်အဖွဲ့တို့က တူးဖော်ခဲ့ကြကြောင်း သိရသည်။

ရေတွင်းအနက်မှာ ပေ ၇၅၀ နက်၍ လေးလက်မပိုက် တပ်ဆင်ပြီး ရေများပင့်တင်ရာ တစ်နာရီရေဂါလန် ၂၀၀၀ ကျော် ထွက်ရှိပြီး အိမ်ခြေ ၄၂ အိမ်ရှိ လူဦးရေ ၂၃၁ ဦးနှင့် ဆိတ်၊ နွား တိရစ္ဆာန်အကောင် ၃၅၀ ကျော်တို့ ရာသီမရွေး လုံလုံလောက်လောက် သုံးစွဲနိုင်မှာဖြစ်၍ ပြည်သူများ ဝမ်းသာနေကြကြောင်း ကျေးလက်နေ ပြည်သူတစ်ဦးက ပြောပြသည်။ **အောင်ကျော်မြင့်**



## စည်းကမ်းမဲ့ အမှိုက်ပုံကြောင့်လမ်းသွားလမ်းလာများ အနံ့ဆိုးနှင့်ရင်ဆိုင်နေရ



**ညောင်လေးပင် ဇူလိုင် ၂**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံဘေးရှိ ရုံးပေါင်းစုံလမ်း (ခ) ဗိုလ်မင်းရောင်လမ်းသည် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မ (၃) ရပ်ကွက်၊ မြို့မ(၄) ရပ်ကွက်များမှ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများဖြင့် လုပ်သားပြည်သူများ နေ့စဉ်သွားလာနေသော လမ်းဖြစ်သည်။

အဆိုပါ လမ်းဘေးတွင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်ပုံမှ အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများနှင့် လမ်းသွားလမ်းလာများ ကျန်းမာရေး ထိခိုက်နိုင်သဖြင့် ဖယ်ရှားပေးစေလိုကြောင်းသိရသည်။

ရုံးဝန်ထမ်းတစ်ဦးက "ကျွန်မတို့ နေ့စဉ် ရုံးဆင်းရုံးတက်သွားနေရတော့ အမှိုက်ပုံကြီးက မြင်လို့ မကောင်းတဲ့အပြင် အနံ့ဆိုးပါထွက်နေတော့ ကျန်းမာရေးပါထိခိုက်နိုင်တယ်" ဟုပြောသည်။ ကျောင်းသားမိဘတစ်ဦးကလည်း "မြို့မ(၄) ရပ်ကွက်မှာနေတာပါ။ ကလေးတွေက နေ့စဉ် လေးကြိမ်လောက် ကျောင်းသွား ကျောင်းပြန် သွားနေတာဆိုတော့ကျန်းမာရေး အတွက်ပူမိတယ်" ဟု ပြောသည်။

အဆိုပါ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်ပုံကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ အနံ့ဆိုးများထွက်ခြင်းများကြောင့် ရပ်ကွက်နေသူများက ဖယ်ရှားပေးစေလိုကြောင်း သိရသည်။ **(၆၉၂)**

## ပဲနွယ်ကုန်း-ကျောက်ကြီးသွားကားလမ်းတွင် တရားမဝင်သစ်များဖမ်းဆီးရမိ

**ကျောက်တံခါး ဇူလိုင် ၂**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခန့်က တရားမဝင်သစ်များထုတ်လုပ်မှု မရှိစေရေး အတွက် လှည့်ကင်းဆောင်ရွက်စဉ် ပဲနွယ်ကုန်း-ကျောက်ကြီးမြို့သွားကားလမ်း၌ တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ပဲနွယ်ကုန်း စခန်းမှူး ရဲအုပ် ဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ထိန်လင်း ဦးစီးအဖွဲ့နှင့်အတူ လှည့်ကင်းဆောင်ရွက်ခဲ့ရာ ပဲနွယ်ကုန်း-ကျောက်ကြီးသွား ကားလမ်းမိုင်တိုင်အမှတ် ၁/၁ အနီးအရောက် မောင်ဇော်(၄၈)နှစ်၊ မူခရမ်းကျေးရွာ၊ ကျောက်တံခါးမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 1J/----FORLAND အမျိုးအစား ခြောက်ဘီးယာဉ်အားရပ်တန့်စစ်ဆေးခဲ့ရာ သစ်မာခွဲသားဆိုဒ်စုံ ၃၇ ချောင်း ၂ ဒသမ ၉၂၈၆ တန်၊ ကာလတန်ဖိုး ၁၁၇၀၀၀၀ ကျပ် အားဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေအရအမှုဖွင့်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မျိုးစေ့ထုတ်လုပ်သူများအသင်း ကရင်ပြည်နယ်၌ဖွဲ့စည်း

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂**
တောင်သူများ စစ်မှန်သော မျိုးကောင်းမျိုးသန့် ရရှိစေရန်၊ ဈေးနှုန်းသက်သာ၍ သယ်ယူစရိတ်များသက်သာစေရန်၊ မျိုးကောင်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ မျိုးစေ့ထုတ်လုပ်သူများအသင်းကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွဲ့စည်းခဲ့သည်။

အဆိုပါ အဖွဲ့ကို ကျေးရွာအုပ်စုများမှ ကော်မတီ ၁၂ ဦးဖြင့် ဖွဲ့စည်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်လွင်တို့က အသင်းဖွဲ့စည်းရခြင်း၏ အကျိုးကျေးဇူးများနှင့် အသင်းရေရှည်တည်တံ့ဖွံ့ဖြိုးရေးတို့ကို ကျေးရွာအုပ်စု တောင်သူများအား မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တံတားတည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး

**မိုးနဲ ဇူလိုင် ၂**
လင်းခေးခရိုင် မိုးနဲမြို့နယ် စည်ပင်သာယာရေးဦးစီး ဌာန၏ ရက် (၁၀၀)စီမံချက်ဖြင့် ဆရာစံလမ်း သံကူကွန်ကရစ်တံတားနှင့်စံပယ်လမ်း သံကူကွန်ကရစ်တံတား အလျားပေ ၂၀၊ အနံခြောက်ပေ၊ အနက် သုံးပေ တံတားနှစ်စင်းအား မိုးရာသီကာလ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ၅ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဆရာစံလမ်းသံကူကွန်ကရစ်တံတား တည်ဆောက်မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး စံပယ်လမ်း သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝေ၊ မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းနှင့်အဖွဲ့သည် ဇွန် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ငါးရစ်ငါးသန်တားမြစ်ကာလအတွင်း ငါးဖမ်းသဖြင့် ဖမ်းဆီးရာ ပစ္စည်းများပိုင်ရှင်မဲ့ရရှိ

**မြင်းခြံ ဇူလိုင် ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်း ဦးစီးဌာနသည် ငါးရစ်ငါးသန်တားမြစ်ကာလအတွင်း ငါးဖမ်းဆီးမှု မရှိစေရေး၊ ငါးမျိုးမပြုန်းတီးစေရေး၊ ငါးမျိုးပြန့်ပွားလာစေရေး၊ တရားမဝင်တားမြစ်ထားသော ငါးဖမ်းဆီးမှုများ ပပျောက်စေရေးအတွက် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေလုပ်သားရှိသော ကျေးရွာများသို့ သွားရောက်ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးသော်ထွန်းဦး၊ ငါန်းဇွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ငါန်းဇွန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အောင်သုခကျေးရွာ၊ တင်ဒါချက်၊ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၊ တောင်သာမြို့ ကျောစည်ကျေးရွာများရှိ ရေလုပ်သားများနေထိုင်သည့် နေရာတို့တွင် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဧရာဝတီလင်းပိုင်များ ရောက်ရှိလာပါက သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနသို့ အချိန်မီအကြောင်းကြားပေးရန်တို့ကို ဟောပြောခဲ့သည်။

ထိုသို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပညာပေးဟောပြောမှုအတွင်း ငါးရစ်ငါးသန်တားမြစ်ကာလအတွင်း ငါးဖမ်းဆီးနေသူများအား တွေ့ရှိရ၍ ဖမ်းဆီးရာ ပစ္စည်းများကိုသာ သိမ်းဆည်းရရှိခဲ့ပြီး လူများမှာ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ကြသည်။

ဖမ်းဆီးရရှိသည့်ပစ္စည်းများမှာ ၁၆တောင်လှေတစ်စင်းစင်း၊ ၁၁တောင် လှေတစ်စင်း၊ တရုတ်အင်ဂျင် ၇ ဒသမ ၅တောင် နှစ်လုံး၊ တန်းပိုက်လေးလက်၊ မျှောပိုက် နှစ်လက်၊ လှော်တက်တစ်ချောင်းနှင့် HUAWEI အမှတ်တံဆိပ်ဖုန်းတစ်လုံးတို့ကို မြင်းခြံမြို့နယ်အတွင်းမှာ လည်းကောင်း၊ တန်းပိုက် လေးလက်၊ သုံးထပ်ပိုက်လေးလက်တို့ကို ငါန်းဇွန်မြို့နယ်မှလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်စည်ပင်သယာရေးအဖွဲ့၏ ဂျပန်ချေးငွေ (JICA ODA LOAN) ဖြင့် တင်ဒါအောင်မြင်သည့် (WEG) ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ပြည်မြို့မြို့ရေပေးရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအနက် ရေကြည်စုကန် အမှတ်(၁) တည်ဆောက်ခြင်း၊ ပင်မရေစုကန်တည်ဆောက်ခြင်း၊ အနည်ထိုင်ကန်များပြုပြင်မွမ်းမံခြင်းနှင့် အမြန်သဲရေစစ်ကန်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင် ကြည့်ရှုစစ်ဆေးစဉ်။ **(၄၉၇)**

## ပညာရေးဌာနနှင့်မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်းဖွင့်လှစ်သော ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

**မြင်းမူ ဇူလိုင် ၂**
၂၀၁၆-၂၀၁၇ပညာသင်နှစ် ပညာရေးဌာနနှင့် ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိဆရာ ဆရာမ ၃၀ တို့အား ဇွန် ၂၃ ရက်မှ ၂၇ ရက်ထိ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် ညနေ ၄ နာရီခွဲက မြင်းမူ အထက(၁)ခန်းမဆောင်၌ ကျင်းပခဲ့သည်။

မြင်းမူမြို့နယ် ပညာရေးမှူး ဒေါ်မြသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်သန်းသန်းမြင့်က ကျေးဇူးတင်စကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော ဆေးအိတ်၊ ခား၊ ပတ်တီးများကို ပေးအပ်ခဲ့သည်။

ပထမ၊ ဒုတိယ၊ တတိယ ဆုရသင်တန်းသား-သူများနှင့် နှစ်သိမ့်ဆု လေးဦးအား ဆုချီးမြှင့်ပေးခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **၆၂၄**

## လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် ဇူလိုင် ၂**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာအုပ်စု အောက်ငှက်ပျောတောကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော စက်ရေတွင်း တွင်းတိမ်တူးဖော်ခြင်းနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများအား မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ဇွန် ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။ **(ကြေးမုံ)**

# ရှင်ဘုရင့်ဘုန်းမိုးသို့ချုန်း လူပုန်းတောမှာမနေသာ




**à** ကိုရင်ဩ

ယခုရက်သတ္တပတ်အတွင်း အရှေ့တောင်အာရှဒေသတစ်ဝန်းမှ ပေါ်ထွက်လာသော သတင်းများအနက် ကြိုင်သင်းလှသည့် သတင်းတစ်ပုဒ်အဖြစ် အနောက်ပစိဖိတ်သမုဒ္ဒရာအတွင်း ကျွန်းပေါင်း ၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ဦး မြောက်သမ္မတဖြစ်လာမည့် ရိုဒရစ်ဂို ဒူတာတေးကျမ်းသစ္စာကျိန်ဆိုခြင်းသတင်းကို ဇွန် ၃၀ ရက်တွင် ကျွန်ုပ်ဖတ်ရှုလိုက်ရလေ၏။

ထူးခြားသော ပုဂ္ဂိုလ်စရိုက်ဖြင့် နိုင်ငံရေးဘဝကို ဖြတ်သန်းလျက်ရှိသော ဒူတာတေးအတွက် ယခုအချိန်အခါသည်ကား 'ပျားရည်ဆမ်းခရီး'ကာလပေတည်း။

ရိုးသားဖြူစင်သော ပြည်သူများ၏ အချစ်တော် ဖြစ်လင့်ကစား ကောက်ကျစ်ယုတ်မာသော ဒုစရိုက်ဂိုဏ်းသားများ၏ ရန်သူတော် ဖြစ်နေရသူ ဒူတာတေးသည် မေလက ကျင်းပသော ရွေးကောက်ပွဲတွင် သူ၏ပြိုင်ဘက် သုံးဦးအပေါ် အနိုင်ရရှိခဲ့ပြီးလျှင် ပြည်သူတို့က ကြည်ဖြူစွာအပ်နှင်းသော'မန်းဒိတ်' (ဝါ) အခွင့်အာဏာကို ဆုပ်ဆုပ်ပိုင်ပိုင်ရရှိလေတော့သည်။

အသက် ၇၁ နှစ်အရွယ်တွင်အသစ်ကျပ်ချွတ်သမ္မတကြီးဖြစ်လာသူ ဒူတာတေးမှာ စိတ်ဓာတ်ခွန်အားအရ အရွယ်နှင့်မမျှအောင် နုပျိုလန်းဆန်း တက်ကြွနေဆဲဖြစ်၏။ ပြည်သူလူထုအား ထိပါးနှောင့်ယှက်မည့် ရန်သူအပေါင်းကို လှေ့ခွက်ချည်းကျန်အလံမလှဲ စိတ်ဓာတ်ဖြင့် နှိမ်နင်းရန်အားတက်လျက်ရှိ၏။

ဇွန် ၃၀ ရက် က ပြုလုပ်သည့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ဒူတာတေးက ဒုစရိုက်သမားများနှင့် အဂတိလိုက်စားသူများ ကျပ်ကျပ်သတိထားကြဖို့ အတိအလင်းပင် ဘွင်းဘွင်းရှင်းရှင်း ကြေညာမောင်းခတ်ခဲ့၏။ တရားဥပဒေစိုးမိုးရေးကို မလေးမခန့်ပြုသူများ၊ မလိမ့်တပတ်လုပ်သူများကို ထိထိရောက်ရောက် အရေးယူမည်ဟု သူက ကြွေးကြော်ခဲ့၏။ ဥပဒေမဲ့ပြုကျင့်သူများနှင့် အဂတိတရား တိမ်းစောင်းသူများကို အပြတ်ရှင်းမည်ဟု သူက ဌာသံပေးခဲ့၏။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် 'ဇာတ်တူသားစား၍ ဟသ်ာကိုးသောင်းပျက်ရသည်'ဟူသော မြန်မာမှု လောဂျစ်ကို ပြန်ပြောင်းသတိရမိလေသည်။ ဥပဒေကို ရွာလွန်ရွက်တိုက်ပြုတတ်သူများသည် လူသားအချင်းချင်း နိုင်ရာစားလုပ်သူများဖြစ်ကြပေရာ အဆုံးတစ်နေ့၌ ၎င်းတို့သစ္စာမဲ့၍ အားလုံးပျက်စီးရလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

**ကိန်းခန်းမကြီးသည့် သမ္မတကြီးလော**

မြို့တော် မနီလာရှိမာလာကာနန် သမ္မတနန်းတော်၌ ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမှာ အကျဉ်းမျှသာဖြစ်သည်။ ယင်းအခမ်းအနားကို သတင်းယူရန် နိုင်ငံပိုင်မီဒီယာကိုသာ ခွင့်ပြုပေးခဲ့သည်။ သို့တစ်မူကား အခမ်းအနားကျင်းပပုံကို ပြည်သူများအား ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ် လွှင့်ပြသပေးခဲ့လေသည်။

အသစ်ကျပ်ချွတ် သမ္မတကြီး၏ ဥပဓိရုပ်မှာတည်ကြည်ခံ့ထည်လှပြီး ဟန်ဆောင်ညာဝါးမှုမရှိ ပကတိရိုးစင်းသောအသွင်၊ ကိန်းခန်းမကြီးသော အမူအရာကို ရုပ်မြင်သံကြားဖန်သားပြင်ထက်ဝယ် ကျွန်ုပ်တွေ့မြင်ရသည့်အခိုက် ပြည်သူပြည်သားများကို ဗိုင်းကောင်းကျောက်ဖိ ဣန္ဒြေသိက္ခာရှိရှိဖြင့် အုပ်ချုပ်မည့် ပုဂ္ဂိုလ်ကြီးအဖြစ် ကျွန်ုပ်ရှုမြင်မိလေသည်။

"ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးတယ်၊ ကိုယ့်တရားကို ကိုယ်စီရင်တယ်၊ ကိုယ့်ဘဝကို ကိုယ်တည်ဆောက်တယ်ဆိုတဲ့ သဘောတရားက ပြည်သူတိုင်းနဲ့ သက်ဆိုင်ပါတယ်၊ ဖိလစ်ပိုင်နိုင်ငံဟာ အမေရိကအပေါ် မှီခိုအားထားနေမှာ မဟုတ်ဘူး၊ ဖိလစ်ပိုင်ပြည်သူတွေရဲ့ အကျိုးစီးပွားမှတစ်ပါး ဘယ်သူ့ကိုမှ စိတ်ကျေနပ်အောင် လုပ်ပေးနေဖို့ဆိုတဲ့ မူဝါဒကို ကျွန်တော်လက်မခံဘူး" ဟု ဒူတာတေးက သမ္မတတစ်ဦးအဖြစ် ပြည်သူများအား ပထမဆုံးအကြိမ် မိန့်ခွန်းမြွက်ကြားရာတွင် သူ၏ရပ်တည်ချက်ကို ဖွင့်ဟလေသည်။

"တောင်တရုတ်ပင်လယ်ထဲက ပိုင်နက်အငြင်းပွားနေတဲ့ရေပြင်မှာ ကင်းလှည့်စောင့်ကြပ်ပေးမယ့် အမေရိကန်လေယာဉ်တင်သင်္ဘောကြီးနဲ့အတူ လိုက်ပါဖို့ အမေရိကန်က ဖိတ်ခေါ်လာရင် ဝမ်းနည်းပါတယ်ဆိုပြီး ကျွန်တော်ပြောဖို့ ကြံရွယ်ထားတယ်" ဟု သမ္မတသစ်က သူ၏လုံခြုံရေး မူဝါဒပလက်ဖောင်းနှင့်ပတ်သက်၍ ဖော်ပြခဲ့လေသည်။

ထိုမှဆက်၍ ဒူတာတေးက ဒေသတွင်းဆက်ဆံရေးအနေအထားနှင့်ပတ်သက်၍ မည်သို့မည်ပုံ ပုံဖော်သွားမည်ကို အကြွင်းမရှိ ဆက်လက်ဖွင့်ချ၏။ တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများ မြှင့်တင်ရန်အသင့်ရှိနေပုံကို ချပြ၏။ ဖိလစ်ပိုင်နိုင်ငံ၌ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်ရန် တရုတ်နိုင်ငံ၏ ကမ်းလှမ်းချက်ကို ထောက်ပြ၏။

နှစ်နိုင်ငံဆက်ဆံရေးတွင် ချိန်သားမျှတသော သံတမန်အခင်းအကျင်းကို ဖော်ဆောင်သွားလိုသူ ဒူတာတေး၏ ရည်မှန်းချက်နှင့်ပတ်သက်၍ တရုတ်မီဒီယာ၏ စန်းတင်ရေးသားမှု ယခုရက်ပိုင်းအတွင်း ကျွန်ုပ်ဖတ်ရှုခဲ့ရသေးသည်ကို အမှတ်ရမိလေသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ တင်းမာမှုများ ဖြေလျှော့ရေးအတွက် ဖိလစ်ပိုင်အစိုးရအဖွဲ့သစ်က ရည်ရွယ်ရင်းရှိပုံကို ကျွန်ုပ် အကဲခတ်မိလေသည်။

ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်စဉ်တွင် ဒေသတွင်းနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဆီသို့ ဦးတည်နိုင်သော ဖြေရှင်းနည်းကို တရုတ်နိုင်ငံပိုင်'ဂလိုဘယ်တိုင်း'သတင်းစာကြီးက ဖော်ပြခဲ့လေရာ ဖိလစ်ပိုင်နှင့်ပြည်ကြီးတွင်ရစ် ဂန္ဓာရာဇ်နိုင်ငံကြီးအကြား သံတမန်ရေး အခင်းအကျင်းသစ်ဖော်ဆောင်ကြလေပြီဟု ကျွန်ုပ်မိုးတိုးမတ်တတ် အတွေးနယ်ချဲ့မိလေသည်။

**နှိုင်းယှဉ်စရာ မူဝါဒရေးရာ**

သမ္မတသစ် ဒူတာတေး၏ လူမှုရေးဆိုင်ရာ ပလက်ဖောင်းမှာ တစ်မျိုးတစ်ဖုံဆန်းသစ်နေပြန်သည်။

အစိုးရအဖွဲ့သစ်၏ ပဋိသန္ဓေထိန်းချုပ်ရေး အယူအဆမှာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး သဘောတရားနှင့်ဆက်နွယ်နေသည်ဟု ကျွန်ုပ်စောင်းပါးရိပ်ခြည် သဘောပေါက်မိ၏။ မိသားစုဘဝနှင့် လူနေမှုဘဝတို့ နယ်နိမိတ်စည်းဆက်စပ်နေပုံကို သမ္မတကြီး ဒူတာတေးက ထောက်ပြ၏။

"ကလေးများများ မမွေးနဲ့၊ သုံးယောက်ပဲမွေး၊ ပဋိသန္ဓေပွားစီးတာကို ထိန်းချုပ်မှုမပြုကြရင်ဖြင့် ခင်ဗျားတို့ (မိသားစုတွေ) ဆင်းရဲကြလိမ့်မှာပေါ့" ဟု ဒူတာတေးက လူမှုရေး နီတိတစ်ရပ်ကို အနားကွပ်ပြလေသည်။

ဖိလစ်ပိုင်၌ ဆင်းရဲနွမ်းပါးသော မိသားစုများသည် အသီးသီး အသက အသက ကလေးများစွာကို ထိန်းကျောင်းမွေးမြူနေကြရသည်ဟု အစိုးရ၏ စာရင်းအင်းအစီရင်ခံလွှာများက မီးမောင်းထိုးပြနေ၏။ ဆင်းရဲနွမ်းပါးသော မိခင်တစ်ဦးသည် ပျမ်းမျှကိန်းအရ ကလေး ၅ ဒသမ ၂ ဦးနှုန်း ပိုင်ဆိုင်ပြီးလျှင် ချမ်းသာကြွယ်ဝသော မိခင်တစ်ဦးမှာမူ ကလေး ၁ ဒသမ ၉ ဦးနှုန်းသာ ပိုင်ဆိုင်သည်ဟု စာရင်းအင်းပညာရှင်များက ထောက်ပြထားကြ၏။

" ကလေးချစ်တတ်ကြတဲ့ အမျိုးသားတွေ အိမ်ထဲမှာ ငြိမ်ငြိမ်နေကြ"ဟူ၍ပင် ပျော်ပျော်နေတတ်သော သမ္မတကြီးက ရယ်ရွှန်းဖတ်ရွှန်းပင် ပြောကြားခဲ့သည်။

ထိုမှတစ်ဖန် ဒူတာတေး၏ မူဝါဒရေးရာလမ်းညွှန်ချက်များကို ကျွန်ုပ် ဆက်လက်၍ စေ့ငုမိသည်။

ဒူတာတေးဆိုသူကား ဒုစရိုက်သမားများကို တရားဥပဒေစိုးမိုးရေး ရေအလျဉ်တွင် ကန့်လန့်တိုက် လိုက်ပါမှုကို အူလိုက်သည်းလိုက် ရွံမုန်းသူတည်း။ အလျှို အလျှိုသော ဒုစရိုက်ဂိုဏ်းသားများကို အသေအလဲ ချေမှုန်းသုတ်သင်တတ်သူအဖြစ် ဒါဗာအိုမြို့ဝန် ဘဝကပင်လျှင် သတင်းကြီးခဲ့သူဖြစ်၏။ ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်ရာတွင် စံနမူနာပြသခဲ့သူဖြစ်၏။ 'လက်ကသုံးတောင်ဝှေး' ခြောက်လုံးပြူးသေနတ်ကို ခါးတွင်ချိတ်ကာ ဖိလစ်ပိုင်တောင်ပိုင်းရှိ ဒုစရိုက်သားတို့ ကွန်းခိုရာ ဒါဗာအို မြို့၏ လမ်းမများပေါ် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ကာ ကင်းလှည့်စောင့်ကြပ်ပေးခဲ့သူ ဖြစ်၏။

မြို့ဝန်ဘဝတွင် ကျင်လည်စဉ် ဒုစရိုက်ဂိုဏ်းသားများအပေါ် လက်မရှိ့ အာဏာသားပမာ မထောက်မညှာ နှိပ်ကွပ်ခဲ့သူအဖြစ်ရပ်ကျော်ရွာကျော် ပြည်လုံးထင်ပေါ်ခဲ့ပြီးလျှင် အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုလိုသော ပြည်သူ့ အချစ်တော်နိုင်ငံရေးသမား ဘဝကို တည်ဆောက်ခဲ့သူဖြစ်လေသည်။

မူးယစ်ဆေးဝါး ဂိုဏ်းသားများကို အရှင်မထား၊ ငရဲသို့ ပို့မည်ဟု ဆိုသူ ဒူတာတေးသည် ဒုစရိုက်မှုခင်းများ ကျဆင်းခြင်းမှတစ်ဆင့် တိုင်းပြည်အေးချမ်းသာယာကဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သူတည်း။

**အာရှတိုက်၏ ဒေါ်နယ်ထရန့်လော**

ဒူတာတေးအား အာရှတိုက်၏ ဒေါ်နယ်ထရန့်အဖြစ် ပုံခိုင်းမှုကို ကျွန်ုပ်ကြားသိရလေသောအခါ သူလည်း ခေသူမဟုတ်ဟု ကျွန်ုပ် အတွေးဝင်မိလေသည်။

ဒေါ်နယ်ထရန့် ဆိုသူသည်ကား ကျင်းပအံ့သော အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလေကန်ပါတီ၏ သမ္မတလောင်းဖြစ်လာရန် တာစူနေသူတည်း။

ဒူတာတေးကိုယ်၌ကမူ အမေရိကန်၏ အကျော်ဇေယျ ပုဂ္ဂိုလ်ကြီး ဒေါ်နယ်ထရန့်နှင့် သူ့အား ပုံနှိုင်းချင်းကို မနှစ်မြို့ပါချေ။

"သူက အမေရိကန် ကုဋ္ဌေကြွယ်သူဌေးကြီးဗျ၊ သူက တစ်ယူသန်သမား၊ အယူသည်းသမားဗျ၊ ကျုပ်ကတော့ကျုပ်ပါပဲ"ဟူ၍ ဒူတာတေးက ရိုးရိုးသားသား စကားဆိုလေသည်။

ပန်းကုံးစွပ်မှုကို မလိုလား၊ ပကတိရိုးသားသူ၏ ရုပ်ပုံလွှာက ဒူတာတေး၏ မျက်နှာပြင်ပေါ် ပုံရိပ်ဖော်လျက်ရှိသည်ဟု ကျွန်ုပ် တွေးတောမိလေသည်။

ဒူတာတေး၏ ဘဝဖြတ်သန်းမှု အတ္ထုပ္ပတ္တိကို ရေးရေးရိပ်ရိပ်မြင်မိသောအခိုက်ဝယ် ကျွန်ုပ်အတွေးဝင်မိသည်ကား မင်းကျင့်တရား (ဝါ)သမ္မတကျင့်တရား (၁၀)ပါးတည်း။

ထုံးတမ်းစဉ်လာ မပျက်စေရာ ဟူဘိသို့ပင် မင်းကျင့်တရား (သမ္မတကျင့်တရား) ဟူသည် အုပ်ချုပ်သူတို့ ကျင့်ကြံအပ်သော တရားပင် ဖြစ်လေသည်။

မင်းကျင့်တရား၏ သံခိပ် အနှစ်ချုပ်ကို ကျွန်ုပ်နားလည်မိသည်ကား-

၁။ ဆင်းရဲသားများကိုစောင့်ရှောက်ခြင်း
၂။ အကျင့်သီလ ကောင်းမွန်ခြင်း
၃။ ပြည်သူ့အကျိုးအလို့ငှာ မိမိအကျိုးကို စွန့်လွှတ်ခြင်း
၄။ ပြည်သူတို့အပေါ် စေတနာမှန်ကန်ခြင်း
၅။ ပြည်သူတို့အပေါ် မေတ္တာထားခြင်း
၆။ အာဏာယစ်မူးခြင်းမှ ရှောင်ကြဉ်ကာ ရိုးသားစွာ ကျင့်ကြံခြင်း
၇။ ပြည်သူတို့အပေါ် ရန်ငြိုးသိုမှုမရှိခြင်း
၈။ ပြည်သူတို့အပေါ် ညှဉ်းပန်းမှုမပြုခြင်း
၉။ ပြည်သူတို့အပေါ် စိတ်ရှည်သည်းခံခြင်း
၁၀။ ပြည်သူ့ဆန္ဒနှင့် မဆန့်ကျင်ခြင်း

ဟူ၍ ဖြစ်သည်။

တိုင်းပြည် ဂုဏ်ရည်မြင့်အောင် ဦးစွာပြည်သူတို့၏ စွမ်းပကားများအပေါ် တန်ဖိုးထားတတ်ရမည်ဆိုသော အမေရိကန်စာရေးဆရာကြီး ဂျွန်မက္ကဇွဲ၏ 'ခေါင်းဆောင်မှုပညာ' အယူအဆကို ကျွန်ုပ် ပြန်ပြောင်း သတိရမိသည်။

ဒူတာတေးသည် နိုင်ငံတွင်းရှိ လူမိုက်များကို အပြတ်ရှင်းမည့် ဇာတိမာန်ကို ပြသလျက်ရှိလေရာ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော ပြည့်ရှင်မင်း (ဝါ) သမ္မတမင်း သည် တရားဥပဒေစိုးမိုးရေးတည်းဟူသော သန်လျက်တော်ကို မြဲမြံစွာ ကိုင်လျက် ဥပဒေ၏ အထက်တွင် ပုန်းအောင်းနေသော လူ့အန္ဓတို့ကို နှိပ်ကွပ်လေ့ရှိသည့် ပုံပမာကို အာရုံပြုမိရင်း "ရှင်ဘုရင့် ဘုန်းမိုးသို့ချုန်း လူပုန်း တောမှာ မနေသာ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။

> ဒူတာတေးဆိုသူကား ဒုစရိုက်သမားများကို တရားဥပဒေစိုးမိုးရေး ရေအလျဉ်တွင် ကန့်လန့်တိုက်လိုက်ပါမှုကို အူလိုက်သည်းလိုက်ရွံမုန်းသူတည်း။ အလျှိုအလျှိုသော ဒုစရိုက်ဂိုဏ်းသားများကို အသေအလဲချေမှုန်းသုတ်သင်တတ်သူအဖြစ် ဒါဗာအိုမြို့ဝန်ဘဝကပင်လျှင်သတင်းကြီးခဲ့သူဖြစ်၏။

# ကျွန်းစုမြို့ပေါ်၌ ရေစီးရေလာကောင်းမွန်ရေး လမ်းဘေးဝဲ၊ ယာရှိ ရေမြောင်းများတူးဖော်



**ကျွန်းစု ဇူလိုင် ၂**

ကျွန်းစုမြို့နယ်၌ အမှတ်(၁)ရပ်ကွက် ဆိပ်ကမ်းမှစတင်ကာ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် လမ်းဘေး ဝဲ၊ ယာများတွင် မိုးရာသီ၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူးဦးခင်သိန်းမောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များကကြီးကြပ်၍ ဇူလိုင် ၁ ရက်၊ နံနက်ပိုင်းမှ စတင်ကာ ရေမြောင်းများအား ကတ္တလူကျေးရွာရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ ရေငန်ပုဇွန်မွေးမြူရေးစီမံကိန်းမှ စက်ယန္တရားများ အကူအညီဖြင့် စတင်ထူးဖော်နေကြောင်း သိရသည်။

၎င်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကျွန်းစုမြို့စည်ပင်သာယာရေးကော်မတီမှ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ လမ်းဘေး ဝဲ၊ယာ တစ်လျှောက်ရှိ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေအိမ်အဖီချ ဈေးဆိုင်များ ဝင်ရောက်နေခြင်းကို မြို့သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည်ဖြစ်ရာ ဖယ်ရှားပေးနိုင်ရေး အသိပေးစာများ ပေးပို့ထားကြောင်း မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းညွန့်က ပြောကြားသည်။

ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက်မှ အမှတ်(၄)ရပ်ကွက်အထိ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ပေ ၁၄၀၀၀ ရှိ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများအား မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေဖြင့် ဒုတိယသုံးလပတ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**

# မတ္တရာမြို့၌ အယ်နီညိုရာသီဥတု အကြောင်းသိကောင်းစရာများဟောပြော

**မတ္တရာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော အယ်နီညိုရာသီဥတု အကြောင်း သိကောင်းစရာများနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးနည်းစနစ်များအသိ ပညာပေးဟောပြောပွဲကိုဇွန်လ ၂၉ ရက် နံနက် ၁၀နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအောင်ဆန်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးကိုကိုဦးနှင့် ဒုဦးစီးမှူး ဒေါ်အေးမိုးကျော်တို့မှ အယ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာများနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးနည်းစနစ်များကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်း အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့တက်ရောက်သော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား သဘာဝဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဇလွန်မြို့၌ စီမံချက်ဖြင့်စည်းကမ်းမဲ့ ယာဉ်များအား အရေးယူဆောင်ရွက်လျက်ရှိ

**ဇလွန် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ စီမံချက်ကာလအတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီများကို စည်းကမ်းနှင့်အညီ မောင်းနှင်ရေးကို ဇွန် ၁ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကာလအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ ပညာပေးကာလကုန်ဆုံးသွားပြီးဖြစ်၍ ဇွန် ၂၉ ရက်မှစ၍ စည်းကမ်းမလိုက်နာသော မော်တော်ယာဉ်၊ ဆိုင်ကယ်၊ ထော်လာဂျီများကို စတင်အရေးယူ ဆောင်ရွက်နေကြောင်းသိရသည်။

ယင်းသို့အရေးယူဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ ထော်လာဂျီများတွင် ယာဉ်လိုင်စင်မရှိခြင်း ၊ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ နံပတ်ပြားမရှိခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ အသက်မပြည့် မောင်းနှင်ခြင်း၊ အမြန်နှုန်းဖြင့်မောင်းနှင်ခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး သန်းဌေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က တရားစွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ငွေသန်း)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# လားရှိုးမြို့ရှိ တောင်သူများအား တစ်ဧက တင်း ၃၀ ကျော်ပိုမို ထွက်ရှိသည့် စပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

**လားရှိုး ဇူလိုင် ၂**

ခရိုင်အဆင့်စံပြကွက် ၅၀ ဧကအတွက် တစ်ဧကလျှင် စပါးတင်း ၃၀ ကျော်ပိုမိုထွက်ရှိသည့် မျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက လားရှိုးမြို့ ရပ်ကွက်(၁၂)ရှိ လင်းလီခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက မျိုးကောင်းမျိုးသန့်နှင့် အရည်အသွေးမီသော ဓာတ်မြေဩဇာများအသုံးပြုပြီး စံပြကွက်များစိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ သီးနှံအထွက်နှုန်းပိုမိုတိုးတက်လာစေရန် ဒေသအဝှမ်းစိုက်ပျိုးရေးနည်းပညာများ တိုးတက်မြင့်မားလာစေရန်အတွက် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် လားရှိုးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးက ခရိုင်အဆင့်စံပြ ကွက် ၅၀ ဧကအတွက် မျိုးစေ့နှင့် မြေဩဇာကိုစိုက်ပျိုးမည့် တောင်သူများအား ပံ့ပိုးဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာ ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူများ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးလာစေရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းဖြင့် တစ်ဧကစပါးတင်း ၂၀ မှ တင်း ၃၀ ပိုမိုထွက်ရှိလာစေရန်၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် လက်ခံကျင့်သုံးစိုက်ပျိုးဆောင်ရွက်လာစေရန်၊ အရည်အသွေးမီ စပါးမျိုးများ စိုက်ပျိုးခြင်းဖြင့် ပြည်ပဈေးကွက်သို့ပိုမိုတိုးချဲ့ တင်ပို့လာနိုင်စေရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် တောင်သူများ၏ လူနေမှုဘဝစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများပေးအပ်ခဲ့ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **ကိုစိုင်း(လားရှိုး)**

# မုံရွာမြို့ရှိ ဈေးကြီးများတွင် တားမြစ်ထားသော စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**မုံရွာ ဇူလိုင် ၂**

စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ အပြည့်အဝရရှိခံစားနိုင်ရန်နှင့် စံချိန်စံညွှန်းပြည့်မီသော ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက် ယှဉ်ပြိုင်မှု စွမ်းအားမြင့်မားပြီး လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ဝေစု ပိုမိုတိုးမြှင့်ရရှိနိုင်စေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၏ဦးဆောင်မှုဖြင့် ဇွန် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ချင်းတွင်းရတနာဈေးအတွင်း တားမြစ်ထားသော စားသောက်ကုန်များရောင်းချခြင်း ရှိ၊ မရှိကို စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် အစားအသောက်များ၌ သုံးစွဲခွင့် ပြုထားသော တားမြစ်ဆိုးဆေးများနှင့် ယင်မနားဆေးများပါဝင်သည့် ကုန်ပစ္စည်းများကို မရောင်းချရန်နှင့် လက်ဝယ်ထားရှိပြီး ဆက်လက်ရောင်းချပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ငါးပိ၊ ငါးခြောက်ဆိုင်များနှင့် ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်များအား အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအသောက်များစာရင်းကို ဈေးဆိုင်ပိုင်ရှင်များနှင့် ဈေးတာဝန်ခံတို့အား ဝေငှပေးခဲ့ပြီး စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုဆိုင်ရာ ဥပဒေအကြောင်းအသိပေး ရှင်းလင်းဆွေးနွေးပွဲ ရေဦးမြို့နယ်တွင် ပြုလုပ်

**ရေဦး ဇူလိုင် ၂**

ရွှေဘိုခရိုင်ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအကျိုးပြု ရက် ၁၀၀ စီမံချက်လုပ်ငန်းတစ်ခုဖြစ်သည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ဥပဒေဆိုင်ရာအကြောင်း အသိပေးရှင်းလင်းဆွေးနွေးပွဲကိုဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးဇော်မင်းဦး၊ ပိုးသတ်ဆေးနှင့် မြေဩဇာရောင်းချသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၇၀ ကျော်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးညဏ်ဝင်းက ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ဥပဒေအကြောင်း အသိပေးရှင်းလင်းပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြေအသုံးချရေးဌာနခွဲတာဝန်ခံ ဒေါ်ဆုရွှေစင်က မြေဆီလွှာအမျိုးအစားအလိုက် သုံးစွဲရမည့် ဓာတ်မြေဩဇာများအကြောင်းကိုလည်းကောင်း၊ ခရိုင်သီးနှံပိုးမွှား ကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာဆိုင်ရာ ဥပဒေအကြောင်းအရာများနှင့် သီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ရွှေပြည်သာရပ်ကွက်စာရေး ဦးဝေယံဦးနှင့် ပေကြီးကျေးရွာ တောင်သူ ဦးကျော်ခိုင်တို့က အာမခံချက်ရှိမည့်ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအကြောင်း သိလိုသည့်အချက်များကိုတင်ပြဆွေးနွေးရာ စိုက်ပျိုးရေးဦးစီးဌာနခရိုင်တာဝန်ခံနှစ်ဦးတို့က ပြန်လည်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**သမ်းထိုက်(ရေဦး)**

# တာလေမြို့၌ စပါးပျိုးသက်နု ပျိုးထောင်စိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြစိုက်ပျိုး

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ တာလေမြို့စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူ့အတွက် ပထမရက် ၁၀၀ အကောင်အထည်ဖော်မှုအဖြစ် စပါးပျိုးသက်နုပျိုးထောင်စိုက်ပျိုးနည်းစနစ် သရုပ်ပြစိုက်ပျိုးခြင်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက နားယောင်း ကျေးရွာအုပ်စု ဝမ်ဆာကျေးရွာ ကွင်းအမှတ်(၆၃)၊ ဦးပိုင်အမှတ် (၆၉) ရှိ တောင်သူဦးစိုင်းလုံ၏ လယ်မြေတစ်ဧကတွင် သရုပ်ပြစိုက်ပျိုးခဲ့ကြောင်းသိရသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် တာလေမြို့စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးလွှမ်းမိုးသူက မျိုးစပါးစတင်ပျိုးထောင်ဆောင်ရွက်မှုအခြေအနေများနှင့် တောင်သူများအနေဖြင့် စိုက်ပျိုးနည်းစနစ်များကို စနစ်တကျသိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။

အဆိုပါ သရုပ်ပြစိုက်ပျိုးရာသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်း၊ ခရိုင်မြေအသုံးချရေး၊ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အကျိုးဆောင်တောင်သူများက လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## စီမံကိန်းလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး ပူတာအိုဌာနတွေ့ဆုံစည်းဝေး

**ပူတာအို ဇူလိုင် ၂**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ဦးခန်လင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီတို့က အနာဂတ်၏ ကြယ်ပွင့်လေးများကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများသည် ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမရှိဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဒေသတွင်း ဝမ်းစာဖူလုံရေး၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းတင်ပြကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စီမံကိန်း လျာထားချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက မိမိဒေသတွင်းလုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲပြုလုပ်



**ရေဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်(မျိုးစေ့ဌာနခွဲ ) ရေဦးမျိုးသန့်ခြံ၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီက စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။

သင်တန်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းက "အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးအတွက် အခြေခံကျတဲ့ စိုက်ပျိုးမြေတွေများစွာရှိနေပါတယ်။ စပါးအရည်အသွေးပြည့်ဝဖို့အတွက် သူများနိုင်ငံတွေတောင်မှ လုပ်နိုင်သေးတာ ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးမြေတွေပေါပြီး သဘာဝတောတောင်ရေမြေ တွေပေါများတဲ့ ကျွန်တော်တို့နိုင်ငံက တကယ်လုပ်ရင် ပိုမိုဖြစ်ထွန်းပြီး အထွက်နှုန်းတိုးတက်လာမှာ အသေအချာပဲလို့ ပြောလို့ရတယ်။ မြေပြင်မှာ ထိထိရောက်ရောက် အမှန်တကယ် အကောင်အထည် ဖော်ဖို့လိုနေပါတယ်" ဟု အကြံပြုပြော ကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အစိုးရသစ်လက်ထက် စိုက်ပျိုးရေးကဏ္ဍ တိုးချဲ့လုပ်ကိုင်သွားမည့်အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်ပြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများဖြစ်ကြသော ဒေါက်တာမင်းသိန်း၊ ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်းနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးပညာရှင်များက ဖန်ဘူးထဲတွင်ပြသထားသော အရည်အသွေးမီခြံထွက်စပါးမျိုးစေ့များနှင့် ထွက်လာသည့် ဆန်အရည်အသွေးနမူနာများ ပြသထားရှိမှုကို ကြည့်ရှုလေ့လာကြပြီး စပါးစိုက်ပျိုးထားသည့် စိုက်ကွင်းသို့ လှည့်လည်ကြည့်ရှုကြရာ ရေဦးမျိုးသန့်ခြံမန်နေဂျာ ဦးတင်မောင်ဝင်းက စိုက်ပျိုးထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်သည့် နည်းပညာပေးသင်တန်းသို့ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ ယင်းမာပင်ခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား ၁၃၄ ဦး၊ မျိုးစေ့ထုတ်လုပ်မည့် တောင်သူ ၄၁ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်က စပါးသီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့် နည်းပညာများ၊ ရွှေဘိုခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးစေ့ဥပဒေ၊ တိုင်းဒေသကြီးမျိုးစေ့ဌာနခွဲ ဒေါ်လဲ့လဲ့အေးနှင့် ဒေါ်ခင်မာထွေးတို့က မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းနှင့် မျိုးကွဲပယ်ခြင်းနည်းပညာများကို သင်ကြားပို့ချပေးခဲ့သည်။

ယင်းနောက်သင်တန်းသားများက စိုက်ကွင်းအတွင်းသို့ သွားရောက်ကာ မျိုးကွဲပယ်ခြင်းနှင့် ပေါင်းမြက်နှိမ်နင်းခြင်းနည်းစနစ်များကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သမ်းထိုက်(ရေဦး)**

# အန္တရာယ်ဇုန်အတွင်းရှိ မြေပြိုဘေးသင့် ကျန်ရှိအိမ်ထောင်စုများနှင့် ပြောင်းရွှေ့လိုသည့် အိမ်ထောင်စုများအား မြေနေရာများပေးအပ်



**လွိုင်ကော် ဇူလိုင် ၂**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ မြေပြိုဘေး ဖြစ်စဉ်ကြောင့် အန္တရာယ်ဇုန်အတွင်းရှိ မြေပြိုဘေးသင့် ကျန်ရှိအိမ်ထောင်စုများနှင့် ပြောင်းရွှေ့လိုသည့် အိမ်ထောင်စုများအား မြေနေရာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက ဖားဆောင်းမြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဖားဆောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က မြေနေရာများ ချထားပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြောင်းရွှေ့လိုသည့် အိမ်ထောင်စုများအား မြေနေရာ အကွက်နံပါတ်များ ပွင့်လင်းမြင်သာစွာ မဲနှိုက်ချထားဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ ဘူမိဗေဒပညာရှင် ဒေါက်တာမြင့်စိုး၊ သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကယားပြည်နယ် သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်သန်း ဦးဆောင်သော အဖွဲ့များမှ မော်ချီးဒေသသို့ ကွင်းဆင်းစစ်ဆေးပြီး မြေပြိုနိုင်သည်ဟု ယူဆရသော ဧရိယာခြောက်နေရာတွေ့ရှိရ၍ ၎င်းတို့၏ အစီရင်ခံစာအရ မော်ချီးဒေသ၊ သဘာဝဘေးဖြစ်ပေါ်လာပါက အဆင်သင့်ပြောင်းရွှေ့နေထိုင်နိုင်ရေး အရှေ့၊ အနောက်၊ တောင်နှင့် မြောက်လမ်းများအပါအဝင် ပေ (၆၀) ပတ်လည် မြေကွက်သစ် ၁၅၂ ကွက်ကို မော်ချီးဒေသ ပြန်လည်ထူထောင်ရေးကော်မတီ ကယားပြည်နယ်အစိုးရအဖွဲ့က ဖော်ထုတ်ပေးခဲ့သည်။

အဆိုပါမြေနေရာများ ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူနှင့်အဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မော်ချီးဒေသ ပြန်လည်ထူထောင်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြောင်းရွှေ့လိုသည့် အိမ်ထောင်စုများ၏ မိသားစုဝင်များ တက်ရောက်ခဲ့သည်။

**ကယားပြန်/ဆက်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲပြုလုပ်

**အိမ်မဲ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက အိမ်မဲမြို့နယ် ဂယက်ကြီးကျေးရွာအုပ်စု ရုံးချောင်ဝိမလာရုံစာသင်တိုက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်၍ မြို့နယ်ဦးစီးမှူး ဒေါ်စုစုသိန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်ပေးသည့်အတွက် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူဖြစ်စေပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ သွားလာရေးအဆင်ပြေသော်လည်းစက်ပစ္စည်းများ ပျက်ပါကပြင်ဆင်ရန် ခက်ခဲကြောင်း ယခုသင်တန်းကြောင့် မိမိတို့ အသက်မွေဝမ်းကျောင်းပြုဆောင်ရွက်နိုင်ရန်သာမက အများပြည်သူအကျိုးကိုပါ ကူညီနိုင်တော့မှာဖြစ်ကြောင်း သင်တန်းသားတစ်ဦးက ပြောသည်။

**မြို့နယ် ပြန်/ဆက်**

## ကြံသီးနှံမြေသြဇာကျွေးခြင်းနှင့် ပေါင်းရှင်းပေါင်လုံးခြင်းနည်းစနစ်သရုပ်ပြပွဲပြုလုပ်



**ဘီးလင်း ဇူလိုင် ၂**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ဇွန် ၂၉ ရက်က ကြံသီးနှံမြေသြဇာကျွေးခြင်းနှင့် ပေါင်းရှင်းပေါင်လုံးခြင်း နည်းစနစ်သရုပ်ပြပွဲကို ဒေါက်ရပ်ကျေးရွာရှိ ဦးတင်စိန်၏ စံပြကြံစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ကြံသီးနှံကို ရာသီအမီစိုက်ပျိုးပြီး မြေသြဇာကျွေးခြင်းနှင့် ပေါင်းရှင်းပေါင်လုံးခြင်းကြောင့် ကြံပင်ယိုင်လဲမှု မရှိခြင်း၊ ခေါင်းလုံးအောင် ပေါင်ကြီးလုံးခြင်းဖြင့် မိုးတွင်းကာလရေဝပ်ဒဏ်ခံနိုင်ခြင်း၊ ပေါင်းမြက်ကင်းစင်ခြင်း၊ ကြံပင်လုံးပတ်ကြီးထွားဖွံ့ဖြိုးခြင်းတို့ကြောင့် စံချိန်မီ တစ်ဧကအထွက်နှုန်း ပြည့်ဝစွာရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသက်ဆွေက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများက လက်တွေ့ကွင်းဆင်းပြုလုပ်ပြသ၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အေးမျိုးမျိုးစံ (ပြန်/ဆက်)**

## မိုင်းတုံ၌ ကျေးလက်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် အုတ်ရေကန်တည်ဆောက်ပြီးစီးမှု သွားရောက်စစ်ဆေး

**မိုင်းတုံ ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သိန်း ၂၂၀ ဖြင့် အရှည်ပေ ၂၇၅၀၊ အကျယ် ၁၂ ပေရှိ မဲကင်ကျေးရွာတွင်း ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေအား ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးအောင်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်လွင်တို့က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဂေါ်တောကျေးရွာ၌ ၁၅ ပေ၊ ၁၀ ပေ၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ပြီးစီးမှု အခြေအနေအား ထပ်မံသွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုင်းတုံပြန်/ဆက်**

# မုံရွာမြို့နယ်ကျေးလက်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ပြီးစီးအောင်မြင်

**မုံရွာ ဇူလိုင် ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းအရပ်ရပ်များ လတ်တလောကာလတွင် ပြီးစီးအောင်မြင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

ရက်ပေါင်း ၁၀၀ အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူတောပလ္လင်-ကြာပိုင်-ပေါက်ပင်လမ်း ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်း၊ ဗန်စီ-လှည်းဒါး-မြိုင်စီလမ်း ဂျင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းတွေကိုလည်းကောင်း၊ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ ရည်ရွယ်ပြီး လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းနှင့် အခြေခံ အလှပြုပြင်ရေးသင်တန်းတွေ ဖွင့်လှစ်ခြင်းလုပ်ငန်းတွေကိုလည်းကောင်း ၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေရရှိမည့် မုံရွာမြို့နယ်အတွင်းရှိ ပလ္လင်(မ)ရွာ၊ တဲတိုက်ရွာ၊ တွင်းချောင်းရွာ၊ ရှင်ငါးဆယ်ကျေးရွာနှင့် လှည်းဒါးကျေးရွာများတွင် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းစသည့် လုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်ဟု မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျောင်းပတ်ဝန်းကျင် စိမ်းလန်းရေး မြင်းမူမြို့ အထက(၂)တွင် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း များပြုလုပ်

**မြင်းမူ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ အခြခံပညာအထက်တန်းကျောင်း၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ဇွန် ၂၉ ရက် နံနက်ပိုင်းကပြုလုပ်ခဲ့သည်။

ယင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းနှင့် အ-ထ-က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးတို့က သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်နှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးတို့အတွက် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးစကားပြောကြားခဲ့ကြသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် သဘာဝပတ်ကျင်းထိန်းသိမ်းရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် 'သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး' ခေါင်းစဉ်ဖြင့် ပထမဆုရရှိသာ မရွှေရည်မြင့်အောင်၊ ဒုတိယဆုရရှိသော မောင်မျိုးမင်းခန့်နှင့် တတိယဆုရရှိသော မခိုင်ဇင်ဝင်းတို့ကို မြို့နယ်သစ်တောဦးစီးမှူးရုံး အစီအစဉ်ဖြင့် ငွေသားဆုများကို မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးတင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းနှင့် အ-ထ-က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးတို့က အသီးသီးပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ကျွန်းပင် ၅၀ နှင့် တမာပင် ၅၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။ မြင်းမူမြို့ သစ်တောဦးစီးဌာန အနေဖြင့် ယခုချိန်ထိ ပျိုးပင်ပေါင်း ၃၃၁၀၀ ကို ဖြန့်ဝေစိုက်ပျိုးပြီးကြောင်း သိရသည်။

**အောင်စိုးဖေ**(IPRD)

## စပါးဖျက်ခရုကာကွယ်နှိမ်နင်းနည်း လက်ကမ်းစာစောင်များ ဒေသခံပြည်သူများထံ လိုက်လံဖြန့်ဝေ

**လှိုင်းဘွဲ့ ဇူလိုင် ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်သီးနှံကာကွယ်ရေးဌာနက ထုတ်ဝေသော စပါးဖျက်ခရုကာကွယ်နှိမ်နင်းနည်း လက်ကမ်းစာစောင်များကို ဇွန် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် မြို့နယ်အနှံ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လက်ကမ်းစာစောင်တွင် ခရုများဆိုးရွားစွာ မကျရောက်နိုင်ရန်၊ ငွေကြေးအကုန်အကျသက်သာစေရန်အတွက် ကန်သင်းဘေးရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ခရုဥများကိုလက်ဖြင့်ကောက်ယူ၍ ရေမြှုပ်ဖယ်ရှားခြင်းတို့ကို လယ်သမားများ အချိန်နှင့် တစ်ပြေးညီ ညီညွတ်စွာ ဆောင်ရွက်ကြစေရေးစသည့် လယ်သမားများ သိသင့်သည့် အကြောင်းအရာများကို အလေးထား၍ နှိုးဆော်ဖော်ပြထားသည်။

ယင်းနေ့က လူစည်ကားရာ နေရာများဖြစ်သောမြို့မဈေး၊ ကားဂိတ်၊ လက်ဖက်ရည်ဆိုင်၊ လမ်းဆုံလမ်းခွများတွင် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက လက်ကမ်းစောင်ရေ ၃၀၀ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်**



# တာချီလိတ်၌ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း အသိပညာပေးရှင်းလင်း

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်သူများအား ပိုမိုစနစ်ကျပြီး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ အသိပညာပေးရှင်းလင်းခြင်းကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေနံဓာတ်ငွေ့ရည်ဆိုင်ရာသိကောင်းစရာများ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများ ရောင်းချရာတွင် မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ် မဖြစ်ပေါ်စေရန် သတိပြုလိုက်နာရမည့်အချက်များ၊ ရေနံဓာတ်ငွေ့ရည် သုံးစွဲသူများ အထူးဂရုပြု လိုက်နာဆောင်ရွက်ရန်အချက်များ၊ ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းအပေါ် လိုင်စင်အမျိုးအစားများအား အသိပညာပေးဟောပြောခြင်းနှင့် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ဆောင်ရွက်မှုအဖြစ် ယာယီလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ဦးက ယင်းနေ့ အသိပညာပေးရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲတွင် တက်ရောက်လာသည့် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များက သိလိုသည်များအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားပြီး၊ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံ Cylinder Warehouse ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် (ဃ)လိုင်စင်နှင့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင်(င)တို့အား တာချီလိတ်မြို့မှ ၃၀ ဦး နှင့် မိုင်းယောင်းမြို့မှတစ်ဦး စုစုပေါင်း ၃၁ ဦးတို့အား ယာယီလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။**ဝေယံလင်း(ပြန်/ဆက်)**

## စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲကျင်းပ

**မြဝတီ ဇူလိုင် ၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမတွင် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (MJC)မှ စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး One Day Seminar ဟောပြောပွဲကို ၂၀၁၆ ခုနှစ် ဇွန် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာပြုလုပ်ခဲ့သည်။

ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က မြန်မာ-ဂျပန် စင်တာမှ ဒေါက်တာမြင့်စန်းက Business Competition For Entrepreneurs ; Challenges a Opportunities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် Effects of AEC in Myanmar; Opportunities & Challenges ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲကို မြန်မာ-ဂျပန်စင်တာ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြဝတီကုန်သည်ကြီးများအသင်းတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စီးပွားရေး၊ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် စီမံခန့်ခွဲသူများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးမှုကွာဟချက်များ နည်းပါးစေရေး၊ အာဆီယံနိုင်ငံများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေး ကွာဟချက်များ နည်းပါးစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရေးရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မြန်မာ-ဂျပန်စင်တာမှ မန်နေဂျာဒေါက်တာသန်းသန်းအောင်က ပြောသည်။

ဟောပြောဆွေးနွေးပွဲအခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန မြဝတီကုန်သွယ်ရေးဇုန်မှ ညွှန်ကြားရေးမှူး ဦးတင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီကုန်သွယရေးဇုန်မှ OSS အဖွဲ့ဝင်များ၊ မြဝတီခရိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့တွင် မြို့ပေါ်လေးရပ်ကွက်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဇွန် ၃၀ ရက် နံနက်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်ကျန်းမာရေးမှူးနှင့်အဖွဲ့က ကျန်းမာရေးအသိပညာပေးဟောပြော၍ ကျန်းမာရေးစစ်ဆေးပေးကာ သောက်သုံးရေများ၌ အဘိတ်ဆေးခပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။သတင်းနှင့်ဓာတ်ပုံ- မြို့နယ်ပြန်/ဆက်

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အဖြစ်ငါးမောင်းကျေးရွာ မူလွန်ကျောင်း၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ယင်းမာပင် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က ငါးမောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြန်/ဆက်ဦးစီးဌာနနှင့် အဆိုပါကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများပူးပေါင်း၍ စာဖတ်ဝိုင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ခဲ့သည်။

ယင်းစာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးရခြင်းမှာကျောင်းသား၊ ကျောင်းသူများကျောင်းနေစဉ် ကာလကပင်အပြင်ဗဟုသုတများရရှိစေရေးနှင့် စာဖတ်ပြီးလျှင်ဦးနှောက်ထဲတွင် မှတ်သည့်အလေ့အကျင့် ရရှိစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း ကျောင်းသား၊ ကျောင်းသူများကို စာဖတ်ဝိုင်းဆောင်ရွက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပပေးပြီး အမှတ်အများဆုံးရသူများအား ဆုများပေးအပ်ခဲ့သည်။

**သန်းဌွေးအောင်(ကနီ)**

## စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံ သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအသိပညာသင်တန်းဆင်းပွဲကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ တိုင်းဒေသကြီးစီမံကိန်းဦးစီးဌာနရုံး၌ ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာနရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုင်းကြိုးများပြန်လည်တပ်ဆင်၍ ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှုမရှိ အပြည့်အဝရရှိနိုင်စေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က မြို့မ တောင်ရပ်ကွက် မြို့မရပ်ကွက်နှင့် မြို့မကွက်သစ်ရပ်ကွက်တို့တွင် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့်အမြင့်မတင့်တယ်သည့် ဓာတ်အား ကြိုးလိုင်းများ ပြုပြင်ခြင်း၊ သစ်သားတိုင်များနေရာတွင် ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုနှင့် တာဝန်ခံအင်ဂျင်နီယာဦးသူရဇော်တို့က အနီးကပ်ကြီးကြပ်၍ အ-ထ-က(၁)ရှေ့ လွတ်လပ်ရေးဈေးလမ်းအတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်လှဲဖြတ်တောက်ခြင်း၊ မြို့မရပ်ကွက် စေတီကြီးလမ်း၊ မြို့မတောင်ရပ်ကွက်ဗိုလ်ချုပ်လမ်းနှင့် မြို့မကွက်သစ်ရပ်ကွက် ပန်းထိမ်တန်းလမ်းအတွင်း သစ်သားဓာတ်အားတိုင်များနေရာတွင် ကွန်ကရစ်တိုင်များအစားထိုးလဲလှယ်ခဲ့သည်။

အမြင့်မတင့်တယ် သည့် ဓာတ်အားလိုင်းကြိုးများ ပြုပြင်တပ်ဆင်ခြင်း၊ ကိုင်းရှင်းခြင်းလုပ်ငန်းများကို ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိဘဲ ဓာတ်အားအပြည့်အဝ ရရှိနိုင်စေရန်အတွက် လိုအပ်သည့် အစားထိုးပြုပြင်ခြင်း၊ လိုင်းရှင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## သင်ဖြူးဖျာရက်လုပ်ငန်းကြောင့် အမျိုးသမီး ၂၀၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများလာ



**မုံရွာ၊ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ကျော်တွင် သင်ဖြူးဖျာရက်လုပ်ငန်းလုပ်ကိုင်ကြရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

သင်ဖြူးဖျာရက်လုပ်ငန်းကို ၎င်းကျေးရွာများတွင် ရှေးယခင်ကတည်းကမိရိုးဖလာ လုပ်ငန်းအဖြစ်လုပ်ကိုင်လျက်ရှိပြီး ယခုအခါတွင် အမျိုးသမီးဦးရေ ၂၀၀၀ ကျော်အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိပြီး အမျိုးသမီးတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၀၀၀ ကျော် ဝင်ငွေရရှိလျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

"သင်ဖြူးဖျာရက်လုပ်ငန်းက ဒီဒေသမှာတော့ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်လာတဲ့ မိရိုးဖလာလုပ်ငန်းတစ်ခုပါ။ ကုန်ကြမ်းကိုတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ဟုမ္မလင်း၊ ခန္တီး၊ ကသာမြို့နယ်တွေနဲ့ ကချင်ပြည်နယ်အတွင်းက ဗန်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းမြို့နယ်တွေမှာ နိုဝင်ဘာလကနေ မတ်လအထိ ငါးလလောက်အတွင်းမှာ ရှာရတယ်။ ဖျာကတော့ တစ်နှစ်ပတ်လုံးရက်ကြတယ်။ အမျိုးသားတွေက ကုန်ကြမ်းရှာပြီး ကုန်ချောရောင်းချတဲ့အလုပ်ကို လုပ်ကြတယ်။ အမျိုးသမီးတွေကတော့ ဖျာရက်တဲ့လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြတယ်။ အိုးမကွာအိမ်မကွာနဲ့ လုပ်နိုင်ပြီး ဝင်ငွေရတဲ့လုပ်ငန်းတစ်ခုပါ။ လူဦးရေများတဲ့ မိသားစုဆို ပိုပြီးအဆင်ပြေတယ်။ အရင်းအနှီးနည်းနည်းနဲ့ လုပ်ကိုင်လို့ရတဲ့ လုပ်ငန်းဖြစ်တော့ ကိုယ်ပိုင်လုပ်ကိုင်ကြတာများပါတယ်" ဟု ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာမှ သင်ဖြူးဖျာရက်လုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်စိုးက ပြောသည်။

သင်ဖြူးဖျာရက်လုပ်ငန်းတွင် သင်ကုန်ကြမ်းများကို ကျေးရွာအတွင်းမှ တစ်ဆင့်ဝယ်ယူကာ (၆×၆)ပေ၊ (၆×၅)ပေ၊ (၆×၄)ပေ၊ (၆×၃)ပေ၊ (၂×၂)ပေ အရွယ်အစားရှိ ဖျာများ ရက်လုပ်ကြပြီး ဒိုင်များသို့ ရောင်းချကြကြောင်း သိရသည်။

"သင်ကုန်ကြမ်းတွေကို ဝယ်ယူပြီး တစ်ညရေစိမ်ရတယ်။ ရေစိမ်ပြီးရင် တစ်ရက်ကိုဖျာရက်ဖို့ သင်နီးဖျာရတယ်။ ဖျာပြီးသားနီးတွေကို တစ်ရက် နေလှမ်းရတယ်၊ ပြီးမှ (၆×၆)ပေပတ်လည် ဖျာတစ်ချပ်ကို ကုန်ကြမ်း ကျပ် ၈၀၀၀ ဖိုးဝယ်ရတယ်။ နှစ်ရက်ကြာရက်ရတယ်၊ ဖျာတစ်ချပ်ကို အကြောတစ်ချပ်နဲ့အူတစ်ချပ် နှစ်ချပ်ရက်ပြီး စက်နဲ့တွဲချုပ်ရတယ်။ အဲဒါမှ ဖျာတစ်ချပ်ရတာ၊ (၆×၆)ပေဖျာတစ်ချပ် ရက်ပြီးရင် သင်အူ တစ်ပိသာလောက်ပိုတယ်။ ပြန်ရောင်းရင် ကျပ် ၁၈၀၀ ရတယ်။ ရက်ပြီးသား (၆×၆)ပေဖျာတစ်ချပ်ကို ငွေကျပ် ၂၀၀၀၀ နဲ့ ဒိုင်ကိုသွင်းရတယ်။ ကုန်ကျစရိတ်နုတ်လိုက်ရင် တစ်ချပ်ကို ငွေကျပ် ၃၀၀၀ ကျော်လောက် ကျန်တယ်။ မိသားစုလိုက်လုပ်နိုင်ရင်တော့ ပိုပြီးဝင်ငွေရမှာပါ" ဟု ဘုတ်စုကျေးရွာမှ သင်ဖြူးဖျာရက်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် လုပ်ကိုင်လျက်ရှိသော သင်ဖြူးဖျာ ရက်လုပ်ငန်းကို ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဘုတ်စု၊ ငွေသာ၊ ရင်ပေါင်တိုင်၊ လင်းစားကျက်၊ သူဌေးကုန်း၊ ငါးခုန်၊ ရှားတော၊ ညောင်ပင်ကိုင်း၊ တောင်ကြား၊ နှောကုတ္တိ၊ သံလျက်ကိုင်း၊ အောင်ချမ်းသာ၊ ရွာသာအေး၊ ကန်တော်သာ၊ ခွန်သာ၊ ဆားခါး၊ ပေါင်းဝ၊ ဖောင်တော်၊ ကန်သာ၊ နတ်ကျွန်းနှင့် နတ်စက်ကျေးရွာများတွင် အများဆုံးလုပ်ကိုင်ကြပြီး ထွက်ရှိလာသော သင်ဖြူးဖျာများကို မုံရွာ၊ မန္တလေးနှင့် မြစ်ကြီးနားမြို့များသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြရာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် မိရိုးဖလာလက်မှုလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိသည်။

**မင်းဝေ (မုံရွာ)**

## တာချီလိတ်မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ပြုလုပ်

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁) တာချီလိတ်ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် ၁၀ ရပ်နှင့် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ယာယီရဲမှူးရင်ရင်အေးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများနှင့် မှုခင်းဖြစ်စဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဝေါလ်ဗွီးရှင်း (မြန်မာ) တာချီလိတ်မှ မန်နေဂျာ ဒေါ်နန်းခမ်းခေါင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စီမံချက်ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဝေယံလင်း**

## အခြေခံရှေးဦးသူနာပြုစုခြင်း(First Aid) သင်တန်းဆင်းပွဲကျင်းပ

**နမ့်ဆန် ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် 3 MDG အထောက်အပံ့ဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် CESVI Burnet Institute တို့ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မိခင်နှင့်ကလေး ကျန်းမာရေးစီမံချက်တွင် ပါဝင်သော လူမှုကူညီရေးအသင်းများအတွက် အခြေခံရှေးဦးသူနာပြုစုခြင်း (First Aid) သင်တန်းဆင်းပွဲကို ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ နမ့်ဆန်မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များမှ သင်တန်းသား ၃၀ တို့က ငါးရက်ကြာ တက်ရောက်ပြီး သင်တန်းတွင် ရှေးဦးပြုစုခြင်း အသိပညာများ၊ မိမိပတ်ဝန်းကျင်ရှိ ဝေဒနာရှင်များအား လက်တွေ့အသုံးချ ရှေးဦးပြုစုခြင်းဖြင့် ပြုစု၍ နီးစပ်ရာဆေးရုံသို့ စနစ်တကျပေးပို့နိုင်ရေး အစရှိသော စာတွေ့လက်တွေ့များဖြင့် သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# မွေးနေ့ဆုတောင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော် ဦးဘိုကြီး၏ ၃-၇-၂၀၁၆ ၌ (၆၈) နှစ်ပြည့်မွေးနေ့မင်္ဂလာတွင် ထိပ်ဦးကဆရာတော်ကြီးများ၊ ကျောင်းထိုင်ဆရာ တော်ကြီး များအား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပါသည်။

ကျေးဇူးရှင်ဖခင်ကြီးသည် ပြုလုပ်ခဲ့ပြီးသော ကောင်းမှုကုသိုလ်များ၊ ပြုလုပ်ဆဲကောင်းမှု၊ နောင်ပြုလုပ်မည့် ကောင်းမှုကုသိုလ်အစုစုတို့ကြောင့် ဘဝဆက်တိုင်း အမျိုး ဘာသာ သာသနာကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပြီး သက်ရှည် ကျန်းမာ စိတ်ချမ်းသာ၍ လိုအင်ဆန္ဒမှန်သမျှ ပြီးပြည့်စုံနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းလျက် .....

ချစ်ဇနီး ဒေါ်သန်းသန်း (သီရိသုဓမ္မသိင်္ဂီ)

သား၊ သမီး၊ မြေးများ၊ ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက် မိသားစု

Certificate TH09/3125
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။




ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

“ဂုဏ်ယူဝမ်းမြောက်ခြင်း”




ကမ္ဘောဇဘဏ်လီမိတက်၏

ဘဏ်ခွဲ “၄၀၀” ပြည့်

ကို ၂၈.၆.၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊
၂၀၁၆ ခုနှစ် ၊ မေလ နှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံ နှင့် စင်ကာပူနိုင်ငံ တို့၌
နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်လိုင်စင် ရရှိခဲ့ခြင်းနှင့်
နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း တို့အတွက်
ကမ္ဘောဇဘဏ်လီမိတက် နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

ဦးလှမျိုး (MD)
*Aung Myin Thu Group of Companies*

ဦးခွန်နောင်မြင့်ဝေ (ဥက္ကဋ္ဌ)
*Wa Minn Group of Companies*

ဦးနောင်ခွန်မြင့်ဝေ (CEO)
*Sumitomo Electric Cable (WM Power Co., Ltd.)*

ဦးသူရမောင် (MD)
*Yangon Triple Co., Ltd.*

U Marcus Lwin (CEO)
*RD Studio Co., Ltd.*

ဦးစောငြိမ်း (ဥက္ကဋ္ဌ)
*Aung Myin Thu Group of Companies*

ဦးလွင်မိုး (ဥက္ကဋ္ဌ)
*Maze Co., Ltd.*

ဦးစောလှလှထော် (ဥက္ကဋ္ဌ)
*Sky Wings Co., Ltd.*

ဦးဇော်လတ် (ဥက္ကဋ္ဌ)
*Myanmar Indobest Co., Ltd.*

ဦးကျော်သီဟ (CEO)
*Inle Future Development Public Co., Ltd.*

**အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီ ကောလိပ်**

## ကျေးဇူးတင်လွှာ

2nd NMDC CAREER FAIR

အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီ ကောလိပ်၏ ဒုတိယ အကြိမ်မြောက် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ဖြစ်မြောက်ရေးအတွက် အစစ အရာရာ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးပါသော တာဝန်ရှိသူ လူကြီးမင်းများ၊ ဆရာ၊ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

SHWE TAUNG Unilever Max Myanmar Holding Co., Ltd.

RGK+Z&A Group CDSG MYANMAR VOYAGES SMT mizzima








telenor
ငွေဖြည့်လိုက်တိုင်း
facebook နဲ့ Viber
စိတ်ကြိုက်
ဓါတ်ပုံ / ဗီဒီယိုအပါအဝင် Free
အသေးစိတ်အချက်အလက်များကို
www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
*365*3# ကိုဖုန်းခေါ်ရုံနဲ့
Facebook
ဓါတ်ပုံ၊ ဗီဒီယို၊ Post၊ Status၊ Message နှင့် Emoji များကိုအကန့်အသတ်မဲ့
Upload၊ Download လုပ်ရန် အခမဲ့
Viber
ဓါတ်ပုံ၊ ဗီဒီယို၊ Message၊ Sticker များကို ပေးပို့ခြင်း၊ လက်ခံခြင်းများကို
အကန့်အသတ်မရှိ အခမဲ့
* VOIP ဝန်ဆောင်မှုများကိုအသုံးပြုလိုလျှင် ပုံမှန်အင်တာနက်နှုန်းဖြင့် ကျသင့်ပါမည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

IT COMPUTER TRAINING CENTER အိုင်တီကွန်ပျူတာ သင်တန်း HOT LINE - 395353, 253293, 0949290778
GRAPHIC DESIGN | AutoCAD-3ds Max | Service Technician | MOBILE PHONE | ADVANCED EXCEL | Computer Basic

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်



GETC
Communicative English
General English FCE
Enroll Now for July Intake!

| မြောက်ဥက္ကလာ | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/7 | 01-663960, 09259822220 |

Facebook မှာ PES Practical English Speaking
P.E.S.
PRACTICAL ENGLISH
SPEAKING
Washington D.C., New York, San Francisco, Los Angeles
City College of San Francisco, Monterey Park Bruggemeyer Library California, East Los Angeles Unified School District-DACE, East Los Angeles College
U WIN MAW ( Research ) U.S.A.
T. Kate (Dip. in Eng.) UFL
4 Skills ( Listening, Reading, Speaking, Writing )
1. Training For Teachers ( 3 months ) | 3. Ordinary Class (4 months) | 5. Individual ( 4 months )
2. Special Class ( 4 months ) | 4. Grammar ( Adv. ) (4 months) | 6. IELTS/TOEFL
236 (3C), Yadanar street, Myaynigone, Sanchaung Township, Yangon. 503984 / 516503

i-connect
IQN International Qualifications Network
Registered Training Centre
Training Center & International Exam Services
♦ (5) လပတ်သင်တန်း
No.46.(A) Thit Taw Street, Ahlone Township, Yangon, Myanmar Tel : 09-781599967, 09-799966441, 09-440888033

★နေမင်းခြင်္သေ့★
ရာထူးဝင်သင်တန်းကြီး
★စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
★စိုက်ပျိုးရေး၊ ဆက်သွယ်ရေး
★စည်ပင်သာယာရေး
– အငယ်တန်းအင်ဂျင်နီယာ–၁၅နေရာ
– အခွန်အကောက်–၃၀နေရာ
Ph: 09 4200 42200, 09 26433 5331, 09 777 6981 67

HAN GUK Korean Language Center
EPS


ဒေါ်ခိုင်ခိုင်ဝင့်
B.Sc (Chem), DA, LCCI (U K), ACCA Part II
LCCI, ACCA
Ph : 0950 67748, 09254716005, 09798427764

အမည်ပြောင်း ဖခင်အမည်မှန်

Swiss Formula 3 Way Cake
Special Promotion



Swiss FORMULA POWDER CAKE
၀၉-၂၅၀၀၆၂၂၈၂ ၀၉-၇၈၅၆၆၆၆၅၀ ၀၉-၇၈၅၆၆၆၆၅၂ ၀၉-၇၈၅၆၆၆၆၅၃



Yangon Health Guide 2016

မြေကွက်ဝယ်လိုသည်
သီလဝါစက်မှုဇုန်အတွင်း
မြေကွက်များဝယ်လိုပါသည်။
ဖုန်း-၀၉-၈၅၉၀၈၈၃၊
၀၉-၉၇၇၈၁၁၁၈၈

နိုင်ငံတကာအဆင့်မီ ဝေဇ္ဇာနီ ဆေးရုံကြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့



VEJTHANI
TOTAL Orthopedic Solution
သင်အား ပုံမှန်အတိုင်း သန်စွမ်းလှုပ်ရှား သွားလာနိုင်စေရန်
Zaw Maung Medical Services

ဝီနိုင်း

ပထမထပ်(တိုက်ခန်းသစ်)ရောင်းရန်ရှိသည်

(1) Bed.Room(1)ခန်း Kitchen Room(Basin နှင့် Cabinet ပါ)
(၂) အိပ်ခန်း၊ ဧည့်ခန်း Vinyl ပါကေးခင်း၊ Aircon၊ ရေပူရေအေးစက်နှင့် မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ(ကြမ်းခင်း၊ နံရံကြွေပြား)

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှလွင် (၉၁)နှစ်

ဗိုလ်မှူးချုပ်မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှလွင်သည် ၁-၇-၂၀၁၆ရက် (သောကြာနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**

**(၁၉၈၆-၁၉၈၇ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်သူငယ်ချင်းတစ်စု)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်ရီ

### အသက် (၈၄) နှစ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဒေါက်တာသူဇာချစ်တင်၏မိခင်ဖြစ်သူ ဒေါ်တင်ရီ အသက်(၈၄) နှစ်သည် ၁-၇-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အခြေခံကျန်းမာရေးဌာနခွဲ မိသားစု**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်ရီ

### အသက် (၈၄)နှစ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသူဇာချစ်တင်၏ မိခင်ဖြစ်သူ ဒေါ်တင်ရီ အသက်(၈၄)နှစ်သည် ၁-၇-၂၀၁၆ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသောင်းငွေ (၅၉) နှစ်

**A.G.T.I (Civil) (၁၉၈၀ နှစ်၊ အင်းစိန်)**

**သစ္စာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့နေ ဒေါ်သန္တာအုန်း(သစ္စာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုတင်ယု-မမေသန္တာသောင်း (ခေတ္တ-စင်ကာပူ)၊ မမေစန္ဒာသောင်း (Siam University Bangkok)၊ မမေနန္ဒာသောင်း (National Mangement Degree College)တို့၏ချစ်လှစွာသောဖခင်သည် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၉ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်သိန်း-ဒေါ်သီတာလှိုင်**

**ဆုဖြိုးရဲ ကုမ္ပဏီလီမိတက်မိသားစု**

### ဒေါ်ခင်မြင့် (၇၁)နှစ်

**(သုဝဏ္ဏ)**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ တိုက်(၂၀၁)၊ အခန်း(၅)နေ ဦးမြင့်ဆွေ၏ဇနီး၊ Capt.ချမ်းအေးကျော်(PCL Co., Ltd S'Pore)-ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ငွေငွေမြင့် (ဆက်သွယ်ရေး)၊ ဦးဝင်းကိုကို-ဒေါ်အေးအေးမြင့် (ဒု-ကြီးမှူး၊ ငွေစုဘဏ်ခွဲ-၄)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်သုတဆွေ (နောက်ဆုံးနှစ်၊ အပိုင်း-က၊ ရန်ကုန်၊ ဆေး-၁)၊ မောင်သုခကျော် (ဒုတိယနှစ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ မသန့်သန့်သော်တာ (ဒုတိယနှစ်၊ စီးပွားရေးတက္ကသိုလ်)၊ မောင်သန့်သော်ဝင်း (သတ္တမတန်း၊ အလက-၂ ဒဂုံ)တို့၏ဘွားဘွားကြီး ဒေါ်ခင်မြင့်သည် ၂-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၆ (သောကြာနေ့)တွင် တိုက်(၂၉)၊ အခန်း(၉)၊ ဦးဝိစာရအိမ်ရာ ဦးဝိစာရရပ်ကွက်၊ ဒဂုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပေးပါမည်။)

ကျန်ရစ်သူမိသားစု

### မပိုးစန္ဒာခင် (၂၄)နှစ်

**B.Tech**

**ဝေဟင်နတ်သမီး (NOK AIR)2014**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၉၅)၊ မြေညီထပ်၊ (၃၉) လမ်းနေ (ဦးအောင်မျိုး)-ဒေါ်ခင်နှင်းစုတို့၏သမီးကြီး၊ (ဦးဘထိုင်-ဒေါ်စောနု)၊ (ဦးတင်စု)-ဒေါ်မြရင်တို့၏မြေး၊ ဦးမြင့်သန်း-ဒေါ်သန်းသန်းယု၊ ဦးတင်မျိုး-ဒေါ်လှမြတ်စွာ (USA)၊ ဦးအောင်မြတ်ထွဋ်၊ ဦးသန်းဦး-ဒေါ်ဇင်ညိုလတ်၊ ဦးကိုကိုလွင်-ဒေါ်ခင်မျိုးစုတို့၏ တူမ၊ မသိင်္ဂီမေလင်း၏အစ်မ မပိုးစန္ဒာခင်သည် ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးတင်ရီ(ခ)ဦးကီး (၈၆)နှစ်

**တောင်စွန်း**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာနေ (ဦးဆင်ရုံ-ဒေါ်ကေ့ရာ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးစစ်ရင်-ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်ကျင်နု၏ ခင်ပွန်း၊ ဦးအောင်မြင့်ဦး-ဒေါ်သင်းသင်းမြင့်၊ ဦးငွေဝင်း-ဒေါ်သီတာမြင့်၊ ဒေါ်ရီရီဝင်း၊ [ဦးတင်မောင်ဝင်း(ခ)ဖိုးထူး]၊ ဒေါ်နီနီဝင်း၊ ဒေါ်သူသူအောင်တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၆ (စနေနေ့)တွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၆ ရက် နံနက် ၇နာရီတွင် အမှတ်(၃)၊ ပထမထပ်၊ သမိန်ဗရမ်းလမ်းတို၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးသိန်းမြင့် (၆၃)နှစ်

**ဗဟိုတရားရုံးချုပ်ရှေ့နေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၃၃)နေ (ဦးစု-ဒေါ်ရင်လှ)တို့၏သား၊ ဒေါ်မြသိန်း (တာမွေမြို့နယ်သမဝါယမအသင်းစုလီမိတက်)၏မောင်၊ ဒေါ်မြင့်မြင့်စန်း (အထက်တန်းပြဆရာမ-ငြိမ်း၊ အထက-၃၊ တာမွေ)၏ခင်ပွန်း၊ မောင်စိုးသိန်း-မသန္တာလင်း (Lucky bag & Swallow Company)၊ မောင်ကိုကိုဇင်-မသက်သက်ဝေတို့၏ဖခင်၊ မောင်သော်ဇင်ဦး၏အဘိုးသည် ၂-၇-၂၀၁၆ ရက် နံနက် ၁၁း၀၄ နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၆(သောကြာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး**

### ဒေါ်ထားခင် (၉၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် (၁၆၂)၊ ရှစ်လွှာ၊ (၄၆)လမ်းနေ (ဦးခူချူးဝါး-ဒေါ်စိန်ညွှန့်)တို့၏သမီး၊ (ဦးမြသန်း Bo Sun)၏ဇနီး၊ [ဒေါ်အုန်းကြည်(ခ)ဒေါ်မာရီ]၏ ညီမ၊ ဦးမြင့်အောင်(ခ)ဂျက်ကီ၏ အစ်မ၊ (ဦးကြည်စိုး Bo Sun)၊ ဦးနေစိုး (က. က. ငွေ-ငြိမ်း)၊ ဦးနိုင်လင်း-ဒေါ်ခင်သန်းစိုး (ဗိုလ်တထောင်မြို့နယ်၊ ကြက်ခြေနီသူနာပြုတပ်ရင်း-တပ်ခွဲမှူး)တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မောင်စိုးလင်းမော် (ခေတ္တ-U.S.A)၊ မဟန်ဇာခြည်တင်၊ မောင်မျိုးမင်းဇော်၊ မောင်ဉာဏ်လင်းအောင် (ဒသမတန်း-D၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသောအဘွားသည် ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဖြူဉ (၉၂)နှစ်

မြောင်းမြမြို့၊ အမှတ်(၉၃)၊ သီတာလမ်းနေ (ဦးဘိုလွင်-ဒေါ်မြို)တို့၏သမီးကြီး၊ [ဦးထွန်းအေး (မော်ကွန်းဝင် ဒုတိယဆင့်)]၏ဇနီး၊ (ဦးလှရွှေ)-ဒေါ်သန်းရီ၊ ဒေါ်အမာခင်၊ ဒေါ်သန်းရွှေ၊ ဒေါ်သန်းငွေ၊ ဒေါ်တင်ထွေးတို့၏ အစ်မကြီး၊ [ဦးဝင်းမြင့်(ခ)အန်ထော်နီ]၊ ဦးနိုင်ဝင်း(ကိုတူး)-ဒေါ်ခင်ဆွေထွန်း၊ ဦးမြင့်သူ-ဒေါ်ခင်မေထွန်း၊ ဦးဝင်းနိုင်တို့၏မိခင်ကြီး၊ မဆုမြတ်မွန်၊ မောင်စည်သူမင်းထွဋ် (VUC)၊ မောင်ဇေယျာဘုန်းမြင့် (Grade-8-F, T.T.C)တို့၏ အဘွား ဒေါ်ဖြူဉသည် ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၆း၀၅နာရီတွင် မြောင်းမြမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြောင်းမြ မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးတင်ဝင်း(တောင်ငူမြို့)

### အသက် (၇၀)

သာယာဝတီမြို့၊ ဈေးလမ်းနေ (ဦးပြစ်ထောင်-ဒေါ်ရှမ်းမ)တို့၏သား၊ တောင်ငူမြို့၊ ဇေယျာခင်ဦး(၁)လမ်းနေ ဒေါ်သင်သင်ယု၏ခင်ပွန်း၊ ဒေါ်ဆုပန်ဝင်း၊ ဦးအောင်သူဝင်း၊ ဦးသက်နိုင်ထွဋ်တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ရွှေဝင်း (၆၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၁)၊ မြေညီထပ်နေ (ဦးချန်ပိန်ဝမ်း-ဒေါ်အုံးကျင်)တို့၏သမီး၊ ဦးသန်းမောင်-ဒေါ်မြမြစိမ်း၊ (ဦးမြင့်သိန်း)-ဒေါ်စန်းငွေ၊ ဒေါ်သန်းရီတို့၏ညီမ၊ (ဦးမောင်မောင်သန်း)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးသက်ဝင်း)-ဒေါ်ခင်မာ၊ ဦးအောင်မြင့်-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်သီတာတို့၏အစ်မ၊ (ဦးကျော်ဦး)၏ဇနီး၊ မကေခိုင်လင်း၊ မဖြူဝင်းမွန်၊ ကိုသော်ဇင်ဟိန်း-မတင်နီလာကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ တူ/တူမ ၁၄ ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၂-၇-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးသက်ထွန်း(ခ)ဦးသန်းစိန်(ခ)ဦးပိန် (၈၅)နှစ်

**(စိန်အလင်းရောင် ရွှေပန်းထိမ်၊ ယခင် ၃၈လမ်းဈေး)**

**ကျောက်တန်းမြို့နယ်အသင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၁၆)နေ (ဦးသိန်းမောင်-ဒေါ်နု)တို့၏သား၊ (ဒေါ်တင်စိန်)၏ ခင်ပွန်း၊ ဒုရဲအုပ်ကျော်ကျော်လွင်(မှုခင်းရဲတပ်ဖွဲ့)-ဒေါ်စိုးမိုးအေး၊ ဦးအောင်မျိုးထွန်း (အောင်တံခွန် ရွှေပန်းထိမ်)-ဒေါ်လှလှငွေ၊ ဦးဝင်းနိုင်(ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်ဝေ(ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးသက်ထွန်းသည် ၁-၇-၂၀၁၆ (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးကံမြင့် (၈၄)နှစ်

**GTI ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

တောင်ကြီးမြို့၊ တောင်ပိုင်းရပ်နေ (ဦးချစ်-ဒေါ်ဖြူ)တို့၏ သား၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၃၂)၊ ဥပုသ်တော်ရပ်နေ (ဒေါ်စိန်စိန်)၏ ခင်ပွန်း၊ ဒေါ်ညွန့်ရီ၊ (ဒေါ်ညွန့်ကြည်)တို့၏ မောင်၊ (ဦးစိန်ဝင်း)၊ ဦးဖေညွန့်၊ ဒေါ်ကြည်နွဲ့တို့၏ အစ်ကို၊ (ဦးမိုးမြင့်ဦး)-ဒေါ်စောကလျာမြင့်၊ ဦးကိုကိုအောင်-ဒေါ်ရီရီလွင်၊ (ကိုမိုးအောင်အောင်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းဇော်၊ မောင်အိဏ်ကောင်းညိုတို့၏အဘိုးသည် ၁-၇-၂၀၁၆ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးသိန်းမင်း (၅၉)နှစ်

**(လ/ထ အကောက်ခွန်မှူး) အကောက်ခွန်ဦးစီးဌာန**

(ဦးညွန့်ရင်)-ဒေါ်သန်းတို့၏ သား၊ (ဦးမြင့်နိုင်-ဒေါ်ညွန့်)တို့၏ သားသမက်၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်အေးတို့၏မောင်၊ ဦးနွယ်ဝင်း-ဒေါ်ထွေးထွေး၊ ဦးဝေလွင်(အကောက်ခွန်-ငြိမ်း)-ဒေါ်သိင်္ဂီမြင့်၊ ဦးကျော်ကျော်လွင် (မြန်မာနိုင်ငံကြက်တောင် တွဲဖက်အတွင်းရေးမှူး)တို့၏ အစ်ကို၊ ဦးစံငွေး (အကောက်ခွန်၊ မော်လမြိုင်)-ဒေါ်ခင်ကျင်ကျင်၊ ဒေါ်သင်းယုကြွယ်၊ ဦးဇော်ဝင်း-ဒေါ်တင်နုနုနိုင်၊ ဦးဇော်မောင်မောင်နိုင်(အကောက်ခွန်)-ဒေါ်ရီရီချို၊ ဦးဇော်မိုးအောင်(အကောက်ခွန်)-ဒေါ်ခင်လေးနွယ်တို့၏ဦးလေး၊ တူ/တူမ ၁၁ ယောက်တို့၏ဘကြီး၊ မခင်ဝေဝေအောင် (Diamond Star Co., Ltd.)၊ မောင်ပြည့်ဖြိုးအောင်-မသဇင်မိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်သင်းသင်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းမင်း(လ/ထ အကောက်ခွန်မှူး)သည် မောင်တောအကောက်ခွန် ဦးစီးဌာန၌ တာဝန်ထမ်းဆောင်နေစဉ် စစ်တွေ ဆေးရုံ၌ ၂-၇-၂၀၁၆ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စစ်တွေသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၆ (သောကြာနေ့)တွင် အမှတ်(၁၁၇၈)၊ ထူပါရုံအရှေ့ (၂)လမ်း၊ ထူပါရုံ (၁)ရပ်ကွက်၊ သာကေတ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဒေါ်မာမာမြင့်(ခ)ဒေါ်မာမာ(မိတ္ထီလာမြို့)

### အသက် (၅၉)နှစ်

ဦးအောင်ခင်-ဒေါ်လွင်လွင်ခင်၊ ဦးကျော်လင်း-ဒေါ်ကြည်ကြည်မြင့်၊ ဝေါင်ရှုမိန်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိန်ဝင်း-ဒေါ်တင်တင်ယုံ၊ (ဦးလီဆန်း)-ဒေါ်သန်းသန်း၊ ဦးချစ်ဖေ-ဒေါ်စန်းစန်းတို့၏ညီမ ဒေါ်မာမာမြင့်သည် ၂-၇-၂၀၁၆(စနေနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၆ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေညီအစ်ကို မောင်နှမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်သန္တာလွင် (၅၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေအနောက် (၂၂) လမ်း၊ အမှတ်(၁၅)နေ (ဦးစောလွင်)-ဒေါ်တင်မြင့်တို့၏ သမီး၊ ဦးထွန်းအောင်-(ဒေါ်ခင်ကြည်)တို့၏သမီးချွေးမ၊ ဒေါ်နီလာလွင် (အထက-၁၊ သာကေတ)၏ အစ်မ၊ ဦးဝင်းအောင်(မထသ)၏ဇနီး၊ [မညိုမီထွန်း(သမဝါယမဦးစီးဌာန)]၏ မိခင် ဒေါ်သန္တာလွင်သည် ၂-၇-၂၀၁၆(စနေနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### နော်ရီဘက်ခါ(ခ)ဒေါ်ဖိုးရီ

### အသက်(၇၃)နှစ်

**EPC/CISM သူနာပြု(ငြိမ်း)**

မရမ်းကုန်းမြို့နယ်၊ အမှတ် (၃၆)၊ ဦးအောင်မင်းလမ်း၊ (၂)ရပ်ကွက်နေ (စောအေးမောင်-နော်လူးလူး)တို့၏ သမီး၊ (စောမောရစ်-နော်ထွန်းငွေ)တို့၏ သမီးချွေးမ၊(စောဘိုနီအေးမောင်)-နော်ဂရေ့စ်၊ စောရှေးသ-နော်ဟေး(လ်)ဒါ၊ နော်ရှီးဘာ-Rev စောဖောဝါး၊ နော်အက်စတာ-စောခဲလေ၊ နော်ခီးလား-စောဗင်နန်းဖူးညီတို့၏ အစ်မ/ညီမ၊ စောဟက်ဆင်၏ ချစ်လှစွာသော ဇနီး၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဖွားသည် ၁-၇-၂၀၁၆ (သောကြာနေ့) ညနေ ၆း၅၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၉နာရီတွင် ဦးရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းအသင်းတော်၊ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်သန့်စင် (၆၃)နှစ်

**B.Ed(1977)**

**အထက်တန်းပြဆရာမ(ငြိမ်း)၊**

**မော်ကျွန်း(အထက)**

**ခရမ်း(အထက-၁)၊**

**မရမ်းကုန်း(အထက-၁)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ် (၉၀၇/ခ)နေ (ဦးပန်းညွန့်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ ဦးဝင်းသိန်း-ဒေါ်အေးအေးလှိုင်၊ ဦးသိန်းဇံ-ဒေါ်အေးအေးစိုး၊ (ဒေါ်ခင်သန်းအေး)တို့၏ညီမ၊ ဦးအောင်ထူး-ဒေါ်သင်းသင်းစိုး၊ ဦးငွေအောင်-ဒေါ်ရီရီဝင်း၊ ဦးအောင်တိုး-ဒေါ်အေးအေးမော်၊ ဦးဝင်းမင်းညွန့်-ဒေါ်ခင်ညိုညိုသန်းတင်တို့၏အစ်မ၊ တူ/တူမ ၁၄ ယောက်တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်ခင်သန့်စင်သည် ၁-၇-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၆ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှလွင်(တန့်ဆည်မြို့နယ်အသင်း) (၉၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ (ဦးဘိုးရ-ဒေါ်ရွှေအိ)တို့၏ သမီး၊ (ဦးဘိုးရေ-ဒေါ်ဖွားချို)တို့၏ သမီးချွေးမ၊ (ဦးဘသွင်)၏ဇနီး၊ ဦးတူး-ဒေါ်ကြည်သန်း (ဓာတ်ပုံလုပ်ငန်း-ထန်းကုန်း)၊ ဦးဆန်းမောင် (ဦး/ရှိ-ငြိမ်း၊ နယ်စပ်စည်ပင်)၊ (ဦးစိန်တင့်)-ဒေါ်ဝင်း(သ/မဦးစီးငြိမ်း)၊ ဦးနေဝင်း(မြန်မာနိုင်ငံမှုအသင်း)-ဒေါ်ချစ်ချစ် (ခရိုင်တရားသူကြီး-ငြိမ်း)၊ ဒေါ်သစ်သစ် (အထက-၁၊ ရန်ကင်း)၊ ဒေါ်အောင်အောင်(ဦး/ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန)၊ ကပ္ပတိန် မင်းစိုးအောင် (Lizstar Shipping Co., Ltd)-ဒေါ်စန်းစန်းချို (ဦး/ရှိ၊ ပြည်တွင်းအခွန်)၊ မိုင်းဖြတ်မြို့နေ ဗိုလ်မှူးချုပ် မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး အမှတ် (၁-က)၊ ဒေလီယာလမ်း၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်လှလွင်သည် ၁-၇-၂၀၁၆ (သောကြာနေ့) ည ၉း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) ငြိမ်းအေးဇရပ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှလွင်(တန့်ဆည်မြို့နယ်အသင်း) (၉၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ(ဦးဘိုးရ-ဒေါ်ရွှေအိ)တို့၏ သမီး၊ (ဦးဘိုးရေ-ဒေါ်ဖွားချို)တို့၏သမီးချွေးမ၊ (ဦးဘသွင်)၏ဇနီး၊ (ဦးကျော်မင်း-ဒေါ်လှကြည်)၊ (ဦးကျော်စိန်-ဒေါ်ခင်သောင်း)၊ (ဦးပေါ်မြ-ဒေါ်လှရင်)၊ (ဦးကျော်ထိန်)-ဒေါ်ရီရီဝင်းတို့၏ညီမ၊ တူ/တူမ ၁၇ယောက်တို့၏အဒေါ်၊ အမှတ်(၁-က)၊ ဒေလီယာလမ်း၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်လှလွင်သည် ၁-၇-၂၀၁၆ (သောကြာနေ့) ည ၉း၄၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) ငြိမ်းအေးဇရပ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Pu Ignatius Laang Gin Suan (Gam Ngai) (၈၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Gam Ngai ကျေးရွာနေ (Pu Gen Za Lian-Pi Khan Ciin)တို့၏ တတိယမြောက်သား၊ ကလေးမြို့ ကတ်သလစ်သာသနာဂိုဏ်းအုပ်ဆရာတော် Felix Lian Khen Thang, Nu Ciin Ngaih Lun-Pa Kham Go Lian, Ni Ciin Man Niang-(Pa Hang Dal Mung), Pa Hang Son Lian-Nu Niang Hen Nemတို့၏ မွေးသဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး၊ အမှတ် (၁၃/က)၊ ငါးလွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (Pi Thang Gin Man)၏ ချစ်လှစွာသောခင်ပွန်း Pu Ignatius Laang Gin Suan သည် ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၁း၃၀နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်၊ မြေနီကုန်း Fatima ဘုရားကျောင်း၊ ဆူးလေ ဧမာနွေလဘုရားကျောင်းရှေ့၊ ယုဇနမြို့တော်၊ပိတောက်ကွေ့၊ မြောက်ဒဂုံ ၇/၈ လမ်းဆုံ ဘတ်စ်ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးရွှေပြား(ကျောက်ဖြူ-မြေပုံ) (၈၅)နှစ်

**ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား)**

**B.A, B.Ed.**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရုံးတက်လမ်းနေ (ဦးစောမောင်-ဒေါ်ယက်သဲ့မ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၇၇၄/၇၅၅)နေ ဒေါ်အောင်နု၏ခင်ပွန်း၊ ဒေါက်တာမြင့်ရွှေ (ညွှန်ကြားရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ကျော့မြခင်၊ ဦးသာထွန်းအောင် (မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ဝေါမြို့)-ဒေါ်လှလှရွှေတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၇-၂၀၁၆ (သောကြာနေ့) နံနက် ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကမာရွတ် ရွာမပရိယတ္တိစာသင်တိုက် (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ရွာမကျောင်းလမ်းနှင့် ဗဟိုလမ်းထောင့်)၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးစိန်သောင်း (၇၉)နှစ်

**(ရုံပိုင်ကြီး၊ ငြိမ်း)၊ မိုးကုတ်ယောဂီ**

ပျော်ဘွယ်ကြီးနေ (ဦးဘိုးကွယ်-ဒေါ်တင်တင်)တို့၏သား၊ ဒါးပိန်မြို့နယ်နေ (ဦးမြအေး-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ်(၅၆)နေ (ဒေါ်လှရီ)၏ ခင်ပွန်း၊ ဒေါ်ခင်မြတ်ဦး၊ ဦးသက်နိုင်-ဒေါ်သီတာဆင့် (ကထိက၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်ခင်စောမွန်၊ ဦးအေးမြင့်-ဒေါ်နီလာထွေးတို့၏ဖခင်၊ မရတီဖူးပွင့်အောင် (အထက-၂၊ ရန်ကင်း)၊ မမြမှူးသိင်္ဂီ (TTC-ကမာရွတ်)၊ မောင်သုတရှင်းသန့်တို့၏ အဘိုးသည် ၁-၇-၂၀၁၆(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါက်တာခင်သင်းကြည် (၅၅)နှစ်

**တွဲဖက်ပါမောက္ခ(ရူပဗေဒဌာန)**

**မော်လမြိုင်တက္ကသိုလ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၂)လမ်း၊ အမှတ် (၄၅၃)နေ (ဦးထွန်းအောင်)-ဒေါ်ကျင်မြင့်တို့၏သမီး၊ ဦးစိုင်းစိန်မြင့်အောင် (ဘောဂဗေဒ)၊ ဒေါ်ခင်စန်းရီတို့၏ ညီမ၊ ဒေါ်သီသီဟံ (ဘောဂဗေဒ)၊ ဦးနိုင်လင်းထွန်း-ဒေါ်လေးလေးမြင့်၊ ဦးအောင်သူ-ဒေါ်ငြိမ်းငြိမ်းမြင့်၊ (ဦးသောင်းထိုက်)-ဒေါ်ခင်ထွေးလင်းတို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၁-၇-၂၀၁၆ (သောကြာနေ့) ညနေ ၃း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့တပ်မတော်တို့ ချစ်ကြည်ရေးဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-လာအို တပ်မတော်ချစ်ကြည်ရေးပိုက်ကျော်ခြင်းပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (မြဝတီ)

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့တပ်မတော်တို့၏ ချစ်ကြည်ရေးဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားရုံများ၌ သီးခြားစီယှဉ်ပြိုင်ကစားကြသည်။

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (B)၌ ကျင်းပရာ မြန်မာ့တပ်မတော်ဘော်လီဘောအသင်းက လာအိုပြည်သူ့တပ်မတော်ဘော်လီဘောအသင်းကို ၂၅-၂၇၊၂၅-၁၇၊၂၅-၉၊၂၅-၁၆ မှတ်(သုံးပွဲ-တစ်ပွဲ)ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ မြန်မာ-လာအို တပ်မတော်ချစ်ကြည်ရေးပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့တပ်မတော်ပိုက်ကျော်ခြင်းအသင်းက လာအိုပြည်သူ့တပ်မတော်ပိုက်ကျော်ခြင်းအသင်းကို ၂၁-၁၈၊ ၂၁-၁၉ မှတ်(နှစ်ပွဲပြတ်)ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါချစ်ကြည်ရေးအားကစားပြိုင်ပွဲများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ လာအို ပြည်သူ့တပ်မတော်မှ Col.Bountao Thongmanila နှင့် အရာရှိများ၊ စစ်သံမှူး Col. Daokai LERTLIBANH၊

စာမျက်နှာ ၉ ကော်လံ ၁ သို့



မြန်မာ(ခ)အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပွဲဦးထွက်ပွဲ၌ မြန်မာ(ခ)အသင်း အနိုင်ရ

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲနှင့် ပထမနေ့ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ပထမနေ့ပွဲစဉ်များ ဆက်လက်ကျင်းပရာ မြန်မာ(ခ)၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ အနိုင်ရရှိခဲ့သည်။ မြန်မာ(ခ)အသင်းသည် အုပ်စု(က)တွင် ပါဝင်နေပြီး စင်ကာပူအသင်းနှင့် ပွဲဦးထွက်ပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို ၂၅-၁၅ မှတ်၊ ၂၅-၂၃ မှတ်၊ ၂၅-၁၄ မှတ်တို့ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် ထိုင်းအသင်းက နယူးဇီလန်အသင်းကို သုံးပွဲပြတ်၊ အင်ဒိုနီးရှားအသင်းက မော်လ်ဒိုက်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို ခုနစ်သင်းယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု(က)တွင် မြန်မာ(ခ)၊ ထိုင်း၊ နယူးဇီလန်၊ စင်ကာပူ၊ အုပ်စု(ခ)တွင် မြန်မာ(က)၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်တို့ပါဝင်နေသည်။

အုပ်စု ဒုတိယနေ့ပွဲစဉ်များကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် မြန်မာ(ခ)အသင်းနှင့် နယူးဇီလန်အသင်း၊ မွန်းလွဲ ၂ နာရီတွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်း၊ ညနေ ၄ နာရီတွင် မြန်မာ(က)အသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ကရင်ပြည်နယ် လေးကစ်ကော်မြို့သစ်တွင် တန်ဖိုးနည်းအိမ်ရာ ၂၁၃ လုံး တည်ဆောက်ပြီးစီးခဲ့ပြီး နေအိမ် အလုံး ၁၀၀ ထပ်မံ တည်ဆောက်လျက်ရှိ

စာမျက်နှာ - ၃

## ယူရိုငွေ ၃၈၅ ဒသမ ၆၄ သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲ ရောင်းချ

စာမျက်နှာ - ၅

### အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ရင်ပြင် လေးမျက်နှာနှင့် ကြော်ငြာ ၁၂ မျက်နှာ အချပ်ပိုပါရှိပါသည်။


လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျှက်ရှိသော Lable Sticker များအတွက်
သတင်းကောင်းလေး ပေးပါရစေ
LABEL PRINTING SERVICE.



Lable Sticker ဆိုဒ်အမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိပ်အနေဖြစ်ငှင်း အရွက်အနေဖြစ် ငှင်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။
ML Main Label
Label Printing Services
No.38A, Ka Naung Min Thar Gyi Road,
Hlaing Thar Yar Industrial Zone(1),
Hlaing Thar Yar Township,Yangon.
Tel: +95 1 682034